# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်**

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့ သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

**စိတ္တဝဂ်(ဓမ္မပဒ - ၃၅)**


၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်နေ့ ၂၀၁၇ ခုနှစ်၊ မတ် ၁၂ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၆)၊ အမှတ် (၁၆၃)


# အနုပညာမှုစ၍ တစ်ယောက်နှင့်တစ်ယောက် နားလည်မှုများရယူ

## (၉)ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံည ဆုချီးမြှင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြား




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၉) ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံည ( YANGON PHOTO NIGHT 2017 ) ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

**ရန်ကုန် မတ် ၁၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ပြည်လမ်းရှိ ပြင်သစ် ယဉ်ကျေးမှုဌာန၌ ပြင်သစ်သံရုံးနှင့် ပြင်သစ်ယဉ်ကျေးမှုဌာနတို့စီစဉ်မှုဖြင့်ကျင်းပသည့် (၉)ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံည (YANGON PHOTO NIGHT 2017 ) ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ပြင်သစ်ယဉ်ကျေးမှုဌာန ဒါရိုက်တာ Mr.Charles Bonhomme က အဖွင့်အမှာစကားပြောကြားရာတွင် (၉)ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံညပြိုင်ပွဲကို ယခင်က မပြုလုပ်နိုင်သည့် ရန်ကုန်မြို့မဟာဗန္ဓုလပန်းခြံတွင် ပြသနိုင်၍ ဂုဏ်ယူစရာဖြစ်ရကြောင်း၊ မြန်မာဓာတ်ပုံဆရာများရိုက်ကူးသည့် တိုင်းရင်းသားလူမျိုးများနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များကို ပြသနိုင်၍ ဂုဏ်ယူဝံ့ကြွားစရာလည်း ဖြစ်ရကြောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁*


**အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)၏ မဟာဗျူဟာမြောက် အပြောင်းအလဲတစ်ရပ် နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ** စာ-၆

**ကလေးသူငယ်ကျန်းမာရေးအတွက် ပထမဆုံးသုတေသနစင်တာကြီး တရုတ်တည်ဆောက်** စာ-၁၀


## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာအဖြစ် ပြည်သူ့လွှတ်တော်နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ပထမ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။


MPT
ရှေ့သို့လှမ်း၍ မြန်မာပြည်

ဆင်းကတ် မှတ်ပုံတင်ခြင်းများကို ဤနေရာများတွင် ဆောင်ရွက်ပေးနေပါပြီ။

MPT လက်လီအရောင်းဆိုင်များ
MPT အိတ်ချိန်းရုံးများ
MPT အမှတ်တံဆိပ်အရောင်းဆိုင်များ
သမဝါယမဘဏ် (သတ်မှတ်ဘဏ်ခွဲများ)
ကမ္ဘောဇဘဏ် (သတ်မှတ်ဘဏ်ခွဲများ)
ဧရာဝတီဘဏ် (သတ်မှတ်ဘဏ်ခွဲများ)
MPT နယ်လှည့်ရှိုးပွဲများ
ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ တက္ကသိုလ်များ
နိုင်ငံတစ်ဝှမ်းရှိ စတိုက်များ
Bestone ဖုန်းဆိုင်များ

အသေးစိတ်သိရှိလိုပါက www.mpt.com.mm/mm/sim-registration-mm/ တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

## ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် ဖြစ်နိုင်ခြေအရှိဆုံးလမ်းကြောင်း

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ လုပ်ငန်းကော်မတီအစည်းအဝေးများကို မတ်လ ၈ ရက်မှ ၁၀ ရက်နေ့အထိ ကျင်းပခဲ့သည်ကို တွေ့ရသည်။ လုပ်ငန်းကော်မတီငါးခုဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်လုံခြုံရေးစသော လုပ်ငန်းကော်မတီများ သီးခြားစီ ဆွေးနွေးခဲ့ကြခြင်းဖြစ်ပါသည်။

ဆွေးနွေးကြသောအကြောင်းအရာမှာ လူမျိုးအလိုက်(ကရင်၊ ချင်းနှင့် ပအိုဝ်း)နှင့် ဒေသအလိုက် (တနင်္သာရီ၊ ပဲခူး) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ ရရှိလာသော ဆွေးနွေးချက်များနှင့် နိုင်ငံရေးပါတီ ၂၂ ပါတီ၊ တပ်မတော်တို့မှ သီးခြားတင်ပြမှုများကို စုစည်းခြင်းဖြစ်သည်။ ထိုစုစည်းရရှိချက်များကို လုပ်ငန်းကော်မတီအစည်းအဝေးတွင် တူရာစုစည်းရွေးချယ်ပြီး အတွင်းရေးမှူးအဖွဲ့မှတစ်ဆင့် UPDJC သို့ တင်ပြမည်ဖြစ်သည်။ UPDJC မှတစ်ဆင့် ညှိနှိုင်းဆုံးဖြတ်ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံသို့ တင်သွင်းသွားရန်ဖြစ်ပါသည်။

ဤဆွေးနွေးပွဲများတွင် နိုင်ငံရေးခေါင်းစဉ်အောက်၌ ဖက်ဒရယ်စနစ်တွင်အခြေခံရမည့်မူများကို ဆွေးနွေးခဲ့ကြပြီး လူမှုရေးခေါင်းစဉ်အောက်၌ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများ၊ စီးပွားရေးခေါင်းစဉ်အောက်၌ ဖက်ဒရယ်စနစ်ဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးမူဝါဒများ၊ မြေယာခေါင်းစဉ်အောက်၌ ဖက်ဒရယ်စနစ်ကိုအခြေခံသော မြေယာမူဝါဒနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများကို ဆွေးနွေးခဲ့ကြသည်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုလည်း လုံခြုံရေးဆိုင်ရာ လုပ်ငန်းကော်မတီတွင် သီးခြားဆွေးနွေးခဲ့ကြသည်။ လုပ်ငန်းကော်မတီဝင် ၁၅ ဦးကို ဖွဲ့စည်းရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် နိုင်ငံရေးပါတီများမှ ငါးဦးစီပါဝင်ပြီး ငြိမ်းချမ်းရေးကော်မရှင်၊ တပ်မတော်၊ လွှတ်တော်နှင့် အစိုးရသက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။

ဤလုပ်ငန်းစဉ်များမှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာစာချုပ် (NCA)ပါ သဘောတူညီချက်များအရ ဆောင်ရွက်ကြရခြင်းဖြစ်သည်။ NCA စာချုပ်၏ အတွင်းသဘောမှာ အပစ်အခတ်ရပ်စဲရေးသာမက အပစ်ရပ်ပြီးသည့်နောက် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရန်အထိ နိုင်ငံရေးအာမခံချက်များ ထည့်သွင်းထားခြင်းဖြစ်ပါသည်။ NCA စာချုပ်သည် အပစ်အခတ်ရပ်စဲရေးအတွက် လုံလောက်သော အခြေခံဖွင့်ဆိုချက်များပါရှိပြီး နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ခိုင်မာသောလမ်းပြမြေပုံလည်း ပါဝင်နေသည်ဟု ဆိုနိုင်ပါသည်။

ယခု ထိုလမ်းပြမြေပုံအရ ယခုအစိုးရလက်ထက် ဒုတိယအကြိမ်မြောက်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံတွင် တင်သွင်းမည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲရလဒ်များကို စုစည်းရွေးချယ်သောအဆင့်သို့ ရောက်ရှိနေခြင်းဖြစ်ပါသည်။ ထိုမှတစ်ဆင့် လာမည့် တစ်လလောက်အတွင်း ကျင်းပနိုင်ဖွယ်ရှိသည့် (၂၁)ရာစုပင်လုံတွင် အများသဘောညီသည့် အနိမ့်ဆုံးသဘောတူညီမှုရလဒ်များ ထွက်ပေါ်လာနိုင်မည်ဖြစ်ပါသည်။ ခြောက်လတစ်ကြိမ်ကျင်းပမည့် (၂၁) ရာစုပင်လုံများကို ယခုအစိုးရသက်တမ်းအတွင်း အကြိမ်အချို့ ထပ်မံကျင်းပသွားပြီး ပြည်ထောင်စုသားအားလုံးလိုလားသော သဘောတူညီချက်များ ချမှတ်ရေးသည် အရေးကြီးလှပါသည်။ ဤညီလာခံများတွင် NCA လက်မှတ်မရေးထိုးရသေးသော လက်နက်ကိုင်အဖွဲ့များပါ ပါဝင်နိုင်ရန် လမ်းဖွင့်ထားလျက်ရှိသည်ကိုလည်း တွေ့ရပါသည်။

ယခုတစ်လောတွင် NCA စာချုပ်နှင့် ပတ်သက်သော ဝေဖန်မှုများရှိလာရာ NCA စာချုပ်သည် ယခင်အစိုးရလက်ထက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ဖိတ်ခေါ်သည့်နေ့မှစ၍ စာချုပ်ရရှိသည်အထိ ရက်ပေါင်း ၁၄၅၀ ကြာမြင့်ခဲ့ပြီး ထိုကာလအတွင်း အစိုးရနှင့် လက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့ကြား တရားဝင်နှင့် အလွတ်သဘောအစည်းအဝေး အကြီး၊ အငယ်စုစုပေါင်း အကြိမ် ၅၀၀၀ ကျော် ကျင်းပခဲ့ခြင်း၏ ရလဒ်အဖြစ် လည်းကောင်း၊ NCA အတွက် ပထမမူကြမ်း၊ ဒုတိယမူကြမ်း၊ တတိယနှင့် စတုတ္ထ မူကြမ်းများနှင့် ကုလသမဂ္ဂ၊ တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာပုဂ္ဂိုလ်များ၊ သမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်လက်မှတ်ရေးထိုး အတည်ပြုထားသော စာချုပ်ဖြစ်သည်ကိုလည်းကောင်း အသိအမှတ်ပြု သတိရရန်လိုပါသည်။

ငြိမ်းချမ်းရေးတည်ဆောက်သောဖြစ်စဉ်များမှာ တစ်ဆင့်ချင်း၊ တစ်လှမ်းချင်း ရေရှည်တည်ဆောက်ကြရခြင်းဖြစ်ရာ ၁၀၀ ရာနှုန်းပြည့်ဝသည်မဟုတ်သော အခြေအနေများဖြစ်သည့်တိုင် အဖြစ်နိုင်ဆုံးနှင့် အလားအလာအရှိဆုံးလမ်းကြောင်းများမှ လျှောက်လှမ်းရင်း ပြုပြင်ထိန်းကျောင်းရန်လိုအပ်သည်များကို ပြုပြင်ရင်းသွားကြရမည်သာဖြစ်ကြောင်း တင်ပြရပါသည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ❖ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ လူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူ လုပ်ဆောင်ရေး။
- ❖ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ် ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည် ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## မြောက်ဦးဒေသသို့ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်

**မြောက်ဦး မတ် ၁၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ရှေးဟောင်းယဉ်ကျေးမှု မြောက်ဦးဒေသအတွင်းသို့ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များသည် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော် လည်းကောင်း ဝင်ရောက်လေ့လာလျက်ရှိရာ ၂၀၁၇ ခုနှစ် မတ် ၁၁ ရက်အထိ နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသည်များ ပိုမိုဝင်ရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

မြောက်ဦးမြို့အတွင်းသို့ နိုင်ငံခြားသားညေ့်သည်များသည် အနေးယာဉ်များ၊ မြင်းလှည်းများစီး၍ လေ့လာလျက်ရှိရာ မတ် ၉ ရက်က တောင်ရပ်မြို့မ ဈေးကြီးအတွင်းသို့ ခြေကျင်လျှောက်၍ဈေးအတွင်း ရောင်းချနေမှုများကို လေ့လာနေကြသည်ကို တွေ့ရှိရသည်။

(ခရိုင် ပြန်/ဆက်)

## သီတဂူဆရာတော်ကြီး သက်တော် ၈၀ ပြည့် မွေးနေ့အလှူတော်အထိမ်းအမှတ်အဖြစ် သီတဂူမော်ကွန်းတိုက်ဆောက်လုပ်ရန် အုတ်မြစ်တော်စီအခမ်းအနားကျင်းပ

**စစ်ကိုင်း မတ် ၁၁**

သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ သက်တော် ၈၀ ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် တပည့်သံဃာတော်များနှင့် ပြည်တွင်း ပြည်ပမှ တပည့်ဒါယကာ ဒါယိကာမများ အလှူရှင်များက စစ်ကိုင်းမြို့ ထူပါရုံစေတီ ရင်ပြင်တော်တွင် စစ်ကိုင်းမြို့ မြို့မ ပင့်သံဃာတော် အပါးတစ်ထောင်တို့အား ဆွမ်းကြီးလောင်းလှူ ကုသိုလ်ပြုခဲ့ကြသည်။

ထို့နောက် နံနက် ၈ နာရီ မိနစ် ၂၀ တွင် သီတဂူ မော်ကွန်းတိုက် ဆောက်လုပ်ရန် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာ အကယ်ဒမီကျောင်း အရှေ့မြောက်ထောင့်နေရာ၌ ကျင်းပရာ သီတဂူဆရာတော်ကြီး အမှူးပြုသော ဆရာတော်များက သတ်မှတ်နေရာများ၌ မင်္ဂလာအချိန်တွင် အုတ်မြစ်စီ မင်္ဂလာအခမ်းအနားဆောင်ရွက်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တပည့်သံဃာတော်များ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများ၊ ပြည်တွင်း ပြည်ပ တပည့် ဒါယကာ ဒါယိကာမများ၊ ညေ့်ပရိသတ်များက သီတဂူအပြည်ပြည်ဆိုင်ရာဝိပဿနာ အကယ်ဒမီ၌ သီတဂူဆရာတော်ကြီးအား ပူဇော်ကန်တော့၍ သြဝါဒတရား နာယူကြည်ညိုခဲ့ကြကြောင်း သိရသည်။

မတ် ၁၂ ရက် နံနက် ၅ နာရီတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ စစ်ကိုင်းတောင်ရိုးရှိ ပင့်သံဃာတော် အပါးတစ်ထောင်တို့အား ဆက်လက်၍ ဆွမ်းကြီးလောင်းလှူသွားမည်ဖြစ်ပြီး ညဦးယံတွင် သီတဂူအဓိပတိဆရာတော်ကိုယ်တိုင် သီတဂူသံဝေဇနိယ ဓမ္မဗိမာန်တော်ကြီးကို အခမ်းအနားဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၁-၃-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၄၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၁၅/၇၂၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၂၅/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၆၀/၇၁၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၃၅/၇၄၅ ကျပ် | (လက်ကားဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၁ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၈ ・ ၀၁ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၃၉၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ ・ ၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၀၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၉) ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံည ( YANGON PHOTO NIGHT 2017 ) ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

ရှေ့ဖုံးမှ

အထူးသဖြင့် နိုင်ငံတကာရှိ ပြည်သူ (၁ ဒသမ ၅သန်း) က မြန်မာဓာတ်ပုံဆရာများ၏ ရိုက်ကူးမှုလက်ရာများကို ကြည့်ရှုခဲ့ကြခြင်းဖြစ်ကြောင်း ပြောကြားသည်။

**စိတ်ဝင်စားစရာကောင်းသော ပွဲတော်တစ်ခုဖြစ်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုပွဲတော်ကို လာရောက်ခဲ့သည်မှာ ခြောက်နှစ်ဆက်တိုက် ရှိခဲ့ပြီဖြစ်ကြောင်း၊ ထိုနှစ်များအတွင်း မည်သို့မျှမထပ်သော၊ အင်မတန်စိတ်ဝင်စားစရာကောင်းသော ပွဲတော်တစ်ခုဖြစ်ခဲ့ကြောင်း၊ မြန်မာလူငယ်ဓာတ်ပုံဆရာများ၏ တိုးတက်မှုကို တွေ့မြင်ခဲ့ရကြောင်း၊ လူငယ်ဓာတ်ပုံဆရာတော်တော်များများမှာ ယခင်က ဓာတ်ပုံဆရာများမဟုတ်ကြသော်လည်း ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရင်းနှင့် ဓာတ်ပုံဆရာ၊ ဓာတ်ပုံဆရာမအဆင့် ရောက်သွားခဲ့သည်ကို မြင်ခဲ့ရကြောင်း၊ အရေးကြီးသည့်အချက်မှာ ၎င်းတို့၏ ဆန်းသစ်သည့်ဉာဏ်နှင့် အမြင်များကို ယခုပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ မိမိတို့လူငယ်များထဲတွင် အလားအလာကောင်းသည် ဆိုသည်ကို အားပါးတရနှင့် တွေ့မြင်သိနိုင်ခဲ့ကြောင်း၊ ယခုပွဲဖြစ်မြောက်အောင် စီစဉ်ပေးသည့် ပြင်သစ်သံရုံး ယဉ်ကျေးမှုဌာနကို အထူးကျေးဇူးတင်ကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ အနုပညာစိတ်ဓာတ်ကို ယုံကြည်လေးစားအားပေးခြင်းဖြစ်ကြောင်း၊ အနုပညာကို အားပေးသည် ဆိုသည်မှာ ကမ္ဘာသူ ကမ္ဘာသားအားလုံးတို့စိတ်ဝင်စားသည့် ဘာသာရပ်တစ်ခုကို အားပေးခြင်းပင်ဖြစ်ကြောင်း၊ အနုပညာမှစ၍ တစ်ယောက်နှင့် တစ်ယောက် နားလည်မှုများရယူပါကြောင်း၊ တူညီသည့်အခြေခံသဘောထားများ ရှိသည်ဆိုခြင်းကို ရရှိနိုင်ကြောင်း၊ ယခုပွဲတော်ကို အားပေးသည်ဆိုသည်မှာ အနုပညာစိတ်ဓာတ်သာမက လူမှုရေးစိတ်ဓာတ်ဖြင့် အားပေးခြင်းဖြစ်ကြောင်း၊ အဓိကထားပြီး လုပ်ဆောင်နေကြသည်မှာ ငြိမ်းချမ်းရေးကိစ္စဆိုသည်ကို အများနားလည်မှုရှိကြမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရန် ဆိုသည်မှာ အခြေခံအားဖြင့် တစ်ယောက်နှင့် တစ်ယောက်နားလည်မှုရရှိမည်ဖြစ်ကြောင်း၊ တစ်ယောက်နှင့် တစ်ယောက် နားလည်မှုမရှိပါက ငြိမ်းချမ်းရေးပဋိပက္ခများကို မည်သို့မှ ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် လူသားများအကြား၊ မတူညီသည့်ယဉ်ကျေးမှုများအကြား၊ မတူညီသည့်အမြင်များအကြား ငြိမ်းချမ်းမှုနှင့် နားလည်မှုရအောင် လုပ်ပေးသည့် မည်သည့်အခမ်းအနားမျိုးမဆို မိမိတို့အနေဖြင့် ကြိုဆိုပါကြောင်း ပြောကြားသည်။

**ဆုချီးမြှင့်**

ယင်းနောက် (၉) ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံညပြိုင်ပွဲဝင် ဓာတ်ပုံဇာတ်လမ်းများကို တင်ဆက်ပြသပြီး အကဲဖြတ်အဖွဲ့က ဆုများကို ရွေးချယ်ကြေညာသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က The Forgotten War အမည်ဖြင့် ပညာရှင်ပြိုင်ပွဲတွင် ပထမဆုရ ခွန်လတ်အား ဆုချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်ယဉ်ကျေးမှုဌာန ဒါရိုက်တာ Mr.Charles Bonhomme နှင့် တာဝန်ရှိသူများက ပညာရှင်ပြိုင်ပွဲတွင် ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသူများနှင့် တက်သစ်စလူငယ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် The Forgotten War အမည်ဖြင့် ပညာရှင်ပြိုင်ပွဲတွင် ပထမဆုရ ခွန်လတ်အား ဆုချီးမြှင့်စဉ် (သတင်းစဉ်)

**မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူး**

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဆုရရှိသူ မြန်မာဓာတ်ပုံဆရာများနှင့် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ယခုကျင်းပသည့် (၉) ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံညပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဓာတ်ပုံဆရာများ၏ ပြိုင်ပွဲဝင် ဓာတ်ပုံဇာတ်လမ်း ၈၀ အနက် ၁၅ ခုကို ဆန်ခါတင် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် တက်သစ်စနှင့်ပညာရှင်ဟူ၍ နှစ်ပိုင်းခွဲခြားထားပြီး တက်သစ်စပြိုင်ပွဲဝင် ဓာတ်ပုံ ၆၅ ခုထဲမှ ၁၀ ခုကို လည်းကောင်း၊ ပညာရှင်ပြိုင်ပွဲဝင်ဓာတ်ပုံ ၁၅ ခုထဲမှ ငါးခုကို ဆန်ခါတင်ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ယင်းတို့အနက်မှ ဆုများကို အကဲဖြတ်အဖွဲ့က ယနေ့ညကျင်းပသည့် အခမ်းအနားတွင် ပြန်လည်စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဆုရွေးချယ်မှုကို နိုင်ငံတကာ အတွေ့အကြုံရင့် ဓာတ်ပုံပညာရှင်များပါဝင်သည့် အကဲဖြတ်အဖွဲ့က စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(၅၅)နှစ်မြောက်ပြည့်မြောက်ခဲ့**

မြန်မာ-ပြင်သစ် ယဉ်ကျေးမှုဖလှယ်မှုမှာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ က (၅၅) နှစ်မြောက် ပြည့်မြောက်ခဲ့ပြီဖြစ်ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂ ရက်က ပြင်သစ်ယဉ်ကျေးမှုဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ ပြင်သစ်-မြန်မာယဉ်ကျေးမှုဖလှယ်ခြင်း (၅၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့တွင် မင်္ဂလာပါယဉ်ကျေးမှုပွဲတော်ကို ဒီဇင်ဘာလ ၄ ရက်အထိ ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ကြောင်း သိရသည်။

**တက်ရောက်**

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး Mr.Olivier Richard၊ ပြင်သစ်ယဉ်ကျေးမှုဌာန ဒါရိုက်တာ Mr.Charles Bonhomme နှင့် တာဝန်ရှိသူများ ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ဆုရ ဓာတ်ပုံ ဇာတ်လမ်းပြိုင်ပွဲဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ဆရာဝန်တင်ရွှေ စာပေဆု (၂၀၁၆) စာပေဆုရစာအုပ်များကြေညာ

**ရန်ကုန် မတ် ၁၁**

စာရေးဆရာကြီး ဆရာဝန်တင်ရွှေ အထိမ်းအမှတ်စာပေဆုများကို ၂၀၀၁ ခုနှစ်ထုတ် စာအုပ်များမှစ၍ ရွေးချယ်ချီးမြှင့်ခဲ့ရာ ယခု(၁၅) ကြိမ်မြောက် "ဆရာဝန် တင်ရွှေ စာပေဆု(၂၀၁၆) " အတွက် စာအုပ်လေးအုပ်နှင့် "စာပေဂုဏ်ဆောင်ဆု" ကို ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ ဆရာဝန်တင်ရွှေသည် "တင်ရွှေစာပေတိုက်" ကိုထူထောင်ခဲ့ပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဗဟိုအမှုဆောင်ကော်မတီဝင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။

"ဆရာဝန်တင်ရွှေ စာပေဆု (၂၀၁၆) "စာပေဆုချီးမြှင့်ခံရသည့် စာအုပ်များမှာ ၂၀၁၅ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များအနက်မှ ဝင်းငြိမ်းဘာသာပြန်ဆိုပြီး ငါတို့စာပေကထုတ်ဝေသည့် "နန်းကျဘုရင် (The King In Exile) "စာအုပ်၊ မခင်နု(ဒဿန) ရေးသားပြီး နေရီရီစာအုပ်တိုက်ကထုတ်ဝေသည့် ပုဂံဘုရား၊ ပုဂံစကား၊ ပုဂံသားစာအုပ်၊ ဒေါက်တာ ခင်စန်းမော် ရေးသားပြီး လင်းလွန်းခင် စာပေတိုက်ကထုတ်ဝေသည့် "အိမ်မွေးအချစ်တော်များ" စာအုပ်၊ ကျော်ကျော်လှိုင် ရေးသားပြီး Sun Thit Aung (KMA) ဘာသာပြန်ဆိုကာ SMART Knowledge Therapy က ထုတ်ဝေသည့် " A Study of the Leadership skills of Ancient Myanmar Monarchs" စာအုပ်တို့ ဖြစ်ကြသည်။

ယခုနှစ်အတွက် ဆရာဝန်တင်ရွှေ "တစ်သက်တာ စာပေဂုဏ်ဆောင်ဆု"ကို စာရေးဆရာကြီး "ဦးဝင်းမောင်(မင်းယုဝေ)" အား ဆရာဝန်တင်ရွှေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်ဂုဏ်ပြုချီးမြှင့်မည် ဖြစ်သည်။

စာပေဆုပေးပွဲအခမ်းအနားကို ဧပြီ ၂ ရက်တွင် ရန်ကုန်မြို့ Novotel ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး တင်ရွှေစာပေသို့ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များမှာ ၀၁-၅၃၆၄၄၄၊ ၀၉-၅၁၁၇၆၈၃ တို့ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## မတ် ၁၈ ရက် နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် ရက်ပြောင်းရွှေ့ ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၁**

၂၀၁၇ ခုနှစ် မတ် ၁၈ ရက်တွင် ရန်ကုန်မြို့ပြည်သူ့ရင်ပြင်၌ကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနား အစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ပါ၍ ယင်းနေ့တွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်မည့် နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ဟောပြောချက်ကို မတ် ၁၉ ရက်တွင် ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ-ဂျပန်စားသောက်ကုန်တန်ဖိုး ကွင်းဆက်လမ်းပြမြေပုံဆိုင်ရာ ဆွေးနွေးပွဲရလဒ်များ အတည်ပြုလက်မှတ်ရေးထိုး

**နေပြည်တော် မတ် ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် အဖွဲ့သည် ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဆိုင်ရာဝန်ကြီးဌာနဝန်ကြီး Mr. Yuji Yamamoto ၏ဖိတ်ကြားချက်အရ မတ် ၅ ရက်မှ ၉ ရက်အထိ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၆ ရက်က ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေး Mr. Hiroto Izumi နှင့်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် စားသောက်ကုန်တန်ဖိုး ကွင်းဆက် လမ်းပြမြေပုံရေးဆွဲပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်မှုဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်ရေးနှင့် Two Steps Loans လက်မှတ်ရေးထိုးနိုင်ခဲ့မှုကိစ္စရပ်များကို လည်းကောင်း၊ MAFF Japan မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Masahiko Tanoi နှင့်တွေ့ဆုံ၍ ဂျပန်နိုင်ငံ စိုက်ပျိုးရေး သမဝါယမအဖွဲ့အစည်းများ၊ လယ်ယာထွက်ကုန်များ၏ စံသတ်မှတ်ချက်များ၊ အော်ဂဲနစ်စားသောက်ကုန်များအတွက် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းကိစ္စရပ်များကိုလည်းကောင်း၊ OISCA ၏ဥက္ကဋ္ဌဖြစ်သူ Dr. Yoshiko Nakano နှင့်တွေ့ဆုံ၍ OISCA နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ မြန်မာနိုင်ငံ ပခန်းကြီးဒေသတွင် စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ သင်တန်းကျောင်း ဖွင့်လှစ်သင်ကြားပေးနေမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မတ် ၇ ရက်တွင် စားသောက်ကုန်တန်ဖိုး ကွင်းဆက်ဆိုင်ရာ Ohta ဗဟိုလက်ကား ဈေးကွက်နှင့် Saitama Prefecture, Toda မြို့ရှိ Zen-Noh လတ်ဆတ်သောလယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှု ကော်ပိုရေးရှင်းတို့သို့ သွားရောက်လေ့လာခဲ့ကြသည်။

ယနေ့ညနေပိုင်းတွင် စားသောက်ကုန်တန်ဖိုးကွင်းဆက် လမ်းပြမြေပုံဆိုင်ရာ ဆွေးနွေးပွဲရလဒ်များအား အတည်ပြုလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဂျပန်နိုင်ငံစိုက်ပျိုးရေးသစ်တောနှင့် ရေလုပ်ငန်းဆိုင်ရာဝန်ကြီးဌာန၌ကျင်းပရာ ဝန်ကြီး Mr. Yuji Yamamoto နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူတို့ တက်ရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။ **(ယာပုံ)**



ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မတ် ၈ ရက်တွင် Kodaira မြို့ရှိ စားသောက်ကုန်နှင့် စိုက်ပျိုးရေးသွင်းအားစုများစစ်ဆေးခြင်းဗဟိုဌာန (Food and Agricultural Material Inspection Center-FAMIC)၊ Kanagawa Prefecture ရှိ ဂျပန်နိုင်ငံ စိုက်ပျိုးရေးသမဝါယမရုံး၊ မြေနမူနာများ စမ်းသပ်စစ်ဆေးသည့်ဌာနနှင့်၊ စိုက်ပျိုးရေးသမဝါယမနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးထုတ်လုပ်သော လယ်ယာမြေများသို့ လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းပြည်ကြီးကို ငြိမ်းချမ်းအောင်လုပ်ရမယ့် လုပ်ငန်းစဉ်ထဲမှာ လူထုအသံကလည်း အရေးကြီးပါတယ်

**ဒေါက်တာလျန်မှုန်းဆာခေါင်း**

**တွေ့ဆုံမေးမြန်း - မီမီဖြိုး၊ အေးအေးသန့်(သတင်းစဉ်)၊ ဓာတ်ပုံ - ကျော်ဇင်ထိုက်(သတင်းစဉ်)**



**ဦးလှမောင်ရွှေ (ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ဝင်)**



**ဒေါက်တာလျန်မှုန်းဆာခေါင်း (ပူးတွဲကော်မတီအတွင်းရေးမှူးအဖွဲ့ဝင်)**



**စိုင်းကျော်ညွန့် (ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ဝင်)**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ UPDJC ၏ လုပ်ငန်းကော်မတီ အစည်းအဝေးများကို မတ် ၈ ရက်မှ ၁၀ ရက်အထိ နေပြည်တော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပခဲ့သည်။

အဆိုပါလုပ်ငန်းကော်မတီ အစည်းအဝေးများနှင့်စပ်လျဉ်း၍ ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့၏ အစည်းအဝေးကိုလည်း ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပခဲ့ရာ အစည်းအဝေးတွင် ပါဝင်ဆွေးနွေးကြသူများ၏ စကားသံများကို ယခုလို ကြားသိရသည် -

**ဦးလှမောင်ရွှေ (ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ဝင်)**

"ဒီနေ့ကျင်းပတဲ့ အတွင်းရေးမှူးများ အစည်းအဝေးမှာ လုပ်ငန်းကော်မတီတွေက ထွက်ပေါ်လာတဲ့ အချက်အလက်တွေကို ဘယ်လိုစုစည်းရမယ်၊ ဘယ်လိုပုံစံမျိုးနဲ့ UPDJC ကို တင်ပြရမယ်ဆိုတဲ့ အချက်တွေကို အဓိကထား ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် ရှေ့ဆက်ပြီး ငြိမ်းချမ်းရေးညီလာခံအတွက် ပြင်ဆင်နေတဲ့ လုပ်ငန်းတွေကိုလည်း ဆွေးနွေးခဲ့ပါတယ်" ဟု ပူးတွဲကော်မတီအတွင်းရေးမှူးအဖွဲ့မှ ဦးလှမောင်ရွှေက ပြောသည်။

ညီလာခံမကျင်းပမီ လုပ်ငန်းကော်မတီနှင့် အတွင်းရေးမှူးအဖွဲ့အစည်းအဝေးများ ဆက်လက်ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ လေးရက်ကြာ ကျင်းပခဲ့သည့်အစည်းအဝေးများတွင် ပါဝင်ဆွေးနွေးကြသော ကိုယ်စားလှယ်များအနေဖြင့် လူသစ်များဖြစ်သော်လည်း တက်တက်ကြွကြွနှင့် အားကြိုးမာန်တက် ပါဝင်ဆွေးနွေးခဲ့ကြပါကြောင်း၊ ထို့ပြင် အတွင်းရေးမှူး အဖွဲ့အနေဖြင့်လည်း နေ့စဉ်တွေ့ဆုံ ဆွေးနွေးကြသည့်အတွက် အစည်းအဝေးရလဒ်များသည် ပိုမိုချောမွေ့အဆင်ပြေလာသည်ကို တွေ့ရပါကြောင်း ၎င်းက ပြောကြားသည်။

**ဒေါက်တာလျန်မှုန်းဆာခေါင်း (ပူးတွဲကော်မတီအတွင်းရေးမှူးအဖွဲ့ဝင်)**

"လုပ်ငန်းကော်မတီ အစည်းအဝေးတွေကို ပထမဆုံးကျင်းပနိုင်ခဲ့ပြီး ကျွန်တော်တို့အနေနဲ့ အတွေ့အကြုံအများကြီးရပါတယ်။ အရင်က လုပ်ငန်းကော်မတီတွေမှာ ဘာတွေလုပ်မယ်၊ ဘယ်လိုလုပ်မယ်ဆိုပြီး ကျွန်တော်တို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ဆွေးနွေးတင်ပြခဲ့ပါတယ်။ တကယ့်လက်တွေ့ လုပ်ဆောင်တဲ့အခါမှာ ကျွန်တော်တို့ ရေးဆွဲထားတာတွေနဲ့ ကိုက်ညီတာရှိသလို၊ မကိုက်ညီတာတွေကိုလည်းတွေ့ရပါတယ်။ ဒါတွေကို ကျွန်တော်တို့ ပြန်လည်သုံးသပ်နိုင်ခဲ့ပါတယ်" ဟု အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာလျန်မှုန်းဆာခေါင်းက ပြောသည်။

ယခု အစည်းအဝေးများ၏ အတွေ့အကြုံအရ နောင်ဆက်လက်ကျင်းပမည့် လုပ်ငန်းကော်မတီအစည်းအဝေးများ၌ ယခုထက်ပိုမိုပြီး အချက်အလက်စုံလင်ပြည့်စုံစွာ တင်ပြနိုင်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထို့ပြင် လုပ်ငန်းကော်မတီအလိုက် အရေးကြီးသည့်အချက်များတွင် နည်းပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကိုလည်း လိုအပ်သလို ခေါ်ယူဆွေးနွေးသွားမည် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နေရာတိုင်း ကဏ္ဍအလိုက် ပညာရှင်များနှင့် ကျွမ်းကျင်သူများကို ခေါ်ယူဆွေးနွေးသင့်ကြောင်း ဒေါက်တာလျန်မှုန်းဆာခေါင်းက ပြောကြားသည်။

"ကျွန်တော်တစ်ဦးတည်း အမြင်နဲ့ သုံးသပ်ရရင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကနေ တက်လာတဲ့ စာတမ်းတွေက အင်မတန်မှ ကောင်းပါတယ်။ လူထုအသံလည်း ပါပါတယ်။ တိုင်းပြည်ကြီးကို ငြိမ်းချမ်းအောင် လုပ်ရမယ့်လုပ်ငန်းစဉ်ထဲမှာ လူထုအသံကလည်း အရေးကြီးပါတယ်။ အဲ့ဒါကြောင့် လူထုပါဝင်ပတ်သက်နိုင်တဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ကျင်းပရခြင်း ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

**စိုင်းကျော်ညွန့် (ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ဝင်)**

"လုပ်ငန်းကော်မတီ အစည်းအဝေးတွေလုပ်လိုက်တာက အကျိုးအမြတ်အများကြီးရှိပါတယ်။ နောင်အစည်းအဝေးတွေကျရင် ကျွန်တော်တို့ ဘယ်လိုဆွေးနွေးမယ်၊ ဘယ်လိုခေါင်းစဉ်တွေကနေ ဆွေးနွေးမယ်၊ ခေါင်းစဉ်ငယ်တွေကို ဘယ်လိုခွဲမယ်ဆိုတာကအစ အခုတက်လာတဲ့ စာတမ်းတွေအပေါ်မှာမူတည်ပြီး ပုံကြမ်းလောင်းနိုင်ခဲ့ပါတယ်။ အခုပုံကြမ်းတွေအပေါ်မူတည်ပြီး ဆွေးနွေးမှုတွေကို ဒီထက်ပိုပြီး အလွယ်တကူလုပ်နိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု စိုင်းကျော်ညွန့်က ဆိုသည်။

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



**မန္တလေး မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်အေးနှင့် ဦးချမ်းမြေ့တို့သည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်ဦးစီးမှူး ဦးကံချွန်နှင့်အတူ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်လျက်ရှိသော မြင်းခြံ-နဘူးအိုင်-မြေစကောင်းမြေသားလမ်း (၂/၆) မိုင်ဆောင်ရွက်နေမှုအား မတ် ၈ ရက်က ကွင်းဆင်းကြည့်ရှုရာ MIAMI ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာနှင့် လမ်းကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြင်းခြံ-မကျီးသမျှားလမ်း (၂) မိုင် မြေသားလမ်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဦးစီးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် မူလတင်ဒါလုပ်ငန်းဖြစ်သော သံမဏိ-ဆားခါး-မြင်းခြံကတ္တရာလမ်း (၁/၂) မိုင်ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးကြသည်။ မြင်းခြံမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကတ္တရာလမ်း(၁/၂) မိုင်၊ ကျောက်ချောလမ်း (၄/၃) မိုင်၊ ရေကျော်တံတားခြောက်စင်း၊ Box Culvert ခုနစ်စင်း တန်ဖိုးငွေကျပ်သန်း ၄၃၂ ဒသမ ၃၅၉၅၊ တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် မြေသားလမ်းနှစ်လမ်း(၄/၆) မိုင်၊ ရေကျော်လေးစင်း တန်ဖိုးငွေကျပ် ၁၄၃ ဒသမ ၆၈၄ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာစာပေအမွေအနှစ် ပေ၊ ပုရပိုက်များ စုဆောင်းထိန်းသိမ်းခြင်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန၏ ပေ၊ ပုရပိုက် စုဆောင်းထိန်းသိမ်းရေးအဖွဲ့ကို ဖေဖော်ဝါရီ ၂၃ ရက်က စတင်ဖွဲ့စည်းခဲ့ပြီးနောက် အဖွဲ့၏ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် မြန်မာ့စာပေ အမွေအနှစ်ပစ္စည်းများအား စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံအနှံ့ရှိ ရှေးဟောင်းစာပေ၊ ပေ၊ ပုရပိုက်များကိုရရှိနိုင်ရန် အဖွဲ့အနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့စာပေအမွေအနှစ်များအား ပေ၊ ပုရပိုက် စုဆောင်းထိန်းသိမ်းရေးအဖွဲ့သို့ ဆက်သွယ်လှူဒါန်းလိုသူများအနေဖြင့် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၃၈၄ သို့လည်းကောင်း၊ ဒေါက်တာကေသီထွေး(တွဲဖက်အတွင်းရေးမှူး) ပေ၊ ပုရပိုက် စုဆောင်းထိန်းသိမ်းရေးအဖွဲ့ ဖုန်း-၀၉-၅၁၉၅၄၆၉ သို့လည်းကောင်း၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ဖုန်း-၀၆၇-၄၁၈၄၂၆ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ အဆိုပါအဖွဲ့ထံသို့ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဇရာ(၄)လမ်း အိမ်အမှတ် (၇၆၇) နေ ဦးအောင်မြင့်ဦးမိသားစုက မြန်မာသက္ကရာဇ် ၁၂၅၈ ခု၊ ၁၂၆၆ ခု၊ ၁၂၉၆ ခုနှင့် ၁၃၀၅ ခုနှစ်တို့မှ ဇာတာလေးခုကို မတ် ၂ ရက်က ဆက်သွယ်လှူဒါန်းခဲ့ရာ အဖွဲ့၏ တွဲဖက်အတွင်းရေးမှူး အမျိုးသားစာကြည့်တိုက်(နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဒေါက်တာကေသီထွေးက သွားရောက်လက်ခံရယူခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စတင်ပြေးဆွဲချိန်မှ ရက် ၅၀ ကျော်အတွင်း YBS ယာဉ်များ မတော်တဆမှု ၃၇ မှုဖြစ်ပွား ငါးဦးသေဆုံးပြီး ၇၇ ဦး ဒဏ်ရာရရှိ

**သတင်း-မင်းသစ်(သတင်းစဉ်)**

**ဓာတ်ပုံ-နေလင်း**

**ရန်ကုန် မတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီးတွင် အများပိုင်ယာဉ်လိုင်းစနစ်(YBS) စတင်ပြေးဆွဲသည့် ဇန်နဝါရီ ၁၆ ရက်မှ မတ် ၇ ရက်အထိ ရက်ပေါင်း ၅၀ ကျော်အတွင်း YBS ဘတ်စ်ကားများ ပါဝင်သော ယာဉ်မတော်တဆမှုပေါင်း ၃၇ မှု ဖြစ်ပွားခဲ့ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး(ရန်ကုန်) ယာဉ်မှုစစ်ဌာနမှ သိရသည်။

အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး (ရန်ကုန်) ယာဉ်မှုစစ်ဌာနမှ တာဝန်ရှိသူတစ်ဦးက "စည်းကမ်းလိုက်နာပြီး မောင်းနေတဲ့ ခရီးသည်တင်ကားတွေရှိသလို စည်းကမ်းချိုးဖောက်ပြီးမောင်းနေတဲ့ ကားတွေလည်း ရှိနေတယ်"ဟု ပြောသည်။ အဆိုပါ YBS ခရီးသည်တင်ယာဉ် မတော်တဆမှုများကြောင့် အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား ၃၇ ဦး၊ အမျိုးသမီး ၄၀ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့သည့် ယာဉ်လိုင်းများမှာ YBS အမှတ်(၆)ယာဉ်လိုင်းနှင့် အမှတ်(၆၁)ယာဉ်လိုင်းတို့ဖြစ်ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး(ရန်ကုန်)၏ မှတ်တမ်းများအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) အတွင်းရေးမှူး ဒေါက်တာမောင်အောင်က "စည်းကမ်း ဖောက်တဲ့သူတွေကို ခေါ်ယူစစ်မေးတယ်၊ ဘယ်ယာဉ်လိုင်းတွေက စည်းကမ်းဖောက်တာ များလဲဆိုတာ မှတ်တမ်းတွေလည်း လုပ်ထားတယ်၊ အများပိုင်ကုမ္ပဏီ ပြောင်းတဲ့အခါ စည်းကမ်းလိုက်နာမှုအားနည်းတဲ့ ယာဉ်လိုင်းတွေ ကျန်ခဲ့မယ်"ဟု ပြောသည်။

**"စည်းကမ်းဖောက်တဲ့သူတွေကို ခေါ်ယူစစ်မေးတယ်၊ ဘယ်ယာဉ်လိုင်းတွေက စည်းကမ်းဖောက်တာ များလဲဆိုတာ မှတ်တမ်းတွေလည်း လုပ်ထားတယ်၊ အများပိုင်ကုမ္ပဏီ ပြောင်းတဲ့အခါ စည်းကမ်းလိုက်နာမှု အားနည်းတဲ့ ယာဉ်လိုင်းတွေ ကျန်ခဲ့မယ်"**




YBS ယာဉ်လိုင်းကို နေ့စဉ်စီးနေရသည့် ခရီးသည်တစ်ဦးဖြစ်သူ ဒဂုံမြို့သစ်(အရှေ့ပိုင်း)နေ ကိုဇော်မင်းက YBS ယာဉ်များအနေဖြင့် ကားပြိုင်မောင်းခြင်းများ၊ မှတ်တိုင်များတွင် ခရီးသည်လုတင်ခြင်းများ ရှိနေဆဲဖြစ်ကြောင်း၊ ယာဉ်လိုင်းစနစ်သစ်ပြောင်းရုံနှင့် မလုံလောက်သေးဘဲ ယာဉ်မောင်းနှင့် ယာဉ်အကူများ၏ အကျင့်စရိုက်များကိုလည်း ပြောင်းလဲရန်လိုအပ်ကြောင်း၊ ယခင် အမူအကျင့်များ မပျောက်သေးကြောင်းပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(မထသ)ကို ဖျက်သိမ်းပြီး အများပိုင်ယာဉ်လိုင်းစနစ်(YBS)ကို ဇန်နဝါရီ ၁၆ ရက်မှစ၍ ယာဉ်လိုင်း ၆၁ လိုင်းဖြင့် ပြေးဆွဲခဲ့ပြီး ယခုအခါ ယာဉ်လိုင်းပေါင်း ၈၁ လိုင်း ရှိနေပြီဖြစ်ကြောင်း သိရသည်။



# ခေါင်ဖူးလောကမာရဇိန် မဟာစေတီတော်ကြီး အရံစေတီများ ရွှေထီးတော်တင်

**မြစ်ကြီးနား မတ် ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တာလောကြီးတိုက်နယ် ခေါင်ဖူးကျေးရွာရှိ ခေါင်ဖူးလောကမာရဇိန် မဟာစေတီတော်ကြီး၏ အရံစေတီတော် ၆၄ ဆူ ရွှေထီးတော်တင်ပွဲကို မတ် ၁၀ ရက်က ကျင်းပခဲ့သည်။

စေတီတော်များ ထီးတော်တင်ပွဲတွင် မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းတိုက်ဆရာတော်ကြီး၏ ဩဝါဒကိုခံယူကာ ခေါင်ဖူးကျောင်းတိုက်ဆရာတော် ဦးနာယက ဦးဆောင်သည့် ပင့်သံဃာတော်များ၊ အလှူရှင်များနှင့် ကျေးရွာနေပြည်သူများ စုပေါင်း၍ ထီးတော်တင်လှူခဲ့ကြပြီး မတ် ၁၂ ရက်(တပေါင်းလပြည့်နေ့)တွင် အရံစေတီတော်များ ရွှေထီးတော်တင်လှူပွဲ အထိမ်းအမှတ်အဖြစ် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဘုရားအနေကဇာတင်လှူခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ခေါင်ဖူး လောကမာရဇိန် မဟာစေတီတော်ကြီးကို သီရိမဟာသောကမင်းကြီးက တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး စေတီတော်ကြီးတွင် အရံစေတီတော်ပေါင်း ၆၄ ဆူရှိကာ အဆိုပါ အရံစေတီတော်များအတွက် ရွှေထီးတော် ၆၄ စုံကို ဝန်းသိုကျောင်းတိုက် ဦးစီးနာယကဆရာတော်နှင့် အလှူရှင်များက တင်လှူပူဇော်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# မီတာ ၄၀၀ ရော်ဘာပြေးလမ်း အပါအဝင် တိုင်းအားကစားကွင်းကို အဆင့်မြှင့်တင် တည်ဆောက်နေ

**မုံရွာ မတ် ၁၁**

မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ အားကစားကွင်းအတွင်းမှ ဘောလုံးကွင်းပတ်လည် ပြေးလမ်းကို ရှစ်လိုင်းပါဝင်သော မီတာ ၄၀၀ ရော်ဘာပြေးလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအပါအဝင် အားကစားကွင်း ဘက်စုံ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဇန်နဝါရီလဆန်းပိုင်းမှစ၍ ဆောင်ရွက်လျက်ရှိရာ ဧပြီလကုန် မေလဆန်းတွင် လုပ်ငန်းများ ပြီးစီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးသန်းအောင်က "စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် လမ်းညွှန်မှုနဲ့ တိုင်းအားကစားကွင်းကို ဘက်စုံ အဆင့်မြှင့်တင်နေတာပါ။ တိုင်းဒေသကြီးအစိုးရဘတ်ဂျက်နဲ့ လုပ်ဆောင်ရာမှာ ဇန်နဝါရီ ၇ ရက်ကစပြီး ၅၉၆ ဒသမ ၁၃ သန်းနဲ့ တင်ဒါအောင်တဲ့ ကောင်းသစ်ဟိန်းကုမ္ပဏီက ရှစ်လိုင်းပါတဲ့ မီတာ ၄၀၀ ရော်ဘာပြေးလမ်း (Synthetic)ကို အသစ်တည်ဆောက်နေတာပါ။ တင်ဒါပိုလျှံငွေနဲ့ ဆက်စပ်လုပ်ငန်းတွေဖြစ်တဲ့ အထူးတန်းပွဲကြည့်စင်ရဲ့တစ်ဖက်တစ်ချက်စီမှာရှိတဲ့ ရိုးရိုးတန်းပွဲ ကြည့်စင်နှစ်စင်ကို တစ်ဆက်တစ်စပ်တည်း ဖြစ်အောင် အမိုးမိုးသွားမှာ ဖြစ်ပါတယ်။ နောက်ပြီး ဘောလုံးကွင်းကြီးတစ်ခုလုံးကိုလည်း မြေလှန်ပြီး ရေစိမ့်မြောင်း ၂၀ မြောင်း ပါဝင်တဲ့ ခေတ်မီဘောလုံးကွင်းကြီးအဖြစ် ပြုပြင်နေပါတယ်"ဟု ပြောသည်။

အဆင့်မီဘောလုံးကွင်းအဖြစ် ပြုပြင်ရာတွင် လက်ရှိကွင်းဟောင်းကို မြေလှန်ဖျက်သိမ်းကာ ယခင်က မပါဝင်သေးသော ရေစိမ့်မြောင်း ၂၀ မြောင်း ထည့်သွင်းပြီး နိုင်ငံခြားမြက် ခင်းကျင်းမွေးမြူ၍ လာမည့် အားကစားလ ရာသီများတွင် စတင်ကစားနိုင်ရန်အတွက် တည်ဆောက်ပြုပြင်ခြင်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။



မီတာ ၄၀၀ ရော်ဘာပြေးလမ်းကို နိုင်ငံတကာအဆင့်မီ အသစ်တည်ဆောက်ရင်း ဘောလုံးကွင်း ပွဲကြည့်စင်နှင့် LED ဂိုးဆိုင်းဘုတ်များကိုလည်း ပြန်လည်ပြုပြင် တည်ဆောက်နေခြင်းဖြစ်ရာ အဆောက်အအုံမြောင်းများနှင့် ပြေးလမ်းတို့ကို ဧပြီလကုန် မေလဆန်းတွင် အပြီး တည်ဆောက်နိုင်မည်ဖြစ်သော်လည်း အဆင့်မီဘောလုံးကွင်းကိုမူ မြက်အသစ်များ ပြန်လည်ခင်း၍ အသစ်မွေးမြူရမည်ဖြစ်ရာ ဇွန်လနှင့် ဇူလိုင်လများတွင်မှ ဘောလုံးကွင်း ပြီးစီးမည်ဖြစ်ကြောင်းလည်း ဦးသန်းအောင်က ရှင်းပြသည်။

ပြေးလမ်းဘောလုံးကွင်းနှင့် ဆက်စပ်သည်များ ပြုပြင်တည်ဆောက်ပြီးပါက တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား၊ ရပ်ကွက်ကျေးရွာဖလားပြိုင်ပွဲများ၊ ဖိတ်ခေါ်ပွဲများကို ပြန်လည်ကျင်းပကာ တစ်ချိန်က စစ်ကိုင်းတိုင်း၏ ဂုဏ်ကို ဆောင်ခဲ့သော ပြေးခုန်ပစ်လက်ရွေးစင် အားကစားကဏ္ဍများကို ပြန်လည် အဆင့်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် အမျိုးသမီး ဘတ်စကက်ဘောအဖွဲ့များ၊ ၁၈ နှစ်အောက် အမျိုးသား ပြေးခုန်ပစ်အသင်းများ၊ သုံးယောက်တွဲပိုက်ကျော်ခြင်းအသင်းများနှင့် မြန်မာ့ရိုးရာသိုင်း လက်ရွေးစင်များက စစ်ကိုင်းတိုင်းဒေသကြီး၏ဂုဏ်ကို ဆောင်နေကြသော အားကစားအဖွဲ့များဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား မန္တလေးတွင် ကျင်းပ

**မန္တလေး မတ် ၁၁**

မတ်လ ၈ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၈ ရက်က မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ အမေရိကန်ဂျက်ဖာဆန်စင်တာတွင် ကျင်းပသည်။

ယခုနှစ် အမျိုးသမီးများနေ့၏ ဆောင်ပုဒ်သည် "၂၀၃၀ အမီ ကမ္ဘာကြီးကို ပြောင်းလဲဖို့ အမျိုးသမီးများ၏ စီးပွားရေး စွမ်းဆောင်မှုကို မြှင့်တင်စို့"ဟူ၍ ဖြစ်သည်။

အမျိုးသမီးများနေ့ အထိမ်းအမှတ် ဆွေးနွေးပွဲတွင် ရှေးဦးစွာ ဂျက်ဖာဆန်စင်တာမှ ဆရာဦးစောကျော်စိန်က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ကျင်းပရခြင်း ရည်ရွယ်ချက်၊ အမျိုးသမီးဘဝမြှင့်တင်ရေးနှင့် ကမ္ဘာနှင့်မြန်မာတွင် ကျော်ကြားထက်မြက်သည့် အမျိုးသမီးများအကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆွေးနွေးသည်။

ဆက်လက်၍ မခင်ခင်ကျော်နှင့် မရင်မွန်ကျော်ဦးတို့က အမျိုးသမီးနေ့ဖြစ်ပေါ်လာပုံ၊ အမျိုးသမီးများ၏ စွမ်းဆောင်ချက်၊ ရဲရဲဝံ့ဝံ့နေထိုင်သွားဖို့၊ လူမှုရေး၊ နိုင်ငံရေးများတွင် ပါဝင်လာဖို့ စသည်ဖြင့် အမျိုးသမီးဘဝတိုးတက်မြင့်မားရေးကို ဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးရာ စာရေးဆရာ ဒေါက်တာစိုးလင်း (ရတနာပုံ)နှင့် ဆရာမောင်ရန်အေး (ကျောက်ဆည်)တို့က အမျိုးသမီးဘဝဖွံ့ဖြိုးဖို့နှင့် မြန်မာနိုင်ငံတွင် ထင်ရှားသည့် အမျိုးသမီးများအကြောင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ အမေရိကန်ဂျက်ဖာဆန်မှ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများနှင့် စာရေးဆရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)၏ မဟာဗျူဟာမြောက်အပြောင်းအလဲတစ်ရပ်

# နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ

**ခိုင်ထွန်းကျော်**

"မိမိတို့ နိုင်ငံသူနိုင်ငံသားအားလုံး အသက်မွေးဝမ်းကျောင်း ပညာရေးကို ပထမတန်းစားပညာရေးဟု လက်ခံနားလည်နိုင်အောင် လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ မဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းပညာသည် ဒုတိယတန်းစားပညာဟု သတ်မှတ်ကာ တက္ကသိုလ်တက်ရန် အဆင့်မမီမှသာ သင်ကြားစေမည်ဆိုပါက တိုးတက်အောင်မြင်ရန် ခက်ခဲမည်ဖြစ်ပါကြောင်း၊ မိမိကိုယ်တိုင် အသက်မွေးဝမ်းကျောင်းပညာကို လေးစားတန်ဖိုးထားပြီး မိမိနိုင်ငံတွင် အသက်မွေးဝမ်းကျောင်းပညာ တိုးတက်လာစေရန် ဆောင်ရွက်လိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် အသက်မွေးဝမ်းကျောင်းပညာတိုးတက်မှ မိမိတို့နိုင်ငံသူနိုင်ငံသားများ၏ဘဝ တိုးတက်မည်ဖြစ်ပါကြောင်း"

**(၁၅၊ ၇၊ ၂၀၁၆) နေပြည်တော် ၊ နည်းပညာနှင့် သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ နှီးနှောဖလှယ်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းကောက်နုတ်ချက်**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ရည်မှန်းချက်ပန်းတိုင် ပေါက်မြောက်အောင် ဆောင်ရွက်မည့် မဟာဗျူဟာမြောက် နယ်ပယ်(၉)ရပ်ရှိရာ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးနယ်ပယ်သည်လည်း အပါအဝင်ဖြစ်ပါသည်။ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၏အဓိကရည်ရွယ်ချက်မှာ သင်ယူသူတို့အား **အလုပ်အကိုင်ရရှိရန်နှင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်** ဖြစ်ပြီး ထိုရည်ရွယ်ချက်ပေါက်မြောက်အောင်မြင်စေရန်အတွက် အသိပညာရပ်များ၊ ကျွမ်းကျင်မှုများနှင့် တတ်ကျွမ်းမှုများကို သင်ကြားပေးနေမည်ဖြစ်ပါသည်။

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့စေရန်အတွက် မြန်မာ့စီးပွားရေးနယ်ပယ်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်လုပ်သားများ ဖြစ်ပေါ်လာအောင် သင်ကြား၊ လေ့ကျင့်ပေးနေရမည်ဖြစ်ပါသည်။ ထိုသို့သင်ကြား၊ လေ့ကျင့်ပေးနိုင်ရန်အတွက် အရည်အသွေးမြင့်မားသော နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးသည် အထူးလိုအပ်လျက်ရှိသော အထူးလိုအပ်ချက်ဖြစ်ပါသည်။

နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဌာနများသည် သင်ယူသူများအား သင်ယူသူတို့၏ အလုပ်အကိုင်ဆိုင်ရာ မျှော်မှန်းချက်များ ပေါက်မြောက်အောင်မြင်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးပြုလာနိုင်စေမည့် အသိပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့်တတ်ကျွမ်းမှုများကို ဖြည့်ဆည်းပေးနေရမည်ဖြစ်ပါသည်။ ထိုသို့ ဖြည့်ဆည်းပေးနိုင်မှသာ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေမည်ဖြစ်ပါသည်။

နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍသည် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးမြင့်မားပြီး လူတိုင်းတက်ရောက်နိုင်မှု အခွင့်အလမ်းများကို ဖန်တီးပေးနိုင်စွမ်းသည် ကဏ္ဍ စုံလင်နေရမည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံရှိ လူငယ်များ၏ အလုပ်လက်မဲ့ပြဿနာများကို ဖြေရှင်းပေးနိုင်ရန်နှင့် နိုင်ငံ၏စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန်အတွက် အခြေခံပညာမပြီးဆုံးသူများနှင့် နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကို စိတ်ပါဝင်စားသူများအားလုံး လေ့ကျင့်သင်ယူနိုင်မည့် နည်းပညာနှင့် သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးသင်တန်း အမျိုးမျိုးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။

နည်းပညာနှင့် သက်မွေးပညာရေးနှင့်လေ့ကျင့်ရေး သင်တန်းများသို့ တက်ရောက်သင်ယူနိုင်မှုအခွင့်အလမ်းများ ပိုမိုများပြားလာစေရန်၊ သင်တန်းဆင်းပြီးသောသူများ အလုပ်အကိုင်ရရှိစေရန်၊ လုပ်ငန်းရှင်များ၏ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် သင်ယူသူများ၏ သင်တန်းတက်ရောက်လိုမှု မြင့်မားလာစေရန်အတွက် နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအရည်အသွေးသည် မြင့်မားနေရမည်ဖြစ်ပါသည်။

နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး သင်တန်းအမျိုးမျိုးသည် အရည်အသွေးပြည့်မီနေပြီး သင်ယူသူတို့မျှော်မှန်းချက်များ ပေါက်မြောက်အောင် သင်ကြား၊ လေ့ကျင့်ပေးနိုင်မည်ဆိုပါက နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးပညာရေးကို **ပထမတန်းစားပညာရေး**အဖြစ် နိုင်ငံသူနိုင်ငံသားအားလုံးက လက်ခံ၊ အားကိုးလာကြမည်ဖြစ်ပါသည်။

ထိုသို့ နိုင်ငံသူနိုင်ငံသားအားလုံးက လက်ခံ၊ အားကိုးလာစေရန်နှင့် နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍတစ်ခုလုံး လွှမ်းခြုံပါဝင်ပြီး အကောင်အထည်ဖော်မည့် အဖွဲ့အစည်းများအားလုံး အချိတ်အဆက်မိမိဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ကို ရေးဆွဲအကောင်အထည်ဖော်ရခြင်းဖြစ်ပါသည်။

**အရည်အသွေးမြင့်မားသော နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းအမျိုးမျိုးမှတစ်ဆင့် လုပ်ငန်းကျွမ်းကျင်ပြီး အရည်အသွေးရှိသော လုပ်သားများကို မွေးထုတ်ပေးနိုင်မည်**

အရည်အသွေးမြင့်မားသော နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းအမျိုးမျိုးမှတစ်ဆင့် လုပ်ငန်းကျွမ်းကျင်ပြီး အရည်အသွေးရှိသောလုပ်သားများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ရာ နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေမည်ဖြစ်ပါသည်။

ထိုသို့ဖြစ်ပေါ်လာစေရန်အတွက် စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အရည်အသွေးမြင့်မားသောလုပ်သားအင်အားစုကို မွေးထုတ်ပေးနိုင်ရန်နှင့် ကျွမ်းကျင်လုပ်သားများသည်လည်း အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာ၏ ကျွမ်းကျင်မှုစံများနှင့်အညီ ရင်ပေါင်တန်းနိုင်ရန်အတွက်လည်းကောင်း၊ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုအားနည်းနေသောကဏ္ဍများတွင် ကိုယ်ပိုင်လုပ်ငန်းတည်ထောင်လိုသူများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေနေသူများအတွက်လည်းကောင်း၊ ဆီလျော်မှုရှိမည့် လိုအပ်ချက်အခြေပြုနည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းများကို တိုးချဲ့ဖွင့်လှစ်ပေးနေမည်ဖြစ်ပါသည်။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ရည်မှန်းချက်ပန်းတိုင် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်ပယ် (၉)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သော နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ၌ နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးသို့ တက်ရောက်လိုသူများ၊ (မသန်စွမ်းသူများ၊ အခွင့်အလမ်းနည်းပါးသောသူများစသည်တို့အပါအဝင်) သင်ယူနိုင်သော အခွင့်အလမ်းများ တိုးချဲ့ဆောင်ရွက်ပေးခြင်း၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး အရည်အသွေး ပိုမိုကောင်းမွန်စေရန်နှင့် လုပ်ငန်းခွင်လိုအပ်ချက် ကိုက်ညီစေရန်ဆောင်ရွက်ပေးခြင်း၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာစီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးခြင်းတို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ပေးခြင်းအားဖြင့် ပိုမိုထိရောက်သည့် နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအောက်တွင် ပညာရေး အရည်အသွေးအာမခံမှုရှိပြီး လုပ်သားဈေးကွက်၏လိုအင်နှင့် လိုက်လျောညီထွေမှုရှိသော နည်းပညာနှင့် သက်မွေးပညာရေးနှင့်လေ့ကျင့်ရေး အစီအစဉ်များကို သင်ယူသူများသည် ပိုမိုတက်ရောက်ခွင့်ရရှိလာပြီး ပြီးမြောက်သည့်အထိ အောင်မြင်တတ်မြောက်လာကြမည်ဖြစ်ကာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်လမ်းညွှန်သကဲ့သို့ **အသက်မွေးဝမ်းကျောင်းပညာရေးသည် ပထမတန်းစားပညာရေး** အဖြစ် ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသတည်း။

## တရားဥပဒေစိုးမိုးရေးဌာနများနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၁**

တရားဥပဒေ စိုးမိုးရေးဌာနများနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ဒုတိယ အကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး တက်ရောက် အမှာစကားပြောကြား သည်။ **(အောက်ဝဲပုံ)**



ပြည်ထောင်စု ရှေ့နေချုပ် ဦးထွန်းထွန်းဦးက တရားဥပဒေစိုးမိုးမှုရှိရန်နှင့် တရားစီရင်ရေးကဏ္ဍ တိုးတက်ကောင်းမွန်စေရန်အတွက် တရားရုံး၊ ဥပဒေရုံး၊ ရဲတပ်ဖွဲ့၊ ရှေ့နေရှေ့ရပ်များအပြင် လွှတ်တော်၊ အစိုးရဌာနအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး ပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာအစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများကို ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရေးအတွက် အလေးထားဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များအား ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ် တစ်ခုစီ၌ လုပ်ငန်းအဖွဲ့ခွဲများကို ဖွဲ့စည်း၍ ဒေသအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများတွင် အနီးကပ် ပေါင်းစပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အတွင်းရေးမှူးလုပ်ငန်းများကို အထောက်အကူပြုနိုင်ရေးအတွက် ပြည်ပပညာရှင်များ ပါဝင်သည့် လုပ်ငန်း အကြံပေးအဖွဲ့တို့ကို ဖွဲ့စည်းတာဝန်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အဖွဲ့ကအကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးပြောကြားရာ တက်ရောက်လာကြသူများက ပါဝင်အကြံပြုဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးသို့ တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ UNDP နှင့် My Justice Team တို့မှ တာဝန်ရှိသူများ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## မောင်တောမြို့၌ ဆိုင်ကယ်/စက်ပြင်သင်တန်းဆင်း

**မောင်တော မတ် ၁၁**

မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ အသက်မွေး အထောက်အကူပြု (ဆိုင်ကယ်/ စက်ပြင်) သင်တန်းဆင်းပွဲကို မြို့နယ်ကျေးလက်ခန်းမ၌ နံနက် ၉ နာရီတွင် ကျင်းပသည်။

"မောင်တောမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်ရန် ရည်မှန်း၍ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်နေလူငယ် ၂၅ ဦးကို အသက်မွေးဝမ်းကျောင်း အထောက်အကူပြု (ဆိုင်ကယ်/စက်ပြင်) သင်တန်းကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၁၁ ရက်အထိ ၁၂ ရက်ကြာ သင်တန်းပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကျင်းပ



**နေပြည်တော်  မတ် ၁၁**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၏ လုပ်ငန်းကော်မတီများမှ ညှိနှိုင်းမှုရလဒ်များကို သုံးသပ်နိုင်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲနိုင်ရေးအတွက် ပူးတွဲကော်မတီအတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးခင်ဇော်ဦး၊ ဒေါက်တာလျန်မှုန်းဆာခေါင်း၊ စိုင်းကျော်ညွန့်၊ ဦးဇော်ဌေး၊ ဦးစိုင်းလ၊ ဦးနိုင်ငံလင်း၊ ဦးလှမောင်ရွှေ၊ ဒေါ်စောမြရာဇာလင်း၊ မင်းကျော်ဇေယျာဦး၊ ဗိုလ်ချုပ်စိုးနိုင်၊ ဦးမျိုးဝင်း၊ ဦးတာလှဖေ၊ ဦးအောင်စိုး၊ ခွန်မြင့်ထွန်းနှင့် ဦးမြင့်စိုးတို့ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် လုပ်ငန်းကော်မတီအစည်းအဝေးများ ကျင်းပနိုင်ခဲ့မှု၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေမှု၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)၏ ရုံးလုပ်ငန်းဆိုင်ရာများနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သူရဇော်၊ ဖြိုးသန့်(သတင်းစဉ်)**

---

# ယုံကြည်မှုနဲ့အတူ အမျိုးသမီးတွေကို ယာဉ်မောင်းသင်တန်းပေးနိုင်တဲ့အထိ ကြိုးစားနေတဲ့ YBS ရဲ့ပထမဆုံး အမျိုးသမီးယာဉ်မောင်း

**သတင်းဆောင်းပါး-ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ-ဖေဇော်**

ရန်ကုန်  မတ်  ၁၁

**မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်၊ လူဦးရေသိပ်သည်းမှုများပြားပြီး ယာဉ်ကြောကျပ်တည်းမှုဖြစ်ပေါ်နေတဲ့ ရန်ကုန်မြို့အင်းစိန်လမ်းမကြီးပေါ်မှာ မြို့တွင်းခရီးသည်တင်ယာဉ်တစ်စီးရဲ့ စတီယာရင်ဘီးကို ဟန်ပါပါကိုင်ရင်း မောင်းနှင်နေတဲ့ အသက် ၃၀ အရွယ်ခန့် အမျိုးသမီးယာဉ်မောင်းတစ်ဦးကို ထူးခြားစွာ တွေ့မြင်နေရပါတယ်။**

ဒီမိုကရေစီ ပြည်သူ့အစိုးရလက်ထက် ပြောင်းလဲမှုများထဲက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခရီးသည် သယ်ယူပို့ဆောင်ရေးစနစ် YBS (Yangon Bus Service) စနစ်ပြောင်းလဲလိုက်မှုနဲ့အတူ YBS ရဲ့ ပထမဆုံး အမျိုးသမီးယာဉ်မောင်းဖြစ်လာသူက မမြတ်ရည်မွန် ဖြစ်ပါတယ်။

ရုံးဆင်း၊ ရုံးတက်ချိန် ယာဉ်ကြောကျပ်တည်းနေတဲ့ လမ်းမကြီးတွေပေါ်မှာ စိတ်တည်ငြိမ်မှုနဲ့အတူ စိတ်ရှည်သည်းခံစိတ်ထားပြီး စတီယာရင်ဘီးကို ဟန်ပါပါလှည့်နေပုံက ဝါရင့်ယာဉ်မောင်းတစ်ဦးပုံစံအပြည့်ပါ။

“အရင်က ယာဉ်အကူလုပ်ခဲ့တယ်၊ စီးပွားရေးတက္ကသိုလ်မှာ ဖယ်ရီမောင်းခဲ့တယ်၊ အခုလို မောင်းနှင်ဖို့အတွက်ကိုလည်း ဆရာသမားတွေရဲ့ လေ့ကျင့်သင်ကြားမှုတွေကို အားလပ်တဲ့ရက်တွေမှာ သင်ယူခဲ့ရပါတယ်၊ ယာဉ်အကူအဖြစ် လုပ်ကိုင်ရင်းနဲ့ ယာဉ်မောင်းဘဝကို ရောက်ရှိလာတာပါ”လို့ သူကဆိုပါတယ်။

မကွေးတိုင်းဒေသကြီး သရက်(အောင်လံ)မြို့မှာ မွေးခဲ့ပေမယ့် ရခိုင်မှာ ကျောင်းတက်ခဲ့ရပြီး ၁၀ တန်းကျောင်းသူဘဝမှာတော့ ရန်ကုန်မြို့(အင်းစိန်မြို့နယ်)ကို မိသားစုလိုက်ပြောင်းရွှေ့ရောက်ရှိလာခဲ့ပါတယ်၊ မွေးချင်းသုံးယောက်ရှိပြီး အငယ်ဆုံးသမီးဖြစ်တဲ့သူပါ။

ငယ်စဉ်က ဘဝရည်မှန်းချက်က အဆိုတော်အလွန်ဖြစ်ချင်ခဲ့ပြီး ပညာရေးမှာလည်း ဘွဲ့တစ်ခုခုရအောင် ကြိုးစားခဲ့ချင်ပေမယ့် မိသားစုရဲ့ စီးပွားရေးအခြေအနေကြောင့် ကျောင်းတစ်ပိုင်းတစ်စနဲ့ ၁၀ တန်းမှာတင် ပညာသင်ကြားမှုကို ရပ်တန့်သွားခဲ့တယ်လို့ သူက ဆိုပါတယ်။



YBS ၏ ပထမဆုံး အမျိုးသမီးယာဉ်မောင်း မမြတ်ရည်မွန်

“ရန်ကုန်ကိုရောက်တော့ မိသားစု စီးပွားရေးအခြေအနေကြောင့် ၁၀ တန်းစာမေးပွဲ ဖြေဆိုခွင့်မရတော့ပါဘူး။ အဲဒီနှစ်ကစပြီး အထည်ချုပ်လုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ခဲ့တာ သုံးနှစ်နီးပါးလောက်ကြာခဲ့တယ်။ နောက်ပိုင်းမှာတော့ လုပ်ငန်းပိုင်းမှာ စိတ်ဖိစီးမှုတွေများလာတာကြောင့် လုပ်ငန်းပြောင်းရွှေ့လုပ်ကိုင်လိုစိတ်တွေ ဖြစ်ပေါ်လာတယ်”လို့ သူ့ဘဝအကြောင်းကို ပြောပြပါတယ်။

၂၀၁၄ ခုနှစ်မှာတော့ အမျိုးသမီးယာဉ်မယ်တွေ ခေါ်တဲ့အခါမှာ ယာဉ်မယ်အလုပ်ကို စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ အထည်ချုပ်အလုပ်နဲ့ ယာဉ်မယ်အလုပ်က အများကြီးကွာဟတာကြောင့် ပိုမိုပင်ပန်းပြီး အခက်အခဲတချို့ရှိခဲ့ပေမယ့် ယာဉ်မယ်အလုပ်က စိတ်ဖိစီးမှုနည်းပြီး လွတ်လပ်မှုရှိတာကြောင့် လုပ်ငန်းခွင်မှာ ပျော်ရွှင်ခဲ့ရတယ်လို့ လုပ်ငန်းခွင်ပြောင်းလဲလုပ်ကိုင်ခဲ့မှုအပေါ် ကွာခြားချက်ကို ပြောပြပါတယ်။

ယာဉ်မယ်(ယာဉ်အကူ)အဖြစ် သုံးနှစ်နီးပါး အမျိုးသားများနဲ့တန်းတူ ရင်ပေါင်တန်း လုပ်ကိုင်ခဲ့ကာ ဆရာသမားတွေရဲ့ ကျေးဇူးကြောင့် ယာဉ်မောင်းနှင်နိုင်တဲ့ အခြေအနေကို ရောက်ရှိလာပြီး အခုလို ယာဉ်မောင်းဘဝကို ရောက်ရှိလာတာပါလို့ ယာဉ်မောင်းဘဝကို ရောက်ရှိလာတဲ့အပေါ် သူက ဆိုပါတယ်။

ယာဉ်မယ်ဘဝကနေ ယာဉ်မောင်းဖြစ်ဖို့အတွက် တော်တော်ကြိုးစားခဲ့ရပြီး မဖြစ်နိုင်ဘူးဆိုတဲ့ အထင်သေးမှုစကားသံတွေကို အကြိမ်ကြိမ်ကြားခဲ့ရပေမယ့် ကြိုးစားချင်စိတ်နဲ့ ရည်ရွယ်ချက်ကို မြင့်မြင့်ထားပြီး လုပ်ကိုင်ခဲ့မှုရဲ့ရလဒ်ကြောင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နဲ့ ရန်ကုန်မြို့တွင်း မော်တင်မှတ်တိုင်ကို ပြေးဆွဲနေတဲ့ YBS အမှတ် ၂၁ ယာဉ်လိုင်းမှာရှိတဲ့ ယာဉ်အမှတ် 5B/8537 Air-Con Bus ယာဉ်မှာ မတ် ၄ ရက်ကစတင်ပြီး ယာဉ်မောင်းအဖြစ် လုပ်ကိုင်ခွင့်ရရှိခဲ့တာပဲဖြစ်ပါတယ်။

“သယ်ယူပို့ဆောင်ရေးကို ဝန်ဆောင်မှုပေးတဲ့ ခရီးသည်ယာဉ်ဆိုတော့ ခုံပြည့်ပဲတင်ပါတယ်။ ရုံးဆင်း၊ ရုံးတက်ချိန်တွေမှာတော့ ခုံမဲ့ခရီးသည် ၁၀ ဦးလောက်ပဲတင်ပါတယ်။ ခရီးသည်တွေ အခက်အခဲဖြစ်အောင် လူအများကြီး မတင်ပါဘူး၊ ကျွန်မရဲ့ကားကိုစီးတဲ့ ခရီးသည်တွေကို သက်သောင့်သက်သာဖြစ်စေချင်ပါတယ်။ ပုံမှန်အတိုင်း ရပ်၊ တင်၊ ထွက်စနစ်နဲ့ မောင်းတဲ့အတွက် ခရီးသည်တော့ အများကြီးမရပါဘူး။ ခရီးသည်တွေကို ကောင်းမွန်တဲ့ဝန်ဆောင်မှုပေးနိုင်ဖို့ အမြဲကြိုးစားနေပါတယ်”ဟု သူ့ရဲ့လုပ်ငန်းခွင်နဲ့ပတ်သက်ပြီး ခရီးသည်တွေအပေါ် စေတနာထား ဝန်ဆောင်မှုပေးပုံကို ရှင်းပြပါတယ်။

နေ့စဉ် မနက် ၅ နာရီခန့်မှ စတင်ကာ လုပ်ငန်းခွင်သို့ ဝင်ရောက်ခဲ့ရပြီး ည ၁၀ နာရီခန့် အချိန်မှသာ တစ်နေ့တာအလုပ်ပြီးဆုံးတာကြောင့် မိသားစုနဲ့ နွေးထွေးစွာနေထိုင်နိုင်မှု နည်းပါးသော်လည်း တစ်ရက်ပျမ်းမျှ ငွေကျပ် ၁၃၀၀၀ မှ ၁၅၀၀၀ အတွင်း ရရှိတဲ့ မောင်းကြေးတွေကို မိသားစုထံ အကုန်ပြန်လည်အပ်နှံနိုင်တာကြောင့် မိမိရဲ့ယာဉ်မောင်းဘဝကို အားရကျေနပ်တယ်လို့ သူက ဂုဏ်ယူစွာဆိုပါတယ်။

အမျိုးသားဖြစ်သူမှာလည်း YBS ယာဉ်လိုင်းတစ်ခုမှာ ယာဉ်အကူအဖြစ် လုပ်ကိုင်နေပြီး သူ့အနေနဲ့လည်း “အလုပ်ဟူသမျှ ဂုဏ်ရှိစွ”ဟူသည့် ဆောင်ပုဒ်နဲ့အညီ အလုပ်လုပ်ကိုင်နေရတဲ့အပေါ် ကျေနပ်ပျော်ရွှင်လေ့ရှိတဲ့အပြင် မိမိရဲ့ယာဉ်မောင်းနှင်မှုနဲ့ပတ်သက်လို့ ဝေဖန်အကြံပြုတာလေးတွေကိုလည်း ကြားချင်ပါတယ်လို့ သူ့ရဲ့လုပ်ငန်းခွင်နဲ့ ပတ်သက်ပြီးပြောပါတယ်။

“ဒီ့ထက်ကြိုးစားသွားမယ်၊ ယာဉ်မောင်းဘဝကို ပိုမိုကျွမ်းကျင်အောင်လုပ်မယ်၊ ကျွန်မလိုပဲ အပြင်က ယာဉ်မောင်းဝါသနာပါတဲ့ အမျိုးသမီးတွေကိုခေါ်ပြီး ယာဉ်မောင်းသင်တန်းပေးနိုင်ဖို့အထိ ရည်ရွယ်ထားပါတယ်”ဟု ယုံကြည်မှုအပြည့်ရှိတဲ့ဟန်နဲ့ သူ့ရဲ့ရည်မှန်းချက်ကို ဖွင့်ဟပြောပြပါတယ်။

“မြို့တွင်း ပြေးဆွဲနေတဲ့ ခရီးသည်တင်ယာဉ်လိုင်းတစ်ခုမှာ အမျိုးသမီးယာဉ်မောင်းတစ်ဦးဖြစ်ဖို့ မလွယ်ပါဘူး။ အကယ်၍များ ကျွန်မလို ယာဉ်မောင်းဖြစ်ချင်တဲ့ အမျိုးသမီးတွေရှိရင် ပြောပါ၊ ကျွန်မရဲ့ယာဉ်ပိုင်ရှင် (ဆရာကိုတရုတ်လေး) နဲ့ ဆက်သွယ်ပေးပါ့မယ်၊ နောင်အနာဂတ်မှာ ခရီးသည်တင်ယာဉ်လိုင်းတွေမှာ အမျိုးသမီးယာဉ်မောင်းတွေ များများပေါ်ထွက်လာဖို့ရည်ရွယ်ပြီး ဆရာက စီစဉ်သင်ကြားမှုတွေလုပ်ပေးနေပါတယ်”ဟု အမှာစကားပြောကြားလိုက်တဲ့ YBS ယာဉ်လိုင်းစနစ်ရဲ့ ပထမဆုံးအမျိုးသမီးယာဉ်မောင်းရဲ့ စကားကတော့ YBS ယာဉ်မောင်းဖြစ်လိုတဲ့ အမျိုးသမီးများစွာအတွက် အားတက်ဖွယ်ပင်ဖြစ်ပါတော့တယ်။

---

*❍ ကျောဖုံးမှ*

ယခုအခါငွေကျပ် ၁၆ ဒသမ ၆ ဘီလီယံဖြင့်လည်ပတ်လျက်ရှိကြောင်း YBPC ကို ဝန်ဆောင်မှုကို အခြေခံသောဘတ်စ်ကား ကုမ္ပဏီအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါက်တာမောင်အောင်က ပြောသည်။

“ကျွန်တော်တို့ အနေနဲ့ လက်ရှိရန်ကုန်မြို့မှာ ယာဉ်စီးရေ ၆၅ စီးနဲ့ ပြေးဆွဲနေပါတယ်။ ထပ်မံပြီးတော့လည်း အစီး ၁၀၀ မှာယူထားပြီဖြစ်တဲ့အတွက် စုစုပေါင်း ၁၆၅ စီးနဲ့ ကောင်းမွန်တဲ့ဘတ်စ်ကားစနစ်ကို ပံ့ပိုးပေးနိုင်မှာဖြစ်ပါတယ်။ လက်ရှိမှာ အကျိုးအမြတ်မရှိသေးပေမယ့် နောင်မှာ အကျိုးအမြတ်တွေလည်း ရရှိလာမှာဖြစ်ပါတယ်”ဟု ရန်ကုန်ဘတ်စ်ကား အများနှင့်သက်ဆိုင်သောကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဦးခင်ထွန်းက ရှင်းပြသည်။

ရန်ကုန်ဘတ်စ်ကား အများနှင့်သက်ဆိုင်သောကုမ္ပဏီများ ထပ်မံတိုးပွားလာမည်ဖြစ်ကြောင်း၊ ယင်းအတွက် အစိုးရအနေဖြင့် ကျပ်ဘီလီယံ ၇၀ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုကောင်းသော ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးဖြစ်ရေး အစိုးရသစ်အနေဖြင့် အစုရှယ်ယာတွင် ၅၁ ရာခိုင်နှုန်း အနည်းဆုံးထည့်ဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မကြာမီကာလအတွင်း ဘတ်စ်ကားကုမ္ပဏီများ ထပ်မံပေါ်ပေါက်လာမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် မထသမှ YBS သို့ ပြောင်းလဲရာတွင် အဓိကအချက်သုံးချက်အပေါ်မူတည်၍ ပြောင်းလဲခဲ့ကြောင်း၊ ဘတ်စ်ကားများကို တစ်ဦးချင်း တစ်ယောက်ချင်းပိုင်စနစ်မှ အများပိုင်အဖြစ်ပြောင်းလဲခြင်း၊ ယာဉ်လိုင်း ၃၃၀ ကျော်ကို ၈၀ သို့ လျှော့ချခြင်း၊ အုပ်ချုပ်မှုစနစ် မထသမှ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုအာဏာပိုင်အဖွဲ့(YRTA) နှင့် အစားထိုးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်အတွင်း ရန်ကုန်မြို့၏ ခရီးသည်ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးစနစ်ကို သိသိသာသာတိုးတက်ပြောင်းလဲအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ GPS တပ်ဆင်ပြီး ဘတ်စ်ကားစီးရေ ၁၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း၊ လက်ရှိဘတ်စ်ကားခများ ပေးဆောင်နေရမှုများမှာ ယာယီသာဖြစ်ပြီး ယခုနှစ်အတွင်း ကတ်စနစ်ဖြင့် ပြောင်းလဲသွားရန်လည်းရှိကြောင်း ဒေါက်တာမောင်အောင်က ပြောသည်။

အဆိုပါနှစ်ပတ်လည်အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ မြို့တော်ဝန် ဦးမောင်မောင်စိုးတို့ကလည်း တက်ရောက်အမှာစကားများပြောကြားခဲ့ပြီး ရန်ကုန်ဘတ်စ်ကားအများနှင့် သက်ဆိုင်သော ကုမ္ပဏီမှ တာဝန်ရှိသူများ၊ အစုရှယ်ယာရှင်များ တက်ရောက်ကြသည်။

*❂ ကျောဖုံးမှ*

အမှတ်လိုနေသည့် နှစ်သင်းတွေ့ဆုံသော ပွဲဖြစ်သောကြောင့် လူစုံအသုံးပြုခဲ့ပြီး ပထမပိုင်းကတည်းက အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့သည်။ ပွဲအစ ၁၅ မိနစ်အတွင်း နှစ်သင်းစလုံး ပယ်နယ်တီကန်ခွင့်များရခဲ့ပြီး ၄ မိနစ်တွင် GFA မှ မိုင်းအိုက်နိုင်၊ ၁၄ မိနစ်တွင် ရခိုင်အတွက် မက်သယူးတို့က ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ ၃၂ မိနစ်တွင် ကွင်းလယ်လူ မတ်ခ်က GFA အတွက် အဝေးကန်ချက်ဖြင့် ဒုတိယဂိုးသွင်းခဲ့ပြီး ယင်းဂိုးမှာ ယခုရာသီ MNL ပြိုင်ပွဲ၏ ဂိုး ၁၀၀ မြောက် သွင်းဂိုးလည်းဖြစ်ခဲ့သည်။ GFA အသင်း၏ ဦးဆောင်မှုမှာ နှစ်မိနစ်သာကြာခဲ့ပြီး ၃၄ မိနစ်တွင် မက်သယူး က ရခိုင်အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ဒုတိယပိုင်းတွင် GFA အသင်းက သရေရလဒ်ကိုထိန်းရန် ခံစစ်ဦးစားပေးကစားခဲ့ရာ ရခိုင်အသင်း ပိုဖိကစားနိုင်ခဲ့သည်။ ရခိုင်အသင်းသည် ဖိကစားနိုင်သော်လည်း စိတ်ကြိုက်ထိုးဖောက်နိုင်ခြင်းမရှိရာ ပထမပိုင်းလောက်ပွဲမှာ သွက်လက်မှုမရှိခဲ့ပေ။ ပွဲပြီးခါနီးတွင် ရခိုင်အသင်း အနိုင်ဂိုးရခဲ့ပြီး ကောင်းမြတ်ဟန်က ကန်သွင်းယူခဲ့ခြင်း ဖြစ်သည်။ ရခိုင်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ဇွဲကပင်နှင့် ရောဝတီကို ဖိအားပေးနိုင်ခဲ့သည်။

ပွဲစဉ်(၉) တတိယနေ့ကို မတ် ၁၂ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့် ရန်ကုန်၊ မော်လမြိုင်ကွင်း၌ Southern နှင့် နေပြည်တော်၊ ပုသိမ်ကွင်း၌ ရောဝတီနှင့် ချင်းယူနိုက်တက်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

---

## မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော်  မတ်  ၁၁ -** နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးထစ်ချုန်းရွာနိုင်သည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# ရွှေတိဂုံစေတီတော် တပေါင်းပွဲတော်အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရန်ကုန် မတ် ၁၁**

ရွှေတိဂုံစေတီတော်၂၆၀၅ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို ၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၆ရက်မှ တပေါင်းလပြည့် (မတ် ၃ ရက်မှ ၁၂ ရက်အထိ) ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာဟုဆိုအပ်သောပူဇော်ခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ယင်းသို့ကျင်းပပူဇော်လျက်ရှိရာတွင် သံဃာ့ပူဇာအနေဖြင့် ယနေ့ ညနေ၄ နာရီတွင် စေတီတော်ဂေါပကအဖွဲ့သြဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာတော် ၁၁၇ ပါးနှင့် သီလရှင်၂၇ ပါး စုစုပေါင်း ၁၄၄ ပါးတို့အား အလှူရှင်များနှင့် ဘုရားဖူးပြည်သူများက ရင်ပြင်တော်တစ်ပတ် ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

မတ် ၁၂ ရက် (တပေါင်းလပြည့်နေ့) နံနက်၅နာရီတွင် ရင်ပြင်တော်ရာဟုထောင့်အောင်မြေ၌ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းခြင်းနှင့် နံနက် ၉ နာရီခွဲတွင် ချမ်းသာကြီးတန်ဆောင်း၌ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှဝေခြင်းတို့ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဦးချစ်**

# ပန်းဒေါင်းဇာတ်ကောင်များနှင့် စကားပြောခြင်းအစီအစဉ်ကျင်းပ



**ရန်ကုန် မတ် ၁၁**

ဆရာဦးမြတ်ခိုင်စီစဉ်သည့် 'ပန်းဒေါင်းဝတ္ထုထဲက ဇာတ်ကောင်များနှင့် စကားပြောခြင်း' အစီအစဉ်ကို မတ် ၁၁ ရက် အပတ်စဉ် စနေနေ့တိုင်း ကျင်းပလျက်ရှိသော သိမ်ဖြူလမ်းရှိ ရန်ကုန်စာအုပ်လမ်း၌ကျင်းပခဲ့သည်။

'ပန်းဒေါင်း' ရုပ်ရှင်အဖြစ် ဖန်တီးသူများဖြစ်သည့် စာရေးဆရာ လက်ာရည်ကျော်၊ အကယ်ဒမီလူမင်း၊ ပိုင်ဖြိုးသုနှင့် တစ်ကိုယ်တော်ပရဟိတကွန်ရက်မှ မခင်နှင်းကြည်သာတို့ တက်ရောက်ဟောပြောခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားတွင် ပန်းဒေါင်းဝတ္ထုကိုရေးသားသည့် စာရေးဆရာလက်ာရည်ကျော်က "ခင်နှင်းကြည်သာကို လူကိုယ်တိုင်မမြင်ဖူးပေမယ့် သူနဲ့ခပ်ဆင်ဆင်တူတဲ့ ဇာတ်ကောင်လေးတစ်ခုဖန်တီးပြီးတော့ စာရေးပါတယ်။ အဲဒါနဲ့ ကိုရဲတို့ထုတ်တဲ့ သရဖူမဂ္ဂဇင်းမှာ အခန်းဆက် သုံးပိုင်းလောက် ကျွန်တော်ရေးပါတယ်။ အဓိကကတော့ မင်းသမီးဇာတ်ပါ။ ခင်နှင်းကြည်သာကို ကျွန်တော်က (hero) ထားပြီး ရေးခဲ့တယ်"ဟု ပြောသည်။

တစ်ကိုယ်တော်ပရဟိတကွန်ရက်မှ မခင်နှင်းကြည်သာကလည်း "လူတွေရွေးချယ်ပြီး ဖတ်ကြတဲ့အထဲမှာ ကျွန်မက နေရာကဏ္ဍတစ်ခုကနေ အကျိုးပြုခွင့်ရတယ်။ စာပေကိုလည်း အကျိုးပြုခွင့်ရတယ်။ အဲဒီအတွက် ဆရာတွေက ပန်းဒေါင်းဖြစ်လို့ ဂုဏ်ယူတာထက် ကျွန်မကကိုယ့်ကိုယ်ကိုယ် ပန်းဒေါင်းဖြစ်ခွင့်ရတဲ့အတွက် လူတွေစာဖတ်လာတယ်။ ရသစာပေထဲမှာ ပန်းဒေါင်းက လမ်းကြောင်းတစ်ခုဖြစ်လာတဲ့အတွက် ကျွန်မက ပန်းဒေါင်းဖြစ်ခွင့်ရတာကို ဂုဏ်ယူပါတယ်"ဟုဆိုသည်။

ပန်းဒေါင်းဝတ္ထုကို ရုပ်ရှင်အဖြစ် ရိုက်ကူးပြီးစီးသွားပြီဖြစ်ကြောင်း ယင်းရုပ်ရှင်တွင် ဦးမြသွေးနေရာ၌ လူမင်း၊ အဓိကဇာတ်ကောင်ဖြစ်သည့် ခင်နွယ်စိုးနေရာတွင် ပိုင်ဖြိုးသုတို့က သရုပ်ဆောင်ထားကြောင်း သိရသည်။

အများက လေးစားထိုက်သောသူ၊ အများက ချစ်သောသူ၊ အများက အထင်ကြီးသောသူ၊ အများက အတုယူသင့်သည့်သူများကို ၎င်းအနေဖြင့် ချစ်တတ်ကြောင်း၊ အဆိုပါလူများကို မိမိချစ်သကဲ့သို့ အများကလေးစားအတုယူ ချစ်ခင်စေချင်သည့် ၎င်း လေးစားစံထားရသည့် ပုဂ္ဂိုလ်များအကြောင်းကို ဝတ္ထုအဖြစ် ရေးသားလေ့ရှိကြောင်း၊ မိမိစိတ်တွင် သူရဲကောင်းအဖြစ် သတ်မှတ်ပြီး အများက ချစ်ခင်လေးစားသူကို အခြေခံ၍ ဝတ္ထုရေးသားခြင်းဖြစ်ကြောင်း စာရေးဆရာလက်ာရည်ကျော်က ပြောသည်။

စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းက စာမဖတ်သူ ပပျောက်ရေးအတွက် ရည်ရွယ်ပြီး အပတ်စဉ် 'ဝတ္ထုဇာတ်ကောင်များနှင့် စကားပြောခြင်း' အစီအစဉ်ကို ဆရာဦးမြတ်ခိုင်က စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**ယုဇန**




# လောက်ကိုင်မြို့မှ တိမ်းရှောင်လာသော ပြည်သူများ လားရှိုးမြို့ မန်ဆူကျောင်းတိုက်သို့ ထပ်မံရောက်ရှိ

**လားရှိုး မတ် ၁၁**

လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူကျောင်းတိုက်တွင် လောက်ကိုင်မြို့မှ တိမ်းရှောင်လာသော ပြည်သူ ၁၉၅ ဦး ယနေ့ ထပ်မံရောက်ရှိလာကြောင်း သိရသည်။

အဆိုပါမိသားစုဝင်များကို လားရှိုးခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ နေရပ်သို့ ပြန်ရန်အတွက် မော်တော်ယာဉ် ၁၀ စီးဖြင့် မန္တလေးမြို့သို့ စီစဉ်ပို့ဆောင်ပေးခဲ့သည်။

တိမ်းရှောင်ပြည်သူများကို ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့များ၊ အလှူရှင်များက လိုအပ်သည်များ ကူညီပေးခြင်း၊ စားသောက်ဖွယ်ရာများ လှူဒါန်းခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဇော်လွင် (လားရှိုး)**

# တိမ်းရှောင်ပြည်သူများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဆန်အိတ် ၁၀၀ ထောက်ပံ့ပေးအပ်

**လားရှိုး မတ် ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့မှ ဘေးလွတ်ရာသို့ တိမ်းရှောင်လာသည့် ပြည်သူများအား ဆန်အိတ် ၁၀၀ ထောက်ပံ့ပေးအပ်ပွဲကို မတ် ၉ ရက်က လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်တွင် ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ဆန်အိတ် ၁၀၀ ကို ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြင့်သန်းက ပေးအပ်လှူဒါန်းသည်။

လောက်ကိုင်ဒေသမှ လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်သို့ ရောက်ရှိလာသည့် အနယ်နယ်အရပ်ရပ်မှ အလုပ်သမားမိသားစုဝင် ၇၅၆ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုများကို အမှတ်(၁၀) စစ်မြေပြင် ဆေးတပ်ရင်း (တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့)နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ ဆောင်ရွက်ပေးကြသည်။

အဆိုပါ မိသားစုဝင်များကို ထမင်းဘူးများနှင့် ရေသန့်ဘူးများပေးအပ်ခြင်း၊ နေရပ်သို့ပြန်ရန် မန္တလေးမြို့သို့ မော်တော်ယာဉ် ၁၁ စီးဖြင့် လားရှိုးခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် အလှူရှင်များက စီစဉ်ပေးခဲ့သည်။

လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်တွင် ဖွင့်လှစ်ထားသည့် စစ်ဘေးရှောင်စခန်းများ ကြီးကြပ်စောင့်ရှောက်ရေးကော်မတီသို့ လားရှိုးတက္ကသိုလ်မိသားစုမှ ငွေကျပ် ၁၀၅၇၅၀၀ ၊ လားရှိုးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ငွေကျပ် သုံးသိန်း လာရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက် )**

# ချင်းတွင်းအနောက်ဒေသမှ ရိုးရာနတ်ယုံကြည်သူများ၏ အမေကြီးပွဲ (ခေါ် )အမေရေရှင်ပွဲစတင်ကျင်းပ

**မုံရွာ မတ် ၁၁**

ခါးပိုင် ကျားပိုင် မြွေပိုင် မီးပိုင်ဟု ကျော်ကြားသော အနောက် အမေကြီး (ခ)အမေရေရှင်နတ်ပွဲ(ဒေသအခေါ်-အမေကြီးပွဲ)ကို တပေါင်းလပြည့်နေ့တွင်စတင်ခြင်းဖြစ်သော်လည်း အနယ်နယ်အရပ်ရပ်မှ နတ်ဆက်သူများဖြင့် စည်ကားနေပြီဖြစ်သည်။

"ကန်တော့ခံနန်းလို့ခေါ်တဲ့ ဇီးတောနန်းမှာ ပွဲတော်ကွင်းကြီးက ၇၅ ဧကထက်မနည်းကျယ်ဝန်းပြီး နှစ်စဉ်ဆိုင်ခန်းပေါင်း ၁၅၀၀ လောက် ခင်းကျင်းလေ့ရှိပါတယ်။ အမေကြီးပွဲဟာ နတ်ဆက်တဲ့ပွဲတင်မက ဈေးရောင်းပွဲတော်အဖြစ်လည်း စိတ်ဝင်စားသူများပါတယ်။ အမေရေရှင်ပွဲကို ရောက်ဖူးသူတွေ အနေနဲ့ကတော့ ပေါင်းမိုးလှည်းတွေ ခင်းထားတဲ့ လှည်းပွဲကြီးအဖြစ် မျက်စိထဲ ပြေးမြင်မိကြပါလိမ့်မယ်" ဟု ယင်းမာပင်ဒေသခံ ကိုကိုလွင်က ပြောပြသည်။

တပေါင်းလပြည့်နေ့တွင် ပွဲတော်ဖွင့်ပွဲ စသည်။ လပြည့်ကျော် ၃ ရက်တွင် အမေရေရှင် နန်းဦးဆုတောင်းပြည့်ဘုရားတွင် ဆွမ်းကြီးလောင်းပွဲကျင်းပပြီး လပြည့်ကျော် ၄ ရက် နံနက် ၉ နာရီတွင် အမေရေရှင်မယ်တော်သည် ဝေါယာဉ်ဖြင့် နန်းဦးဆုတောင်းပြည့် ဘုရားကို ဖူးမြော်ကာ မွန်းတည့်ချိန်တွင် အမေရေရှင် ချိုးရေတော်သုံးသည်။ ရပ်နီးရပ်ဝေး ဧည့်သည်များအနေဖြင့် လပြည့်ကျော် ၅-၆-၇ ရက်နေ့များတွင် အများဆုံးလာရောက်ကြပြီး လပြည့်ကျော် ၈ ရက်တွင် နန်းသိမ်းအောင်ပွဲ၊ ကနားသိမ်းကျားသိမ်းအောင် ပွဲများကျင်းပသည်။

"တစ်နှစ်တစ်ခါဆက်တဲ့ပွဲတော်မှ ရရှိတဲ့ဝင်ငွေက၂၀၁၂ ခုနှစ် စာရင်းတွေအရ လုပ်ငန်းလေးခုထဲမှာတင် ကျပ်သိန်း ၆၀၀ ကျော်ရှိတယ်။ နန်းပုံတော်ရှေ့နဲ့ စောင်းတန်းဆိုင်ခန်းခ ကျပ်သိန်း ၂၁၀၊ နန်းဆိုင်းရှေ့နဲ့ ကန်တော့ပွဲကြေး ၅၅ သိန်း၊ ဈေးခန်းမက ငွေကျပ် သိန်း ၁၁၀၊ ပျံကျဈေးတန်း ကောက်ရတဲ့ ငွေက ငွေကျပ်သိန်း ၁၁၀၊ ကားလိုင်းခက ငွေကျပ် သိန်း ၁၁၀ နဲ့ ဘီးအပ်လက်ခံခက ငွေကျပ် သိန်း ၃၀ ရှိပါတယ်။ အမေကြီး ကို အကြောင်းပြုပြီး ကျင်းပလာတဲ့ ပွဲတော်က ဒေသခံတွေအတွက် အစောင့်အရှောက်တော့ ပေးနေပါတယ်။ အဲဒီ ပွဲတော်ကရတဲ့ ဝင်ငွေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ကိုင်နိုင်ခွင့်ရနေတာပါပဲ။ အဲဒါ အမေရေရှင် နတ်ရဲ့ အစောင့်အရှောက်ဖြစ်တယ်လို့ မြင်ပါတယ်"ဟု ကိုကိုလွင်က ထပ်လောင်းရှင်းပြသည်။ အမေကြီးနတ်ကို ပူဇော်ပသသူများတွင် ဒေသခံတောင်သူ၊ ဈေးသည်၊ လက်လုပ်လက်စားကနေ အဝေးမှ နတ်မျိုးနတ်နွယ်များ၊ ကုန်သည်ပွဲစားများ၊ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သည်။ နတ်လာဆက်သူများသည် အမေကြီးထံမှ မျှော်လင့်ချက်များရှိသည်။ တောင်သူများက သီးနှံအထွက်ကောင်းရန် ဆုတောင်းကြသလို ကျန်းမာရေးကောင်းရန် ဆုတောင်းကြသည်။ ပွဲတော်ကာလသည် တောင်သူများ ပဲသိမ်းရာသီ ကျောင်းသားကျောင်းသူများ စာမေးပွဲပြီးချိန်ဖြစ်နေသဖြင့် အရွယ်စုံ အလွှာစုံဖြင့် စည်ကားသောပွဲတော်ကြီးဖြစ်သည်။ အမေရေရှင်ပွဲတော်ကို မုံရွာမြို့အနောက်ဘက်၊ ချင်းတွင်းမြစ် အနောက်ဘက် ပုလဲမြို့နယ် မောင်းတုံရွာနှင့် ယင်းမာပင်မြို့နယ် ဇီးတောရွာတွင် ကျင်းပခြင်းဖြစ်သည်။



**မျိုးဝင်းထွန်း (မုံရွာ)**

# ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး အရှိန်မြှင့်ဆောင်ရွက်မည်

**အင်းတော် မတ် ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်းမှ ဈေးများနှင့် မွေးမြူရေးလုပ်ငန်းများရှိသော ကျေးရွာအုပ်စုများတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် ကော်မတီများကို မဲဇာ၊ မော်လူး၊ နဘား၊ မော်တိတ်နှင့် မန်လည် စသောကျေးရွာအုပ်စုများတွင် ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ကော်မတီများကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်စည်ပင်၊ ကျန်းမာရေးဌာန၊ မီးသတ်တပ်ဖွဲ့ မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများဖြင့် ဖွဲ့စည်းထားပြီး မတ် ၉ ရက်မှစတင်ကာ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကော်မတီများသည် မြို့နယ်အတွင်းမှ ပြည်သူများအား ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောခြင်း၊ ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ ရောဂါကူးစက်ပျံ့နှံ့မှုကို လေ့လာခြင်း၊ ရောဂါနမူနာပစ္စည်းများကို စစ်ဆေးခြင်း၊ အရေးပေါ် တုံ့ပြန်ဆောင်ရွက်ခြင်း၊ သတင်းထုတ်ပြန်ခြင်းနှင့် တရားမဝင်တင်သွင်းလာသည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို တားဆီးခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။
**ကိုမင်း(အင်းတော်)**

# ကမ်းပြိုကာကွယ်ရေးအတွက် ကိုယ့်အားကိုယ်ကိုး မျှောရေကာ တည်ဆောက်

**ကသာ မတ် ၁၁**
ဧရာဝတီမြစ် အရှေ့ဘက်ကမ်းဘေးရှိ ကသာမြို့နယ် လိပ်ထုံးကျေး၌ ကမ်းပြိုကျမှုကာကွယ်ရေးအတွက် ကိုယ့်အားကိုယ်ကိုး သုံးတန်းသွား မျှောရေကာကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာရယူပြီး ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

လိပ်ထုံးကျေးရွာသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကလုပ်ကိုင်ပြီး အိမ်ခြေ ၁၈၀ ကျော်တွင် လူဦးရေ ၁၀၀၀ နီးပါး နေထိုင်ကြကြောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း မြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ် ၁၇ လုံး ပျက်စီးခဲ့၍ ယခုနှစ်တွင် ကမ်းပြိုခြင်းမှ ကာကွယ်ရေးအတွက် မျှောရေကာကို မတ် ၂ ရက်မှ စတင်တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

မျှောရေကာ တည်ဆောက်ရာတွင် မျှောတိုင်နှစ်တန်းဖြင့် ရေကာအရှည် ပေ ၂၄၀ နှင့် မျှောတိုင်သုံးတန်းဖြင့် ရေကာအရှည် ပေ ၂၇၀ တည်ဆောက်ခြင်းဖြစ်ကာ စုစုပေါင်း မျှောတိုင် ၁၇၀၀၊ ဝါးအလုံး ၂၀၀၀ ဖြင့် သဲအိတ် ၅၀၀၀ ခန့် ထည့်နိုင်အောင် ပိုင်ရိုက်၍ တည်ဆောက်နေကြောင်း၊ ရေကာတည်ဆောက်ရေးလုပ်ငန်းအတွက် မျှောရေကာကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာအခမဲ့ ပံ့ပိုးကူညီပေးပြီး ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ရာ ကျပ်သိန်း ၁၀၀ ကျော် ကုန်ကျနေပြီဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

လိပ်ထုံးကျေးရွာသည် ဧရာဝတီမြစ်ကမ်းဘေးတွင် ရှိသည့်အတွက် ကမ်းပြိုကျမှုကို နှစ်စဉ်ကြုံတွေ့နေရပြီး ရွာမှာလည်း တစ်စတစ်စနှင့် ကျဉ်းမြောင်းလာလျက်ရှိကြောင်း၊ ယခင်နှစ်များကလည်း ကမ်းပြိုကျမှု ကာကွယ်ရေးလုပ်ငန်းများကို မိမိတို့အသိဖြင့် ဆောင်ရွက်ခဲ့ကြသော်လည်း နည်းပညာအားနည်းသဖြင့် ယာယီ အဟန့်အတားအနေဖြင့်သာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ကမ်းပြိုကျမှုကာကွယ်နိုင်ရေးမှာ အဓိကကျလာသဖြင့် နည်းပညာရှင်များနှင့် ပူးပေါင်းကာ မဖြစ်မနေ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း စိတ်အားထက်သန်စွာဖြင့် အလုပ်အကိုင်ရပ်နားကာ တစ်ရက်လျှင် ဒေသခံ ၅၀ ကျော်ဖြင့် ရေကာတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြကြောင်း လိပ်ထုံးကျေးရွာရှိ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။
**ငွေအိုး(ကသာ)**



# မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲနှင့် စာနယ်ဇင်းဈေးရောင်းပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၁**
မြန်မာနိုင်ငံ သတင်းမီဒီယာသမိုင်းကို လူငယ်သတင်းသမားများနှင့် ပြည်သူများ လေ့လာသိရှိနိုင်စေရန်နှင့် သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ပထမအကြိမ် မြန်မာသတင်းမီဒီယာ စာတမ်းဖတ်ပွဲကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ကြီးမှူး၍ မတ် ၁၈ ရက်နှင့် ၁၉ ရက်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ စာတမ်း ၁၀ စောင် အပါအဝင် စုစုပေါင်းစာတမ်း ၁၂ စောင်ကို ဖတ်ကြားသွားမည်ဖြစ်ကြောင်း၊ မြန်မာသတင်းမီဒီယာ စာတမ်းဖတ်ပွဲနှင့်အတူ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ ရုပ်သံထုတ်လွှင့်မှုစသော လုပ်ငန်းများအကြောင်းကို ပြသမည့် စာနယ်ဇင်းဈေးရောင်းပွဲတော်ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပထမအကြိမ် ကျင်းပသည့် မြန်မာသတင်းမီဒီယာ စာတမ်းဖတ်ပွဲနှင့် စာနယ်ဇင်းဈေးရောင်းပွဲတော်သို့ အများပြည်သူ မည်သူမဆို လာရောက်လေ့လာနိုင်ရန် ဖိတ်ကြားထားသည်။ ရန်ကုန်မြို့တော်ဝန်၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာသတင်းမီဒီယာ စာတမ်းဖတ်ပွဲကို မြို့တော်ခန်းမ၌ ကျင်းပနိုင်ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်သူရ**

# စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏ ဂူဗိမာန်အား ပြုပြင်မွမ်းမံ

**ရန်ကုန် မတ် ၁၁**
သန်လျင်မြို့နယ် စာရေးဆရာအသင်းမှ ဦးဆောင်၍ သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာ သုသာန်ရှိ စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင် ဂူဗိမာန်အား မတ်လ ၁၁ ရက် နံနက်ပိုင်းက ပြုပြင်မွမ်းမံနေကြသည်ကို တွေ့မြင်ရသည်။

နိုင်ငံကျော် အမျိုးသားစာပေဆုရ စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင် မူရင်းအမည် ဦးခင်မောင်တင့် အသက် (၇၃နှစ်)သည် သန်လျင်မြို့ အမှုထမ်းရပ်ကွက် ဓမ္မရောင်ခြည်လမ်း၌ နေထိုင်ခဲ့ပြီး ၁၀.၅.၂၀၀၂ ခုနှစ်တွင် ကွယ်လွန်ခဲ့ရာ ဆရာကြီး၏ ဆန္ဒအရ အရိုးပြာအိုးကို သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာ သုသာန်၌ ဂူဗိမာန်ဖြင့် ထားရှိခဲ့ကြောင်း သိရသည်။

ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်သည် မြန်မာပြည်တွင်သာမက ကမ္ဘာကပါ အသိအမှတ်ပြုသော စာရေးဆရာကြီးဖြစ်ကြောင်း ဆရာကြီး၏ ဦးတည်ချက်၊ ရည်ရွယ်ချက်များမှာလည်း စာရေးဆရာများအတွက် ရှင်သန်စေကြောင်း၊ ထို့အတွက် ဆရာကြီး ကျေးဇူးကို မမေ့သောအားဖြင့် ဆရာကြီး၏ ဂူဗိမာန်အား လာရောက်ပြုပြင်ရခြင်းဖြစ်ကြောင်း သန်လျင်စာရေးဆရာအသင်းနာယက ကျော်မင်းနိုင်(သန်လျင်)က ပြောသည်။

ဆက်လက်၍ သန်လျင်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးစောဝင်း (ဖိုးစော-သန်လျင်)က ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်သည် သန်လျင်မြို့၏ဂုဏ်ထူးဆောင် စာပေဖခင်ကြီးဖြစ်ကြောင်း၊ ထို့အတူ သန်လျင်မြို့၌ရှိသော စာပေပါရဂူများဖြစ်သည့် နတ်ရှင်နောင်၊ ဝန်ကြီးပဒေသရာဇာ၊ အုတ်ဂူများကိုလည်း သန်လျင်မြို့နယ် စာရေးဆရာအသင်းနှင့် ကာတွန်းဆရာများပူးပေါင်း၍ နှစ်စဉ်ဆရာကြီးများ၏ ဂူဗိမာန်များကို ပြုပြင်မွမ်းမံလျက်ရှိကြောင်း၊ ထို့အတူ သန်လျင်မြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး ဦးသော်ဝင်းကြည်က ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏ အလိမ္မာစာမှာရှိ အဆိုအတိုင်း မျိုးဆက်သစ် စာပေပညာရှင်များ ပေါ်ပေါက်လာပါကြောင်း၊ အဆိုပါ မျိုးဆက်သစ်စာပေပညာရှင်များ ပြန့်ပွားလာအောင် သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများနှင့် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။
**သက်ခိုင် (သန်လျင်)**



# လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်းဘေးရှိ ကျူးကျော်ဓာတ်ဆီဆိုင်မီးလောင်

**ရန်ကုန် မတ် ၁၁**
မီးလောင်မှုနှင့် မီးလန့်မှုမကြာခဏ ဖြစ်ပွားလျက်ရှိသော လှိုင်သာယာမြို့နယ်၌ မတ် ၁၁ ရက် နံက် ၁၀ နာရီ ၅၅ မိနစ်က ညောင်ကျေးရွာအုပ်စုပိုင် ရန်ကုန်-ပုသိမ်ကားလမ်းဘေး စက်မှုဇုန် (၂)ရှိ အဆင့်မြင့်မှတ်တိုင်နှင့် ဗိုလ်ချုပ်မှတ်တိုင်ကြားတွင်ရှိသော ကျူးကျော်ဓာတ်ဆီဆိုင်မှ ဆီပေပါအတွင်းရှိ ဓာတ်ဆီအား ဗူးအတွင်းထည့်စဉ် အနီးရှိ မီးဖိုသို့ ကူးစက်လောင်ကျွမ်းခဲ့ပြီး ဆိုင်အလုပ်သမား နှစ်ဦးမီးလောင်ဒဏ်ရာရရှိခဲ့ကာ အချိန်မီငြိမ်းသတ်နိုင်ခဲ့၍ အနီးရှိ ကျူးကျော်တဲ ၃၀ ကျော် မီးကူးစက်လောင်ကျွမ်းနိုင်မှုမှ ကင်းဝေးခဲ့ကြောင်း သိရသည်။

ရန်ကုန်-ပုသိမ်ကားလမ်းမကြီးနံဘေးရှိ အမှတ်(၅)ရပ်ကွက်၌ နေထိုင်သည့်ကျော်မိုး (၃၅နှစ်)၏ ကျူးကျော်ဓာတ်ဆီဆိုင်တွင် ဆိုင်အလုပ်သမား ညီထွေး(ခ)သာထူး(၂၅နှစ်)မှာ ဆီပေပါအတွင်းမှ ဓာတ်ဆီကို ရေသန့်ဘူးခွံအတွင်း ထည့်နေစဉ် ဘေးသို့ဖိတ်ကာ အနီးရှိ မီးသွေးမီးဖိုသို့ ကူးစက်လောင်ကျွမ်း၍ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် ညီထွေးနှင့် ဆိုင်အလုပ်သမားဖြစ်သူ အောင်ခိုင် (၂၇နှစ်)တို့ မီးလောင်ဒဏ်ရာများ ရရှိခဲ့ကြသည်။ ပေ ၂၀ ပတ်လည် ဝါးခင်းထရံကာ တာလပတ်မိုး ဓာတ်ဆီဆိုင်တဲတစ်လုံး၊ ဓာတ်ဆီ၊ ဒီဇယ်ထည့်ထားသော ဆီပေပါများနှင့် ခေါင်းရင်းရှိ ခနိမိုးထရံကာ ကျူးကျော်တဲတစ်ခြမ်းတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

မီးလောင်ရာသို့ မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူးနှင့် လှိုင်သာယာမြို့နယ် မီးသတ်ဦးစီးမှူးတို့ဦးစီး၍ မီးသတ်ယာဉ်ငါးစီးဖြင့် အချိန်မီငြိမ်းသတ်ခဲ့ရာ ဓာတ်ဆီဆိုင်နံဘေးရှိ ကျူးကျော်တဲ ၃၀ ကျော် မီးကူးစက်လောင်ကျွမ်းနိုင်မှုမှ ကင်းဝေးခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ညီထွေး(ခ)သာထူးအား မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။
**သန်းထိုက်(လှိုင်သာယာ)**



# မှတ်သားဖွယ်ရာမိုးရေချိန်

**နေပြည်တော် မတ် ၁၁**
မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ပလက်ဝမြို့တွင် ဝ ဒသမ ၀၆ လက်မ၊ နေပြည်တော်(ဇမ္ဗူသီရိ) နှင့် မောင်တောမြို့တို့တွင် ဝ ဒသမ ၉၅ လက်မစီ၊ ပျဉ်းမနားမြို့တွင် ဝ ဒသမ ၇၁ လက်မ ၊ နေပြည်တော်(ဇေယျာသီရိ)တွင် ဝ ဒသမ ၅၉ လက်မ၊ ဟားခါးမြို့နှင့် တောင်တွင်းကြီးမြို့တို့တွင် ဝ ဒသမ ၅၅ လက်မစီ၊ ဖလမ်းမြို့တွင် ဝ ဒသမ ၅၁ လက်မ၊ တီးတိန်မြို့နှင့် စစ်တွေမြို့တို့တွင် ၁ ဒသမ ၃၆ လက်မစီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# မောင်တောမြို့နယ်၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့ထံမှ လက်နက်နှင့်ဆက်စပ်ပစ္စည်းများလုယူထွက်ပြေး

**နေပြည်တော် မတ် ၁၁**
မောင်တောမြို့နယ် အောင်ဇံရွာ၌ လူငါးဦးကို ရဲကင်းသို့ ခေါ်ယူစစ်ဆေးစဉ် ရဲတပ်ဖွဲ့ဝင်များအား လုံးထွေးတိုက်ခိုက်၍ လက်နက် သုံးလက်နှင့် ခဲယမ်းအချို့လုယူထွက်ပြေးသွားကြောင်း သိရသည်။

မောင်တောမြို့နယ် နယ်မြေ(၂) အောင်ဇံရွာ၌ ဆိုင်ကယ်ငါးစီးဖြင့် တရားမဝင်ပစ္စည်းများ တင်ဆောင်လာကြောင်း ယနေ့ညနေပိုင်းတွင် ရွာသားတစ်ဦး၏ သတင်းပေး ချက်အရ အောင်ဇံရဲကင်းမှူးနှင့်အဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဆိုင်ကယ်စီးလာသူ ငါးဦးအား တွေ့ရှိသဖြင့် အောင်ဇံရဲကင်းသို့ခေါ်၍ စစ်ဆေးရာ ၎င်းတို့နှင့်အတူ ဘီယာဘူး၊ ဆားကစ်ပြားနှင့် ရီမုများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

မသင်္ကာသူများအားစစ်ဆေးနေစဉ် ၎င်းတို့က ရဲတပ်ဖွဲ့ဝင်ငါးဦးအား လုံးထွေးတိုက်ခိုက်၍ ရဲကင်းမှဘီအေ ၉၄ နှစ်လက်၊ (ကျည်အိမ်ကျည်မပါ)နှင့် ဘီအေ ၆၃ တစ် လက်၊ (ကျည်အိမ်တစ်ခု ကျည်ဆန် ၁၅ တောင့်) တို့အားလုယူ၍ နယ်စပ်မှတ်တိုင် ၄၃ ဘက်သို့ထွက်ပြေးသွားကြောင်း သိရသည်။

လက်နက်များလုယူထွက်ပြေးသွားသူများကို နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းလျက်ရှိပြီး ဖြစ်စဉ်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်ခြားစောင့်တပ်သို့ အကြောင်းကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# မက္ကဆီကိုတွင် အာဏာပိုင်များပါဝင်ပတ်သက်နေသော ဒုစရိုက်ဂိုဏ်းမှဂိုဏ်းသား ၈၇ ဦးကို ဖမ်းဆီးရမိ



**မက္ကဆီကိုစီးတီး မတ် ၁၁**

မက္ကဆီကိုရဲတပ်ဖွဲ့ဝင်များနှင့် မြို့တော်ဝန်တစ်ဦးတို့ ပါဝင်ပတ်သက်မှုရှိသော ဒုစရိုက်ဂိုဏ်းတစ်ခုနှင့် ချိတ်ဆက်မှုရှိနေသည်ဟု သံသယရှိသူ ၈၇ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း မက္ကဆီကို အလယ်ပိုင်း ပူးဘလာပြည်နယ်အစိုးရက ယမန်နေ့က ကြေညာခဲ့သည်။

ပူးဘလာပြည်နယ် ပြန်ပေးဆွဲတိုက်ဖျက်ရေးအဖွဲ့ဝင်အေးဂျင့် သုံးဦး မတ် ၉ ရက်က အသတ်ခံရခြင်းကို တုံ့ပြန်သည့်အနေဖြင့် ရဲအရာရှိ ၅၀၀ ခန့်ပါဝင်သော ပူးပေါင်းစစ်ဆင်ရေးတစ်ရပ် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အစိုးရထုတ်ပြန်ချက်အရ သိရသည်။

အယ်လ်ဘူချာနန် ဦးဆောင်သည့် ဒုစရိုက်ဂိုဏ်း လော့စ်ဇီတက်၏ လက်အောက်ခံ ဂိုဏ်းခွဲအဖွဲ့ဝင်များအား နှိမ်နင်းရန်ရည်ရွယ်ပြီး စစ်ဆင်ရေး ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပူးဘလာပြည်နယ် ပြည်ထဲရေးဝန်ကြီး ဒိုင်အိုဒိုရိ ကာရက်စ်ကိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အက်ဇစ်ဇင်တလာ မြို့တော်ဝန် ဂျိုဇ့်အိုင်ဆက်စ်ဗီလက်ဇ်ကွက်ဇ်နှင့် ဒေသခံရဲတပ်ဖွဲ့က အဆိုပါဂိုဏ်းအား အကာအကွယ်ပေးထားကြောင်း ကာရက်စ်ကိုက ထုတ်ဖော်ပြောကြားခဲ့သည်။

အသတ်ခံရသော အေးဂျင့်သုံးဦးသည် ဖေဖော်ဝါရီလက ရာဇဝတ်မှုတစ်ခုကို စုံစမ်းနေခဲ့ပြီး နောက်ပိုင်းတွင် ဆန်ဂျို့ဇ်ကူရာချာပါ ကျေးရွာတွင် ပစ်သတ်ခံခဲ့ရကြောင်း၊ ၎င်းတို့၏ ရုပ်အလောင်းများကို လမ်းနံဘေးတွင် မြှုပ်ထားကြောင်း ပြည်နယ်ရှေ့နေချုပ် ဗစ်တာကာရန်ကာက ဖြည့်စွက်ပြောကြားခဲ့သည်။

မတ် ၉ ရက်က ပြုလုပ်ခဲ့သော စစ်ဆင်ရေးတွင် ခေါင်းဆောင်ဖြစ်သူ အယ်လ်ဘူချာနန် လွတ်မြောက်သွားခဲ့ကြောင်း၊ အဆိုပါ စစ်ဆင်ရေးတွင် ရိုင်ဖယ် ၁၆ လက်၊ ခြောက်လုံးပြူးသေနတ်ငါးလက်၊ လက်ပစ်ဗုံးသုံးလုံး၊ ကျည်ဆန် ၄၆၀၀ နှင့် လောင်စာဆီခိုးယူရာတွင် အသုံးပြုသည့် မော်တော်ယာဉ် အစီး ၃၀ စသည်တို့ကို သိမ်းဆည်းရရှိခဲ့ကြောင်း ကာရက်စ်ကိုက ပြောသည်။

ဖမ်းဆီးရမိသူများကို လူသတ်မှု၊ ပြန်ပေးဆွဲမှုနှင့် လောင်စာဆီခိုးယူမှု စသည့် ပြစ်မှုများဖြင့် ပူးဘလာအစိုးရက တရားစွဲရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

(ဆင်ဟွာ)

# ကလေးသူငယ်ကျန်းမာရေးအတွက် ပထမဆုံးသုတေသနစင်တာကြီး တရုတ်တည်ဆောက်

**ပေကျင်း မတ် ၁၁**

ကလေးသူငယ် ကျန်းမာရေးအတွက် ပထမဆုံး သုတေသနစင်တာကြီး တစ်ခုကို တရုတ်နိုင်ငံ ဟူဘေးပြည်နယ်တွင် တည်ဆောက်သွားမည်ဖြစ်ပြီး ကလေးသူငယ် ကျန်းမာရေးစောင့်ရှောက်မှုစနစ်အား တိုးမြှင့်လုပ်ဆောင် သွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဝူဟန်တက္ကသိုလ်နှင့် ဝူဟန်ရှိ ပေကျင်းအခြေစိုက် ကလေးသူငယ်ဆိုင်ရာ နည်းပညာလုပ်ငန်းတို့ ပူးပေါင်းကာ ပထမဆုံး သုတေသနစင်တာကြီးကို ဟူဘေးပြည်နယ်တွင် တည်ဆောက်လိုက်ခြင်းဖြစ်ပြီး ကလေးသူငယ်များအတွက် ရောဂါကာကွယ်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့် တစ်ကိုယ်ရေကုသမှုစသည့် ပြည့်စုံသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သုတေသနစင်တာကြီးသည် ရှန်ဟဲ၊ ဟဲနန်၊ ဟူဘေး၊ ဟူနန်း၊ ကျန်းစု၊ အန်ဟွေနှင့် စီချွမ် စသည့်ပြည်နယ်များအပါအဝင် ပြည်နယ်ခုနစ်ခုရှိ ဆေးရုံ ၇၀ မှ ကလေးသူငယ်ပေါင်း ၂၀၀၀၀ ကျော်၏ သတင်းအချက်အလက်များအား စုစည်းရရှိထားပြီးဖြစ်ကြောင်း သိရသည်။

ယင်းသတင်းအချက်အလက်များကို ၂၀၁၇ ခုနှစ်အတွင်းတွင် ဆေးရုံပေါင်း ၃၀၀ သို့လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ဆေးရုံပေါင်း ၁၀၀၀ သို့ လည်းကောင်း ဖြန့်ဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

# အစ္စတန်ဘူလ်တွင် ရဟတ်ယာဉ်ပျက်ကျပြီး ယာဉ်ပေါ်ပါသူအားလုံးသေဆုံး

**အစ္စတန်ဘူလ် မတ် ၁၁**

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ယမန်နေ့က စီးပွားဖြစ်ဝန်ဆောင်မှုပေးနေသော ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ ရုရှားနိုင်ငံသားလေးဦး အပါအဝင် ရဟတ်ယာဉ်ပေါ် လိုက်ပါလာသူ ခုနစ်ဦးစလုံး သေဆုံးသွားကြောင်း အစ္စတန်ဘူလ်မြို့တော်ဝန်က ဆိုသည်။

သေဆုံးသူငါးဦးမှာ ရဟတ်ယာဉ် ပျက်ကျသည့်နေရာတွင်ပင် သေဆုံးခဲ့ကြောင်း မြို့တော်ဝန် ကာဒါတော့ပ်ဘက်စ်က ဆိုသည်။ ကျန်နှစ်ဦးမှာ နောက်ပိုင်းတွင် သေဆုံးခဲ့ကြောင်း သိရသည်။ ဆိုင်ကော်စကီ အက်စ်-၇၆ ရဟတ်ယာဉ်သည် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုမှ ပိုင်ဆိုင်သော ရဟတ်ယာဉ်ဖြစ်ပြီး ဘေလစ်ဒုဇ်ခရိုင် အပြင်ဘက်တွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရဟတ်ယာဉ်တွင် လေယာဉ်မှူးနှစ်ဦး၊ အမျိုးသမီးခရီးသည်နှစ်ဦးနှင့် အမျိုးသားခရီးသည်သုံးဦးတို့ကို တင်ဆောင်လာကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ယင်းရဟတ်ယာဉ်သည် ရုပ်မြင်သံကြား တာဝါတိုင်တစ်ခုကို တိုက်မိရာမှ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း တူရကီနိုင်ငံ ပို့ဆောင်ရေး၊ ရေကြောင်းနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ပြောကြားချက်အရ သိရသည်။

ရဟတ်ယာဉ်ပျက်ကျရာနေရာတွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းနေကြောင်း သိရသော်လည်း ရဟတ်ယာဉ်စတင်ထွက်ခွာချိန်တွင် ရာသီဥတုကောင်းမွန်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။ ရဟတ်ယာဉ်သည် အတာတူတက်ခ်လေဆိပ်မှ ထွက်ခွာပြီး ငါးမိနစ်ခန့်အကြာတွင် ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း အစ္စတန်ဘူလ် အုပ်ချုပ်ရေးမှူး ဗာစစ်ဆာဟင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

(ဆင်ဟွာ)




# အာဖဂန်အရှေ့ပိုင်းရှိ လေတပ်အခြေစိုက်စခန်းကို သေနတ်သမားများတိုက်ခိုက်

**ကဘူးလ် မတ် ၁၁**

အာဖဂန်အရှေ့ပိုင်းပြည်နယ် ခို့စ်ရှိ စစ်ဘက်ဆိုင်ရာ လေတပ်အခြေစိုက်စခန်းတစ်ခုကို သေနတ်သမားများက တိုက်ခိုက်ခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက မတ် ၁၁ ရက်က ပြောခဲ့သည်။

စစ်သွေးကြွသုံးဦးသည် ပါကစ္စတန်နယ်စပ်အနီး လေတပ်အခြေစိုက်စခန်းကို တိုက်ခိုက်ခဲ့ကြောင်း ခို့စ်ရဲဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူ ဖေဇူလာဂိုင်ရက်တ်က ပြောခဲ့သည်။ စစ်သွေးကြွသုံးဦးအနက် တစ်ဦးသေဆုံးခဲ့ပြီး ကျန်နှစ်ဦးမှာ ဆက်လက်ခုခံနေကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး ကဘူးလ်ရှိ နေတိုးဦးဆောင်ထောက်ပံ့ရေးဌာနချုပ်က မှတ်ချက်ပြု ပြောဆိုခြင်းမရှိသေးချေ။ တာလီဘန်အဖွဲ့များက အကြမ်းဖက်သောင်းကျန်းမှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသောကြောင့် အာဖဂန်တပ်ဖွဲ့များအနေဖြင့်လည်း တိုက်ခိုက်မှုများ မြင့်တက်လာသည်ကို ယခုနှစ်တွင် တွေ့ရှိရမည်ဖြစ်ကြောင်း အာဖဂန်နှင့် အမေရိကန်အရာရှိများက ပြောကြားခဲ့သည်။

အမေရိကန် ဗဟိုထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ဂျိုးဆက်ဖ်ဗိုတယ်က အမေရိကန်တပ်ဖွဲ့များ ပိုမိုတိုးမြှင့်ချထားပေးသင့်ကြောင်း ယခုအပတ်အစောပိုင်းက တောင်းဆိုလိုက်သည်။ လတ်တလောတွင် အာဖဂန်နစ္စတန်တစ်ဝန်း အကြမ်းဖက်တန်ပြန်တိုက်ခိုက်ရေးစစ်ဆင်မှုများတွင် လုံခြုံရေးတပ်ဖွဲ့များက စစ်သွေးကြွ ၅၁ ဦးကို သုတ်သင်ရှင်းလင်း ခဲ့ကြောင်း အာဖဂန် ပြည်ထဲရေးဝန်ကြီးဌာနက လွန်ခဲ့သော ၂၄ နာရီက ပြောခဲ့ သည်။

(ရိုက်တာ)

# ရှီးယိုက်ဝတ်ပြုသူများကို ဦးတည်၍ အသေခံဗုံးခွဲတိုက်ခိုက်၊ လူ ၄၀ ထက်မနည်း သေဆုံး

**ဒမတ်စကတ် မတ် ၁၁**

ဒမတ်စကတ်ရှိ ရှီးယိုက်ဝတ်ပြုသူများကို ဦးတည်၍ ဗုံးနှစ်လုံးဖြင့်တိုက်ခိုက်ခဲ့ရာ အီရတ်လူမျိုး ၄၀ ထက်မနည်း သေဆုံးခဲ့ပြီး ၁၂၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း အီရတ် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောခဲ့သည်။

မတ် ၁၁ ရက်နေ့တိုက်ခိုက်မှုကို မည်သည့်အဖွဲ့က ပြုလုပ်သွားသည်ကို လတ်တလောတွင် မသိရသေးချေ။

သို့သော်လည်း ဟစ်ဇ်ဘိုလာရုပ်သံ အယ်လ်မနာက ဗုံးဖောက်ခွဲမှုကို အသေခံဗုံးခွဲသမားနှစ်ဦးက ပြုလုပ်ခဲ့ကြောင်း ပြောခဲ့သည်။

ဆီးရီးယား နိုင်ငံပိုင်ရုပ်သံက ပြတင်းပေါက်များ လွင့်စဉ်သွားပြီး ပျက်စီးထိခိုက်သွားသည့် ဘတ်စ်ကားနှစ်စီးကို ပြသခဲ့သည်။ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နေရာအနီးတစ်ဝိုက်တွင် သွေးနံ့များဖုံးလွှမ်းလျက်ရှိကာ ရှူးဖိနပ်များမှာလည်း လွင့်စဉ်ပြန့်ကျဲလျက်ရှိသည်။




အသေခံ ဗုံးခွဲတိုက်ခိုက်မှုသည် ဘတ်ဘ်အယ်လ်ဆာဂါနေရာအနီး ဝတ်ပြုသူများ စုရုံးရာ ဘတ်စ်ကားဂိတ်အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပထမဗုံးပေါက်ကွဲပြီး ၁၀ မိနစ်အကြာတွင် ဒုတိယဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဟစ်ဇ်ဘိုလာရုပ်သံအယ်လ်မနာ၏ ဒမတ်စကတ်သတင်းထောက်က ၎င်း၏သတင်းဌာနသို့ ဖုန်းဖြင့် သတင်းပေးပို့ခဲ့သည်။

ဝတ်ပြုသူများသည် ဒမတ်စကတ်အပြင်ဘက်ရှိ ဆာရီဒါဇင်နတ်ဘ်ဘုရားကျောင်းမြေတွင် ဝတ်ပြုပြီးနောက် အနီးအနားရှိ ဘတ်ဘ်အယ်လ်ဆာဂါနေရာတွင် ဝတ်ပြုဆုတောင်းခါနီး ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

(ရိုက်တာ)

# ၂၀၁၆ ခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့ ထူးချွန်ဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၁**

၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရိုးရာလက်ဝှေ့ ထူးချွန်ဆုများ ပေးအပ်ပွဲကို Great Tiger Group(GTG)၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့ သိမ်ဖြူ မြန်မာ့ရိုးရာလက်ဝှေ့အားကစားရုံ၌ မတ် ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရိုးရာလက်ဝှေ့ ထူးချွန်ဆုပေးပွဲတွင် ပေးအပ်မည့်ဆုများမှာ အတိုးတက်ဆုံး အားကစားသမားဆု၊ အလဲထိုးစွမ်းဆောင်ရည်ဆု၊ ကြိုးစားအားထုတ်မှု ထူးချွန်ကလပ်ဆုများဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့ ထူးချွန်ဆုပေးပွဲသည် ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ပထမအကြိမ်ကို မန္တလေးမြို့၌ ကျင်းပခဲ့ကာ ၂၀၁၅ ခုနှစ်အတွက် ထူးချွန်ဆုများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်အတွက် အတိုးတက်ဆုံး အားကစားသမားဆုကို ဖျံသွေး(ရွှေမိုးထိကလပ်)က ရရှိသည်။ ဖျံသွေးသည် အသက် ၂၁ နှစ်သာ ရှိသေးပြီး သူထိုးရသည့် ၇၁ ကီလိုတန်းတွင် အမြင့်ဆုံးရောက်အောင် စွမ်းဆောင်နိုင်သူဖြစ်သည်။

အလဲထိုးစွမ်းဆောင်ရည်ဆုကို စောထူးဇော်(ရွှေဖူးကလပ်)က ရရှိပြီး စောထူးဇော်သည် ၂၀၁၆ ခုနှစ်အတွင်း ၁၄ ပွဲကစားခဲ့ရာတွင် အလဲထိုးဖြင့် ၁၃ ပွဲ အနိုင်ရရှိကာ သရေတစ်ပွဲ ဖြစ်ခဲ့သည်။ စောထူးဇော်သည် အသက် ၂၄ နှစ်သာ ရှိသေးပြီး ၆၂ ကီလိုတန်းတွင် ထိုးသတ်နေသူဖြစ်သည်။

ကြိုးစားအားထုတ်မှု ထူးချွန်ကလပ်ဆုကို ဗမာ့သွေးကလပ်က ရရှိသည်။ ဗမာ့သွေးကလပ်သည် မန္တလေးမြို့မှဖြစ်ပြီး ဆရာစနေမောင်မောင်က ဦးဆောင်နေသော ကလပ်ဖြစ်သည်။ ဗမာ့သွေးကလပ်သည် ၂၀၁၆ ခုနှစ်တွင် ရွှေခါးပတ်ဆု နှစ်ဆုကို ရရှိခဲ့ပြီး ကလပ်မှ ကစားသမားများဖြစ်သည့် သားအသည်းတစ်ပွင့်နှင့် စွမ်းထက်နိုင်တို့က ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံဆုကိုလည်း သားအသည်းတစ်ပွင့်က ရရှိခဲ့သည်။

ပြီးခဲ့သည့်နှစ်က မန္တလေးမြို့၌ ကျင်းပခဲ့သည့် ပထမအကြိမ် ထူးချွန်ဆုပေးပွဲတွင် ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမားဆုကို ထွန်းထွန်းမင်းကလည်းကောင်း၊ အတိုးတက်ဆုံး အားကစားသမားဆုကို သွေးသစ်အောင်ကလည်းကောင်း၊ အလဲထိုးစွမ်းဆောင်ရည်ဆုကို ရဲသွေးနီကလည်းကောင်း၊ ကြိုးစားအားထုတ်မှု ထူးချွန်ကလပ်ဆုကို အဖြူရောင်သွေးသစ်ကလပ် ကလည်းကောင်း ရရှိခဲ့သည်။ ပြီးခဲ့သည့် ပထမအကြိမ်တွင် အကောင်းဆုံး အားကစားသမားဆုကို ပေးအပ်ခဲ့သော်လည်း ယခုကျင်းပမည့် ဒုတိယအကြိမ်တွင် အကောင်းဆုံးအားကစားသမားဆုကို ပေးအပ်နိုင်ခြင်းမရှိကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**




# လေပြင်းတိုက်၍ နေအိမ်ပျက်စီးသူများအား ထောက်ပံ့

**တပ်ကုန်း မတ် ၁၁**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ မတ် ၈ ရက် ည ၁၀ နာရီခန့်က အချိန်အခါမဟုတ် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်၍ ကံကြီးကျေးရွာအုပ်စု ကံကြီးကျေးရွာတွင် နေအိမ် ၁၅ လုံး အမိုးလန်ကျပျက်စီးကာ နေအိမ်တစ်လုံး လဲပြိုပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါကျေးရွာသို့ နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးတင်ထွဋ်၊ နေပြည်တော် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီသီချို၊ ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမွန်ဇံနှင့် တာဝန်ရှိသူများသည် မတ် ၉ ရက်က သွားရောက်ပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။ နေအိမ်ပြိုကျပျက်စီးသည့် အိမ်ထောင်စုအတွက် ကျား/မဝတ် လုံချည်၊ စောင်၊ တဘက်၊ အင်္ကျီ၊ ဆပ်ပြာ၊ ဒန်အိုး၊ ဇလုံ၊ ခြင်ထောင်စသည့် ပစ္စည်းများနှင့် အမိုးလန်ပျက်စီးသည့် အိမ်ထောင်စု ၁၅ စုအတွက် တစ်အိမ်ထောင်လျှင် ကျား/မဝတ် လုံချည်၊ တဘက်နှင့် ဆပ်ပြာများကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ပြခန်းယာဉ်ဖြင့် မူခင်းပညာပေးမှုများဆောင်ရွက်

**ရန်ကုန် မတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မူခင်းကျဆင်းရေးအတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ မူခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ပြသ အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိရာ မတ် ၉ ရက်က ဒဂုံမြို့နယ် ပြည်သူ့ဥယျာဉ် ဝင်ထွက်ပေါက်အနီး၌ မူခင်းကျဆင်းရေး ပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိသော ရဲလုပ်ငန်းများအကြောင်း၊ ပြစ်မှုကျူးလွန်ခြင်း မခံရစေရန် သတိပြုဖွယ်ရာများ၊ လူကုန်ကူးမှုအန္တရာယ် ကာကွယ်တားဆီးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး အကြောင်းများကို ရဲတပ်ဖွဲ့ဝင်များက ကဏ္ဍအလိုက် ရှင်းလင်းဟောပြောပြီး အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ရာ ပြည်သူ့ရင်ပြင်သို့ လာရောက်အပန်းဖြေသော ပြည်သူများက ပြခန်းယာဉ်ပေါ်သို့ တက်ရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပဲခူး-ကျိုက်ထို-ဘားအံ အသွားအပြန် မိုင် ၂၆၀ တာဝေးစက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စက်ဘီးအားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များ စက်ဘီးအားကစားနည်းတွင် စိတ်ပါဝင်စားလာစေရန်နှင့် ထူးချွန်ထက်မြက်၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်သော စက်ဘီးအားကစားသမား မျိုးဆက်သစ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က ကြီးမှူးပြီး ပဲခူး-ကျိုက်ထို-ဘားအံ အသွားအပြန် မိုင် ၂၆၀ တာဝေး စက်ဘီးပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စက်ဘီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မတ် ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံကွင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး အစည်းအဝေးတွင် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနများနှင့် Joy Trading ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ ပါဝင် ဆွေးနွေးကြသည်။ အစည်းအဝေးတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁) ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြတ်သူက ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးကာ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားမှူးများက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ပြိုင်ပွဲကို မတ် ၂၃ ရက်မှ စတင်ကျင်းပပြီး ထိုနေ့တွင် ပဲခူးမှ ကျိုက်ထိုသို့ မိုင် ၆၀၊ မတ် ၂၄ ရက်တွင် ကျိုက်ထိုမှ ဘားအံသို့ မိုင် ၇၀၊ မတ် ၂၅ ရက်တွင် ဘားအံမှ ကျိုက်ထိုသို့ မိုင် ၇၀ နှင့် မတ် ၂၆ ရက်တွင် ကျိုက်ထိုမှ ပဲခူးသို့ မိုင် ၆၀ ဖြင့် စုစုပေါင်း မိုင် ၂၆၀ တာဝေးစက်ဘီးပြိုင်ပွဲဖြစ်ကြောင်း၊ ပြိုင်ပွဲနေ့အလိုက် ပန်းဝင်တိုင်း ဆုများချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲအစမှ ပြိုင်ပွဲပြီးသည်အထိ (၁)မှ (၁၀)ထိ ဆုများကို ထပ်မံရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ဘီးပြိုင်ပွဲသို့ ဝန်ကြီးဌာနအသင်းများ၊ ကလပ်အသင်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းများမှ စက်ဘီးစီး အားကစားသမား ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်အသင်းများ၏ နေထိုင်စားသောက်စရိတ်များကို Joy Trading ကုမ္ပဏီလီမိတက်၏ ပံ့ပိုးမှုဖြင့် ပဲခူး၊ ကျိုက်ထိုနှင့် ဘားအံမြို့များတွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



# မဲရုံဆိုင်ရာလုပ်ငန်းသင်တန်း ဖွင့်လှစ်ပို့ချ

**ကျောက်တံခါး မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲရုံမှူး၊ ဒုမဲရုံမှူးများအဖြစ် တာဝန်ထမ်းဆောင်မည့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအား မဲရုံဆိုင်ရာလုပ်ငန်းသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ နောက်ဆုံးသင်တန်းအပတ်စဉ်ကို မတ် ၁၀ ရက်က ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

မဲရုံမှူး၊ ဒုမဲရုံမှူးများအတွက် တာဝန်ပေးထားသော ဆရာ ဆရာမ ၁၀၀ အား မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားရုံတို့၌ ၅၀ စီ နေရာခွဲ၍ ဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်ပြီး သင်တန်းနည်းပြများအဖြစ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသန်းဦးနှင့် ဦးမောင်အေးတို့က နှစ်ရက်ကြာ သင်ကြားပို့ချခဲ့ခြင်းဖြစ်သည်။ ကျောက်တံခါးမြို့နယ်တွင် အထွေထွေရွေးကောက်ပွဲအတွက် တာဝန်ထမ်းဆောင်ရန် စုစုပေါင်း ဆရာ ဆရာမ ၄၀၆ ဦးအား အဖွဲ့ ရှစ်ဖွဲ့ခွဲ၍ သင်တန်းအပတ်စဉ်လေးခုဖြင့် သင်ကြားပို့ချပေးထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲသို့ မန်စီးတီးတို့ တက်ရောက်

အင်္ဂလန်အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်များမှ အစောပွဲအဖြစ် မတ် ၁၁ ရက် စနေနေ့ညပိုင်းတွင် မစ်ဒယ်ဘရော့နှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ယင်းပွဲတွင် မစ်ဒယ်ဘရော့အသင်းသည် ၄-၃-၃ ပုံစံဖြင့် ထရာအိုရေး၊ ဂက်စ်တီဒီနှင့် စတူအာနီတို့ တိုက်စစ်အတွဲဖြင့် ပွဲထွက်ခဲ့ပြီး မန်စီးတီးသည် ၄-၂-၃-၁ ပုံစံအတိုင်း အဂူရိုကိုအထောင်ထား ပွဲထွက်ခဲ့သည်။ ပွဲစပြီးပွဲချိန် ၃ မိနစ်တွင် စတားလင်းဖန်တီးမှုမှတစ်ဆင့် ကွင်းလယ်ကစားသမား ဒေးဗစ်ဆေးဗား အနီးကပ်သွင်းယူကာ မန်စီးတီးတို့ အဖွင့်ဂိုးရခဲ့သည်။

ဒုတိယပိုင်း ၆၇ မိနစ်တွင် တိုက်စစ်မှူး အဂူရိုက မန်စီးတီးအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ မစ်ဒယ်ဘရော့အသင်းသည် ချေပဂိုးရရှိရန် တိုက်စစ်မြှင့်ကစားခဲ့သော်လည်း မန်စီးတီးနောက်တန်းကို မကျော်နိုင်ခဲ့ဘဲ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ယင်းပွဲတွင် မန်စီးတီးအသင်းဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၄ ကြိမ်အနက် ခြောက်ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ မစ်ဒယ်ဘရော့သည် ခုနစ်ကြိမ်ကန်သွင်းခွင့်ရခဲ့ပြီး လေးကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ကို အစောပွဲအဖြစ် ယှဉ်ပြိုင်ခဲ့သည့် မန်စီးတီးတို့ ဆီးမီးဖိုင်နယ်သို့ တက်ရောက် သွားသည်။ မတ်လ ၁၂ ရက်တွင် စပါးနှင့် မီလ်ဝေါတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မတ်လ ၁၃ ရက်တွင် ချယ်လ်ဆီးနှင့် မန်ယူတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**




**ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂၄)**

| | | |
|---|---|---|
| လေဗာကူဆင် | ၁-၁ | ဝါဒါဘရီမင် |
| ဘိုင်ယန်မြူးနစ် | ၃-၀ | ဖရန့်ဖတ် |
| ဟာသာဘာလင် | ၂-၁ | ဒေါ့မွန် |
| ဒမ်စတက် | ၂-၁ | မိန့်ဇ် |
| လိုက်ပ်ဇစ် | ၀-၁ | ဝုဖ်ဘတ် |
| ဖရိုင်းဘတ် | ၁-၁ | ဟော်ဖန်ဟိမ်း |

**စပိန်လာလီဂါ ပွဲစဉ် (၂၇)**

| | | |
|---|---|---|
| အက်စ်ပန်ညို | ၄-၃ | လက်စ်ပါမက်စ် |
| ဗလင်စီယာ | ၁-၁ | ဂီဂျွန် |
| ဆီဗီလာ | ၁-၁ | လီဂါနက်စ် |

**ပရီမီယာလိဂ် ပွဲစဉ် (၂၈)**

| | | |
|---|---|---|
| ဘုန်းမောက် | ၃-၂ | ဝက်စ်ဟမ်း |
| ဟားလ်စီးတီး | ၂-၁ | ဆွမ်ဆီး |

# အဲဗာတန်တို့ အိမ်ကွင်း၌ဂိုးပြတ်အနိုင်ရ

အင်္ဂလန် ပရီမီယာလိဂ် ပွဲစဉ် (၂၈) စနေနေ့ည ပွဲစဉ်များမှ အဲဗာတန်နှင့် ဝက်စ်ဘရွန်းတို့ ပွဲစဉ်တွင် အဲဗာတန်အသင်း သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

ယနေ့ပွဲတွင် အဲဗာတန်က ၄-၂-၃-၁ ကစားကွက်ဖြင့်လည်းကောင်း၊ ဝက်စ်ဘရွန်းအသင်းက ၄-၁-၄-၁ ပုံစံတို့ဖြင့်လည်းကောင်း ပွဲထွက်ခဲ့သည်။ ပထမပိုင်း ပွဲချိန် ၃၉ မိနစ်တွင် ကီဗင်မီရာလက်စ်က အဲဗာတန်အတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းပြီးခါနီး ၄၅ မိနစ်တွင် ယနှစ်ရာသီ၌ မန်ယူမှပြောင်းရွှေ့လာသော ကွင်းလယ်ကစားသမား ရှနိုက် ဒါလင်က အဲဗာတန်အတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်း ၈၂ မိနစ်တွင် တိုက်စစ်မှူး လူကာကူက အဲဗာတန်အတွက် တတိယဂိုးသွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် ဧည့်သည်ဝက်စ်ဘရွန်းအသင်း ဂိုးမသွင်းနိုင်ဘဲ သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ယင်းနှစ်သင်းသည် ဇယားရပ်တည်မှု၌ အဆင့် ၇ နှင့် ၈ တွင် ရပ်တည်နေပြီး ယနေ့ပွဲတွင် အဲဗာတန်တို့ ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့သည်။ ယခုပွဲအပြီး အဲဗာတန်တို့ ရမှတ် ၄၇ မှတ်ရရှိခဲ့ပြီး ဝက်စ်ဘရွန်းကို ခုနစ်မှတ် ဖြတ်ထားနိုင်ခဲ့သည်။

# ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စိတ်ကြိုက်မြန်မာစာဖြေဆို

**နေပြည်တော်  မတ်  ၁၁**

တက္ကသိုလ်ဝင်စာမေးပွဲ စိတ်ကြိုက်မြန်မာစာဘာသာရပ်အား ယနေ့နံနက် ၉ နာရီတွင် စတင်ဖြေဆိုရာ စာစစ်ဌာန သုံးခုတွင် ဖြေဆိုရန် စာရင်းသွင်းသူ သုံးဦးမှ နှစ်ဦး ဖြေဆိုပြီး တစ်ဦးပျက်ကွက်သဖြင့် ဖြေဆိုသည့်ရာခိုင်နှုန်း ၆၆ ဒသမ ၆၇ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ဖြေဆိုရန် တနင်္သာရီတိုင်းဒေသကြီး စာစစ်ဌာနတွင် ကျား တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး စာစစ်ဌာနတွင် မ တစ်ဦး၊ စင်ကာပူနိုင်ငံ စာစစ်ဌာနတွင် မတစ်ဦး စုစုပေါင်း သုံးဦး စာရင်းပေးသွင်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် စင်ကာပူနိုင်ငံ စာစစ်ဌာန နှစ်ခုမှ နှစ်ဦးသာဖြေဆိုခဲ့ကြောင်း သိရသည်။
**(သတင်းစဉ်)**

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှု အခြေပြဇယား

ဘာသာ-စိတ်ကြိုက်မြန်မာစာ | ရက်စွဲ၊ ၁၁-၃-၂၀၁၇

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် | | | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | ကျား | မ | ပေါင်း | | |
| ၁ | တနင်္သာရီ | ၁ | ၁ (မောင်အောင်ရွှေ) | - | ၁ | - | - | ၀ | ၀.၀၀ | ၁ | - | ၁ | ၁၀၀.၀၀ | |
| ၂ | ရန်ကုန် | ၁ | - | ၁ (မမျိုးသီရိဝင်း) | ၁ | - | ၁ | ၁ | ၁၀၀.၀၀ | - | - | ၀ | ၀.၀၀ | |
| ၃ | စင်ကာပူနိုင်ငံ | ၁ | - | ၁ (မခင်မာကြည်) | ၁ | - | ၁ | ၁ | ၁၀၀.၀၀ | - | - | ၀ | ၀.၀၀ | |
| | စုစုပေါင်း | ၃ | ၁ | ၂ | ၃ | ၀ | ၂ | ၂ | ၆၆.၆၇ | ၁ | ၀ | ၁ | ၃၃.၃၃ | |

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော်  မတ်  ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၀ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၆၃၄ စီး၊ သွင်းကုန် ၇၆၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၇၆ စီး၊ သွင်းကုန် ၂၅၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် မတ် ၁၀ ရက်က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၄၅၁ သန်းခန့်ရှိသည့် အနက် ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၀ ရက်တွင် မြဝတီမှ ရန်ကုန်မြို့သို့ သွားရောက်မည့် ၁၂ ဘီးယာဉ်အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော စက်ဘီးအပါအဝင် ပစ္စည်းလေးမျိုး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၁၁၇ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**





# ရေရရှိရန်ခက်ခဲသည့် ဒေသများတွင် သောက်သုံးရေရရှိရေးဆောင်ရွက်

**နေပြည်တော်  မတ်  ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ်တွင် ရေရရှိရန် ခက်ခဲသည့်ဒေသဖြစ်သည့် စည်ပင်ကြီးကျေးရွာအုပ်စု စည်ပင်ကြီးကျေးရွာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မူလရန်ပုံငွေဖြင့် စက်ရေတွင်း (တွင်းနက်) တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စည်ပင်ကြီးကျေးရွာ စက်ရေတွင်း(တွင်းနက်)တူးဖော်ခြင်းလုပ်ငန်းအား Asis Scenery ကုမ္ပဏီ လီမိတက်မှ တင်ဒါအောင်မြင်ခဲ့ပြီး တာဝန်ယူဆောင်ရွက်ခဲ့ရာတွင် အောက်ခံကျောက်လွှာကြောများ ကြီးမားများပြားသဖြင့် ငါးနေရာ ရွှေ့ပြောင်းတူးဖော်ခဲ့ရပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တင်ဒါအောင် ကုမ္ပဏီတို့ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါတွင် တွင်းအနက် ၄၆၈ ပေတွင် ရေထွက်ရှိခဲ့ပြီး ရေထွက်နှုန်း ၁ နာရီ ဂါလန် ၃၀၀၀ ထွက်ရှိကာ ရေချိုရေသန့်ရရှိသဖြင့် ကျေးရွာနေပြည်သူများ ဝမ်းမြောက်ဝမ်းသာ ရှိနေကြကြောင်း သိရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၁၆ ခုနှစ်၌ ရေရှားပါးပြတ်လပ်မှု ၄၂ ရွာဖြစ်ပေါ်ခဲ့ပြီး ယင်းကျေးရွာများအနက် ကျေးရွာ ခုနစ်ရွာအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရန်ပုံငွေကျပ်သန်း ၆၇ ဒသမ ၆၁၆ သန်းဖြင့် တွင်းနက်တူးဖော်ပေးခြင်း၊ စိမ့်စမ်းရေသွယ်ယူပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိသည့် ကျေးရွာများအား ၂၀၁၇ ခုနှစ် နွေရာသီရေရှားပါးပြတ်လပ်မှုများ မဖြစ်ပေါ်စေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သာမန်ရန်ပုံငွေကျပ်သန်း ၃ ဒသမ ၁၀ သန်း သုံးစွဲ၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကာ ယခုလက်ရှိ စက်ရေတွင်း(တွင်းနက်) တူးဖော်ဆောင်ရွက်လျက်ရှိသည့် နေပြည်တော် ဇေယျာသီရိမြို့နယ် စည်ပင်ကြီးကျေးရွာသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းမှ မတ် ၁၀ ရက် နံနက် ၉ နာရီက စစ်ဆေးခဲ့ရာ လုပ်ငန်းဆောင်ရွက်ထားရှိမှုများအား နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် တိုင်းဦးစီးမှူး ဦးဌေးဝင်းက လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။
**မင်းမင်းလတ် (မန်းတက္ကသိုလ်)**



# ဖရူဆိုမြို့ရေရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ဖရူဆို  မတ်  ၁၁**

ကယားပြည်နယ် စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်သူ၊ ပြည်နယ်အင်ဂျင်နီယာမှူး ဦးစောနေခလိ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းသိန်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဂျိုးဇက်သန်းကျော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဦးရယ်နှင့်အဖွဲ့ဝင်များသည် ဖရူဆိုမြို့ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည့် မြေနေရာအတွင်း ရေရရှိရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၁ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက အမှာစကား ပြောကြားရာ ပြည်နယ်အစိုးရအဖွဲ့၏ ပိုလျှံရန်ပုံငွေမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဖရူဆိုမြို့ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည့်မြေနေရာအတွင်း ရေရရှိရေးအတွက် ငွေကျပ် ၃၅ ဒသမ ၁၀၀ သန်း ခွဲဝေချထားပေးပြီးဖြစ်ရာ မိမိဌာနမှ တာဝန်ယူတာဝန်ခံဆောင်ရွက်ရာတွင် တင်ဒါခေါ်ယူခြင်းအားဖြင့်လည်းကောင်း ဆောင်ရွက်ရန်သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်၍ ယခုကဲ့သို့ အစည်းအဝေးလုပ်ဆောင်ရခြင်းဖြစ်ကြောင်း စသဖြင့် ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဖရူဆိုမြို့ရေရရှိရေးအတွက် စောဌေးမြင့်ကုမ္ပဏီမှ နှစ်လက်မပိုက်အချောင်း ၂၅၀ အား လှူဒါန်းရရှိပြီးဖြစ်ကြောင်း၊ အောင်မြေမင်းကုမ္ပဏီနှင့်စောဌေးမြင့်ကုမ္ပဏီနှစ်ခုအား လုပ်ငန်းပေးအပ်သွားရန်ဖြစ်ပြီး ရေပိုက်သွယ်ယူမည့် အကွာအဝေးမှာ ပေ ၅၀၀၀ ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်ဌေးနှင့်အဖွဲ့သည် ဖရူဆိုမြို့ လောဘူးဒါးရပ်ကွက်ရှိ ရေထွက်ပေါက်သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည့်လမ်းညွှန်မှုများ အကြံဉာဏ်များ ဖြည့်စွက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**ဦးကျော် (ဖရူဆို)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော်  မတ်  ၁၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ- ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**


## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

ဆရာတော်ကြီးများ အပူရှောင်နိုင်ရန်နှင့် ရာသီဥတုအေးအေးဖြင့် တိတ်ဆိတ်စွာ တရားအားထုတ်လိုသူများ၊ ဘုန်းကြီးကျောင်း၊ တရားရိပ်သာဆောက်လုပ်လှူဒါန်းလိုသူများအတွက် ပြင်ဦးလွင်၊ အနီးစခန်းလေယာဉ်ကွင်းရှေ့၊ ရာသီဥတုကောင်း၊ ခြံကျယ်ကျယ်၊ ပတ်ဝန်းကျင် ဆိတ်ငြိမ်၊ မျက်နှာစာ(၃)ဘက်၊ လမ်းကျယ်၊ လမ်းအဝင်အထွက်ကောင်း၊ ကတ္တရာခင်းထားပြီး၊ မြေပြင်ညီ၊ မြေဧရိယာ ၆ ဒသမ ၅ ဧကကျယ်သော မြေကွက် ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်။

**ကျပ်သိန်း (၉၀၀၀)**

**ဆက်သွယ်ရန်ဖုန်း- 09-5178979, 09-43022828, 09-420301091, 09-451146685**

## အမည်ပြောင်း

မြောင်းမြမြို့၊ အထက(၃) KGတန်းမှ ဦးသန့်ဇင်ဌေး၏သား စောမြင့်မြတ်ခန့်အား စောကြည်လင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။
**စောကြည်လင်းသန့်**

## အမည်ပြောင်း

မြောင်းမြမြို့၊ အထက(၃)အဌမတန်း (က)မှ ဦးအောင်ကျော်ငြိမ်း၏ သမီး မလဲ့ဝေထိုက်စံအား မလဲ့မေဝင့်မွန်ဟု ပြောင်းလဲခေါ်ပါရန်။
**မလဲ့မေဝင့်မွန်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းဇော်ဦး ၉/ကပတ(နိုင်)၂၅၃၆၄၄ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၀၅၃၆၇၅၂**

## ကန့်ကွက်နိုင်ပါကြောင်း

မြောင်းမြမြို့၊ (၂)ရပ်ကွက်၊ ၂ လမ်း၊ အမှတ် ၁၂၇ နေ ဦးဘိုဘိုတင် (ဘ) ဦးမောင်မောင်တင် ၁၄/မမန(နိုင်)၁၀၀၀၇၂ သည် မြောင်းမြမြို့၊ (၂)ကွက်၊ မြေစာရင်း ရပ်ကွက်အမှတ်(၃-ခ)၊ ကုန်းစွန်း၊ ဦးပိုင်အမှတ်(ဃ/၁၉)၊ ဧရိယာ ၀ ဒသမ ၀၃၇ ဧကရှိမြေအား လူနေထိုင်ရန် ဂရန်သက်တမ်းတွင်း အမည်ပြောင်းလျှောက်ထားခဲ့ပါသည်။ ယင်းမြေအား မြို့နယ်ရုံး(၅)အမှုအမှတ် ၁၄/၈၄-၈၅ အရ (၁-၅-၁၉၈၈ မှ ၃၁-၄-၂၀၁၈)ထိ နှစ်(၃၀)ဂရန်အား ဒေါ်တင်အောင်အမည်ဖြင့် ရရှိခဲ့ပြီး ယင်းဂရန်စာချုပ်ဟောင်းမှာ ကျွန်တော်၏ဖခင် ဝယ်ယူစဉ်ကတည်းက ရရှိခဲ့ခြင်းမရှိဘဲ ပျောက်ဆုံးပျက်စီးခဲ့ပါသည်။ ယခု ဦးဘိုဘိုတင်မှ လူနေထိုင်ရန် ဂရန်သက်တမ်းတွင်း အမည်ပြောင်းလျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း ဤရုံးသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။
**မြောင်းမြမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးနိုင်လင်း ၉/ကပတ(နိုင်)၁၉၀၉၉၉၏နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ် မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **၀၉-၇၉၆၄၅၂၉၈၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇင်မင်းသူ ၉/ကပတ(နိုင်)၂၂၂၄၉၁၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၈၃၀၅၈၉၀**

# မြန်မာ့ပင်လယ်ပြင်အတွင်း တရားမဝင်ရောက်ရှိလာသော စက်လှေပေါ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ရှစ်ဦးဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၁**

မြန်မာ့ပင်လယ်ပြင် နယ်နိမိတ်အတွင်း တပ်မတော်ရေ စစ်ရေယာဉ်မှ လုံခြုံရေး ဆောင်ရွက်စဉ် မတ် ၉ ရက် နံနက် ၁၀ နာရီခန့်က မသင်္ကာဖွယ် စက်လှေတစ်စင်းပေါ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ရှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တပ်မတော် စစ်ရေယာဉ်သည် မေယုကျွန်းအနောက်မြောက်ဘက် ၁၅ မိုင်ခန့်အကွာ မြန်မာ့ပင်လယ်ပြင်အတွင်း နယ်မြေလုံခြုံရေးအတွက် ကင်းလှည့် ဆောင်ရွက်စဉ် မသင်္ကာဖွယ် စက်လှေတစ်စင်းအားတွေ့ရှိသဖြင့် ခေါ်ယူစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ဂျာမာဟူဆောင်း (၂၇ နှစ်) အပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနပ်မြို့နေ ငါးဖမ်းလုပ်သား ရှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ရှစ်ဦးအား လူဝင်မှုကြီးကြပ်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



## လောက်ကိုင်မြို့နယ်နှင့် ကုန်းကြမ်းမြို့နယ်တို့၌ ညမထွက်ရအမိန့်ထုတ်ပြန်

**နေပြည်တော် မတ် ၁၁**

လောက်ကိုင်မြို့နယ်နှင့် ကုန်းကြမ်းမြို့နယ်တို့တွင် မတ် ၁၀ ရက်မှ စတင်၍ ည ၉ နာရီ မှ နံနက် ၆နာရီအထိ ညမထွက်ရအမိန့် ပုဒ်မ-၁၄၄ ထုတ်ပြန်ခဲ့ပြီး တာဝန်ရှိသူများက မြို့နယ်များတွင် အသံချဲ့စက်များဖြင့် လှည့်လည်ကြေညာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဇွန်းမောက်မြို့နယ်၌ တရားမဝင် တူမီးသေနတ်ပြုတ်ကျ၍ ကလေးနှစ်ဦးဒဏ်ရာရ

**ဇွန်းမောက် မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇွန်းမောက်မြို့နယ် လယ်ဦးကျေးရွာတွင် နေအိမ်၌ ချိတ်ထားသော တရားမဝင် တူမီးသေနတ်ပြုတ်ကျရာမှ ကလေးငယ် နှစ်ဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၀ ရက် မွန်းလွဲ ၁ နာရီခန့်က ဇွန်းမောက်မြို့နယ် လယ်ဦးကျေးရွာနေ ထွန်းသိန်းဆိုသူသည် ၎င်းပိုင်တရားမဝင် တူမီးသေနတ်အား ကျည်ထိုးပြီး နေအိမ်ခေါင်တိုင်တွင် ချိတ်ထားရာ သားသမီးများဖြစ်ကြသော မသန့်ဇင်ဝင်း (၁၄ နှစ်)နှင့် မောင်ပွင့်ဖြိုးအောင် (၆ နှစ်) တို့က နေအိမ်ပေါ်၌ ဆော့ကစားစဉ် အဆိုပါ တူမီးသေနတ်ပြုတ်ကျ၍ ကျည်ပေါက်ထွက်သောကြောင့် မသန့်ဇင်ဝင်းနှင့် မောင်ပွင့်ဖြိုးအောင်တို့တွင် ကျည်မှန်၍ ဒဏ်ရာများရရှိသွားသဖြင့် တရားမဝင် တူမီးကိုင်ဆောင်သူ ထွန်းသိန်းအား ဥပဒေအရ အရေးယူပေးပါရန် ဇွန်းမောက်မြို့မရဲစခန်းမှ ရဲအုပ်အေးမြင့်က တရားလိုပြုလုပ်ကာတိုင်ကြားထားကြောင်း သိရသည်။

သို့ဖြစ်၍ တရားမဝင် တူမီးသေနတ်ကိုင်ဆောင်သူကို အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# တရားမဝင်သစ်မျိုးစုံ ၂၃ တန်ကျော်နှင့် သစ်ခွဲစက်တစ်လုံးဖမ်းဆီးရမိ

**တိုက်ကြီး မတ် ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက် သုခမြိုင်အနီးတွင် အခြားသား ၁၅ တန်ကျော်နှင့် သစ်ခွဲစက်တစ်လုံး၊ ဥက္ကံမြို့ ကျွန်းတောကုန်းရွာနှင့် စမ်းရွာအနီးတို့ အခြားသားသစ်လုံး ရှစ်တန်ကျော် စုစုပေါင်း ၂၃ တန်ကျော်ကို မတ် ၃ ရက် ညနေ ၃ နာရီခန့်က ဖမ်းဆီးရမိကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်း၊ မှော်ဘီမြို့နယ် သစ်တောဦးစီးအရာရှိ ဦးသိန်းရွှေ၊ တိုက်ကြီးမြို့နယ် သစ်တောဝန်းထမ်းများ၊ သစ်တောရဲတပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် မတ် ၈ ရက် ညနေ ၃ နာရီခန့်က မင်္ဂလာရပ်ကွက် သုခမြိုင်အနီး ယာခင်းထဲတွင် အခြားခွဲသား ၁၅ တန်ကျော်နှင့် သစ်စက်တစ်လုံး တိုင်စာအရ ဖမ်းဆီးရမိသည်။

အလားတူ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဇော်သက်နှင့် ဝန်ထမ်းများ၊ သစ်တောရဲတပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် တိုင်စာအရ ဥက္ကံမြို့ ကျွန်းတောကုန်းရွာ အနောက်ယာခင်းထဲ၌ အခြားသား လေးတန်ကျော်နှင့် စမ်းရွာအနောက်ဘက် သချိုင်းကုန်းအနီး၌ အခြားသားသစ်လုံးလေးတန် စုစုပေါင်း ၈ တန်ကျော်ကို မတ် ၄ ရက် ညနေ ၃ နာရီကျော်က ဖမ်းဆီးရမိသည်။

အဆိုပါ ဖမ်းဆီးရမိသော အခြားသား စုစုပေါင်း ၂၃ တန်ကျော်ကို မြန်မာ့သစ်လုပ်ငန်းသို့ လွှဲပြောင်းအပ်နှံ၍ ပိုင်ရှင်များကို စုံစမ်းဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# တောအတွင်း တရားမဝင်ရွှေသတ္တုတူးဖော်နေသူအား အမှုဖွင့်

**ဝန်းသို မတ် ၁၁**

ကသာခရိုင် ဝန်းသိုမြို့နယ်နှင့် ဇွန်းမောက်မြို့နယ်သွား ကားလမ်းရှိ သက္ကယ်ကျင်းရွာအုပ်စု လယ်ကျင်းရွာများအနီး နမ်းခမ်းကြိုးဝိုင်း ညောင်ပင်သာကြိုးပြင်ကာကွယ်တောတို့အတွင်းမှ တရားမဝင်ရွှေတူးဖော်နေရာ မတ် ၆ ရက်က သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့များမှ ဥပဒေနှင့်အညီ အရေးယူရန်ဆောင်ရွက်ခဲ့ကြရာ ဘက်ဟိုးတစ်စီးနှင့် ဆက်စပ်ပစ္စည်းများ တရားမဝင်သစ်စက်သုံးလုံး၊ ချိန်းဆောသုံးလက်၊ DT ဆိုင်ကယ်တစ်စီး၊ တရားမဝင်ကျွန်း၊ သစ်မာ တန် ၄၀ ကျော် ဖမ်းဆီးရမိခဲ့ရာသက်သေခံပစ္စည်းများနှင့် သက်သေထွက်ဆိုချက်များရယူပြီး ဥပဒေအရ အရေးယူရန် သစ်တော ဦးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိပြီး ကြိုးပြင်ကာကွယ်တောအတွင်း လေးလုံးထိုး ကားအင်ဂျင်နှစ်လုံး ဟင်းကရိုင်း အင်ဂျင်ချိန်းဘလောက်မှုံစုပ်နှင့်စုပ်ပိုက်တွဲ ခြောက်စုံ ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

သံပိုက်အရွယ်စုံ ၁၂ လုံး၊ အဝါရောင်ပိုက်ပျော့ ၁၁ ခွေ ၊ ရွှေချိန်ခွင် နှစ်ခု၊ တင်မောင်ဆွေနှင့်ဇနီး မအေးအေးဝင်းအမည်ပါ ဘဏ်စာအုပ်၊ အလေးချိန် နှစ်ကျပ်ငါးရွေးတစ်ခြမ်းရှိ ရွှေဟုယူဆရသော လက်ကောက် ခြောက်ကွင်း၊ မြန်မာကျပ်ငွေစက္ကူရောရာငွေကျပ် ၃၅၅၀၀ တို့ကို သက်သေများရှေ့တွင် ဒုတိယရဲအုပ်ရဲလင်းဖြိုးက သိမ်းဆည်း၍ တရားလိုပြုတိုင်တန်းထားကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ တရားမဝင်ရွှေသတ္တုတူးဖော်လုပ်ကိုင်သူများအား ဝန်းသိုမြို့မရဲစခန်းတွင် အမှုဖွင့်ပြီး ဆက်လက်စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် မီနီဘတ်စ်တစ်စီး မီးလောင်

**နေပြည်တော် မတ် ၁၁**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၈၀/၂-၃)အကြား mini bus တစ်စီး မတ် ၁၀ ရက် ည ၁၁ နာရီခွဲခန့်က မီးလောင်ခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း သီဟအောင်ဇော် မောင်းနှင်လာသော Hyundai mini bus ဘုရားဖူးယာဉ်သည် ဝါယာရှော့ဖြစ်ရာမှ မီးလောင်ခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါခရီးသည် ၂၃ ဦးမှာ ထိခိုက်မှု မရှိသော်လည်း မော်တော်ယာဉ်မှာ တစ်စီးလုံးမီးလောင်သွားခဲ့သည်။

ထို့ကြောင့် ယာဉ်မောင်းအား မြို့ချောင်း အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)၊ ဓာတ်ပုံ(အမြန်လမ်းရဲတပ်ဖွဲ့)**




## လက်ရှိငှားရမ်းနေသော နေရာကောင်း ဆိုင်းဘုတ်နေရာရောင်းရန်

❖ ရန်ကုန်–မန္တလေး အမြန်လမ်းတိုးဂိတ်အနီး
❖ ၁၁၅ မိုင် ယာဉ်ရပ်နားစခန်း
❖ မန္တလေး–ပြင်ဦးလွင် ရထားလမ်းအနီး

**ဆက်သွယ်ရန်-၀၉-၄၅၀၆၉၃၆၈၈**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဘိုအောင် ၈/မကန(နိုင်)၁၂၀၉၆၈၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်း နံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၅၃၄၀၈၁၁**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ချမ်းပြည့်ဖြိုး ၈/မလန(နိုင်)၀၉၉၅၅၁၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၄၇၉၁၇၈၂**

### ပျောက်ဆုံးကြောင်း

ကျွန်မ မသန်းသန်းဌေး ၉/ကပတ(နိုင်)၂၂၈၈၆၈၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၇၄၃၈၂၉၇**

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သီတာထွန်း ၁၂/သကတ(နိုင်)၁၃၂၆၃၉ အမှတ် ၁၇၀၊ ပထမထပ်၊ ၃၈လမ်း၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်နေသူသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက်၊ ဓနသိဒ္ဓိလမ်း၊ အမှတ် (၂၅)ဟုခေါ်တွင်သော (ကျိုက်ဖောမိမြောက်ကွက်)၊ ဦးပိုင်အမှတ် (၉/ခ/၃)၊ မြေကွက်ဧရိယာ ၀ဒသမ၁၈၂ဧကရှိ မြေကွက်အတွင်းမှ ဧရိယာ ၀ဒသမ၁၅၄ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော ဒေါ်ဌေးဌေးဝင်း ၁၂/သလန(နိုင်)၀၁၁၈၂၃ ထံမှ ၂၁-၆-၂၀၁၆ရက်တွင် အပြီးအပိုင်ဝယ်ယူခဲ့ပြီး ဒေါ်သီတာထွန်းသည် ဝယ်ယူပြီးသည့်ရက်မှစ၍ လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သီတာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလှသိန်း (၁၅)**
(B.Sc, H.G.P, R.L, D.B.L)
စဉ်-၂၁၂၄၂
**အထက်တန်းရှေ့နေ**
ဖုန်း-၀၉-၄၂၁၀၉၇၉၀၄

**ဒေါ်ညွန့်ဟေမာသိန်း**
(LL.B)
စဉ်-၄၈၂၉၃
**အထက်တန်းရှေ့နေ**
ဖုန်း-၀၉-၉၇၀၁၆၂၄၆၂

**အမှတ် (၂၀၃/ခ)၊ ပထမထပ်၊ (၅)လမ်း (အရှေ့)၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၈၃၀၀၀ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၉၃၀၁၁ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆွေသင်း ၅/မရန (နိုင်) ၀၂၄၁၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### လူပျောက်ကြော်ငြာ





ရေစကြိုမြို့နယ် ဖြိဘ(အနောက်) ကျေးရွာနေ ဦးတိုးလှိုင်-ဒေါ်မယ်ထယ်တို့၏သမီး မခင်မိုးဦး (ခ) မခင်မျိုးဦး ၈/ရစက(နိုင်)၁၉၈၁၂၉ သည် ၂၄-၁-၂၀၁၇ ရက်တွင် မန္တလေးမြို့၌ အလုပ်လုပ်ကိုင်ရင်း ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် သွေးဆောင်ဖြားယောင်းခေါ်ဆောင်ထားသူများအား တရားဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်-**
**ဦးတိုးလှိုင် - ဒေါ်မယ်ထယ်**
**ဖုန်း- ၀၉-၇၈၃၀၅၂၂၈၁**
**၀၉-၄၀၃၇၂၇၂၃၅**

### အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း ဒေါ်အားရင် (၁၃/လရန(နိုင်)၀၅၁၀၉၅)နှင့် အများသိစေရန်ကြေငြာခြင်း

ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၁၈-၁၀-၂၀၀၇) ရက်နေ့က ဒေါ်အားရင်သို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာ အမှတ် -၉၅၁၆/၂၀၀၇ ကို ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်းအသိပေး ကြေညာ အပ်ပါသည်။

ဦးစိုင်းသိန်းမောင်
(၁၃/လရန(နိုင်) ၀၁၃၆၆၀)
အမှတ်-၁၃၆၊(၇)လွှာ၊၄၇-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။

## ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
**နွေ(၃)လနှင့် ပုံမှန်တန်းခွဲများ**

ကျောင်းသားများ Letter, Essay, Character ၃၅ မှတ်ဖိုး အလွတ်ကျက်ဖြေခြင်းမှ လွတ်အောင် မတက်မဖြစ်တက်ပါ။ တွေးနည်း/ရေးနည်းကို မူပိုင်နည်းသစ် စာအုပ်ဖြင့် သင်သည်။ အရွယ်မရွေး တက်နိုင်သည်။
၄ တန်းမှ ၆ တန်းထိ နှင့် ၇၊ ၈၊ ၉၊ ၁၀ တန်းများ
✦ ဖွင့်နေပြီ ✦ Guide များ အိမ်လိုက်သင်သည်
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

ဝါရင့်ဆရာများလမ်းညွှန်သင်ကြားလေ့ကျင့်ပေးသော
**TTS** ဘာသာရပ်ကျွမ်းကျင်မှု ဆရာဖြစ်သင်တန်းကျောင်း
၈၊ ၁၀ -တန်း အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓါတု၊ ရူပ ဖုန်း 09773336052
စနေ၊တနင်္ဂနွေတန်းခွဲ | မတ်လ(၁၈)ရက်နေ့စမည် | မတ်၊ ဧပြီ၊ မေ
ကြားရက်တန်းခွဲ Mon to Fri | မတ်လ(၁၄)ရက်နေ့စမည် | March 14 to April 12
ခြံအမှတ် (၅B)၊ ခိုင်ရွှေဝါလမ်းတိုးအင်းစိန်လမ်းမကြီး၊လှည်းတန်းမှတ်တိုင်။

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၂ ရပ်ကွက်၊ သုဇာတာ ၁၄လမ်း၊ အမှတ် ၁၂၂၈နေ ဒေါ်စန်းရီ ၁၂/ဥကမ(နိုင်)၀၇၇၅၄၄၏သား မောင်ဇော်ဝင်းလှိုင် ၁၂/ဥကမ(နိုင်)၀၁၇၆၁၇ သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၄င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ **စုံစမ်းမေးမြန်းသည်းခံပါ။**

**ဒေါ်စန်းရီ**
**၁၂/ဥကမ(နိုင်)၀၇၇၅၄၄**

# ဘောလုံးအကယ်ဒမီများအတွက် လူရွေးပွဲများ ၁၅ မြို့၌ ကျင်းပမည်

**ရန်ကုန် မတ် ၁၁**

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၇ ရက်တွင် မြန်မာ့ဘောလုံးလောကအတွက် အရေးပါမည့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်)ကို ဖွင့်လှစ်နိုင်ခဲ့သည်။

ယင်းဘောလုံးအကယ်ဒမီမှာ မြန်မာ့ဘောလုံးလောက၏ သုံးခုမြောက် အကယ်ဒမီဖြစ်ပြီး အနာဂတ်အတွက် ဘောလုံးလူရည်ချွန်များစွာ မွေးထုတ်ပေးနိုင်မည့် အခြေအနေကောင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အသစ်ဖွင့်လှစ်လိုက်သည့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) အပြင် ယခင်ဖွင့်လှစ်ပြီးဖြစ်သည့် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) နှင့် (ပုသိမ်)တို့အတွက် လူရွေးပွဲများ ကျင်းပမည်ဖြစ်သည်။ လူရွေးပွဲများကို မြန်မာနိုင်ငံ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးချယ်မည်ဖြစ်ပြီး မြို့၁၅ မြို့၌ ကျင်းပမည်ဖြစ်ကာ ပဏာမအဆင့်အနေဖြင့် ကစားသမား ၂၀၀ ရွေးချယ်မည်ဖြစ်ပြီး နောက်ဆုံး ၈၅ ဦး ရွေးချယ်မည်ဖြစ်သည်။ လူရွေးချယ်ရာတွင် အသက် ၁၁ နှစ်နှင့် ၁၂ နှစ်အတွက်သာ ရွေးချယ်မည်ဖြစ်ပြီး ဘောလုံးအပြင် ကျောင်းပညာရေးပါ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ ယခင်ကလို နီးစပ်ရာ ရွေးချယ်ခြင်းဟုတ်ဘဲ နိုင်ငံအနှံ့ လိုက်လံရှာဖွေရွေးချယ်ရခြင်း ဖြစ်သည့်အတွက် ငွေကြေးအားဖြင့်ရော လူအင်အားပါ အချိန်များစွာ သုံးစွဲရမည်ဖြစ်သည်။ AYA Bank Scouting Tour 2017 အမည်ဖြင့် လူငယ်ကစားသမားများအား လိုက်လံရွေးချယ်ကြမည်ဖြစ်ရာ ကြေညာချက်များအား ဖတ်ရှု၍ မိဘ၊ ဆရာများကလည်း မိမိတို့သားသမီးများကို မိမိတို့နှင့်နီးစပ်ရာ အားကစားကွင်းများသို့ သွားရောက်ရွေးချယ်ခံခွင့် ရှိလာပြီဖြစ်သည်။ ဘောလုံးအကယ်ဒမီ သုံးခုစလုံးတွင် တက်ရောက်သင်ယူခွင့်ရမည့် ကစားသမားများသည် ဘောလုံးပညာသာမက ကျောင်းပညာရေးကိုလည်း စနစ်တကျ အခမဲ့သင်ယူခွင့်ရမည်ဖြစ်ရာ ကြုံခဲလှသော အခွင့်အရေးဟုဆိုရမည်ဖြစ်သည်။ ဘောလုံးပညာ၊ ကျောင်းပညာ၊ အင်္ဂလိပ်စာဘာသာစကားတို့ကို ကျောင်းအိပ်ကျောင်းစား သင်ယူခွင့်ရမည်ဖြစ်သောကြောင့် ထိုအကယ်ဒမီများမှ မွေးထုတ်ပေးလိုက်သော လူငယ်ကစားသမားအားလုံးသည် မြန်မာ့ ဘောလုံးအနာဂတ်အတွက်သာမက တိုင်းပြည်၏ အားကိုးရသော လူရည်ချွန်များ ဖြစ်လာမည်ဖြစ်သည်။

လူရွေးပွဲများကို မတ် ၁၅ ရက်မှ ဧပြီ ၉ ရက်အထိ တစ်လနီးပါး ကျင်းပမည်ဖြစ်ပြီး ၁၅ မြို့အနက် ကျိုင်းတုံမြို့တွင် ကျင်းပမည့်ရက် မသတ်မှတ်ရသေးဘဲ ကျန်မြို့များတွင် ကျင်းပမည့်ရက်များ ထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။

လူရွေးပွဲများအဖြစ် မတ် ၁၅ ရက်တွင် နေပြည်တော်ပေါင်းလောင်းကွင်း၊




ဖေဖော်ဝါရီ ၁၇ ရက်က ဖွင့်လှစ်ခဲ့သည့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်)

ဗန်းမော်ခရိုင်ကွင်း၊ မြဝတီခရိုင်ကွင်း၊ လားရှိုးခရိုင်ကွင်း၊ မတ် ၁၆ ရက်တွင် ဘားအံပြည်နယ်ကွင်း၊ မတ် ၁၇ ရက်တွင် ပြင်ဦးလွင်ခရိုင်ကွင်း၊ ကသာခရိုင်ကွင်း၊ မော်လမြိုင်ပြည်နယ်ကွင်း၊ တောင်ငူခရိုင်ကွင်း၊ မတ် ၁၉ ရက်တွင် မိုးကုတ်မြို့နယ်ကွင်း၊ ပဲခူးတိုင်းကွင်း၊ သံဖြူဇရပ်မြို့နယ်ကွင်း၊ မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် မြစ်ကြီးနား ပြည်နယ်ကွင်း၊ မတ် ၂၀ ရက်တွင် မင်းလှမြို့နယ်ကွင်း၊ ရေးမြို့နယ်ကွင်း၊ မတ် ၂၁ရက်နှင့် ၂၂ ရက်တို့တွင် ထားဝယ် ပြည်နယ်ကွင်း၊ မတ် ၂၁-၂၃ ရက်တွင် စစ်ကိုင်း၊ မန္တလေး၊ အမရပူရ၊ စဉ့်ကိုင်နှင့် ကျောက်ဆည်မြို့များအတွက် မန္တလေးအကယ်ဒမီကွင်း၊ မတ် ၂၁ ရက်တွင် ဇီးကုန်းမြို့နယ်ကွင်း၊ မတ် ၂၂ ရက်တွင် ပြည်ခရိုင်ကွင်း၊ မိုးကောင်းမြို့နယ်ကွင်း၊ မတ် ၂၃ ရက်တွင် အောင်လံမြို့နယ်ကွင်း၊ မတ် ၂၄ ရက်တွင် မိုးညှင်းမြို့နယ်ကွင်း၊ မတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် မြိတ်ခရိုင်ကွင်း၊ မတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် သရက်ခရိုင်ကွင်း၊ မတ် ၂၅ ရက်တွင် မြင်းခြံခရိုင်ကွင်း၊ မတ် ၂၆ ရက်တွင် ကောလင်းမြို့နယ်ကွင်း၊ မတ် ၂၇ ရက်တွင် ဖျာပုံခရိုင်ကွင်း၊ ကျောက်ပန်းတောင်းမြို့နယ်ကွင်း၊ မတ် ၂၈ ရက်တွင် ကန့်ဘလူမြို့နယ်ကွင်း၊ မတ် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် စစ်တွေပြည်နယ်ကွင်း၊ မတ် ၂၉ ရက်တွင် မအူပင်ခရိုင်ကွင်း၊ မိတ္ထီလာမြို့နယ်ကွင်း၊ မတ် ၃၀ ရက်တွင် ရွှေဘိုခရိုင်ကွင်း၊ သံတွဲခရိုင်ကွင်း၊ မတ် ၃၁ ရက်တွင် တောင်ကြီးပြည်နယ်ကွင်း၊ ဟင်္သာတခရိုင်ကွင်း၊ ဧပြီ ၁ ရက်တွင် ကလောခရိုင်ကွင်း၊ မုံရွာတိုင်းကွင်း၊ ဧပြီ ၂ ရက်တွင် ပုသိမ်ကျောက်တိုင်ကွင်း၊ ဧပြီ ၃ ရက်တွင် ကလေးခရိုင်ကွင်း၊ လှိုင်ကော်ပြည်နယ်ကွင်း၊ ဧပြီ ၄ရက်တွင် မြောင်းမြခရိုင်ကွင်း၊ ဧပြီ ၅ ရက်နှင့် ၆ ရက်တို့တွင် ရန်ကုန်အောင်ဆန်းကွင်း၊ ဧပြီ ၅ ရက်တွင် ဟားခါးပြည်နယ်ကွင်း၊ မကွေး-မင်းဘူးခရိုင်ကွင်း၊ ဧပြီ ၆ ရက်တွင် ရေနံချောင်းမြို့နယ်ကွင်း၊ ဧပြီ ၇ ရက်တွင် မင်းတပ်ခရိုင်ကွင်း၊ ဧပြီ ၈ ရက် တွင် ချောက်မြို့နယ်ကွင်း၊ ဧပြီ ၉ ရက်တွင် ပခုက္ကူခရိုင်ကွင်းတို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ MFF သည် ယင်းကစားသမားများအား ရွေးချယ်ရန် လူရွေးချယ်ရေးအဖွဲ့များ ဖွဲ့စည်းထားပြီး နောက်ဆုံးအဆင့် လူရွေးပွဲကို မေလတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

မြန်မာ့ဘောလုံးလောကအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) ကို ၂၀၁၁ ခုနှစ်၊ ပုသိမ်အကယ်ဒမီကို ၂၀၁၂ ခုနှစ်၊ အမျိုးသားဘောလုံး အကယ်ဒမီ (ရန်ကုန်)ကို ၂၀၁၇ ခုနှစ်တို့တွင် ဖွင့်လှစ်ခဲ့ပြီး မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)ကို ဖီဖာဥက္ကဋ္ဌဟောင်း ဘလတ္တာ၊ အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)ကို လက်ရှိ ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုတို့က ဖွင့်လှစ်ပေးခဲ့သည်။ မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) မှ ယနေ့ ဖီဖာ ယူ ၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝင်ကစားနိုင်သည့် အောင်သူ၊ ကျော်မင်းဦးတို့ကဲ့သို့ ကစားသမားများကို မွေးထုတ်ပေးနိုင်ခဲ့သလို လက်ရှိ အကယ်ဒမီများမှ ဘောလုံးသမားကောင်းများစွာ ထွက်ပေါ်လာမှ မြန်မာ့ဘောလုံးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိန်း**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာဘိုးလင်းကစားသမားများ အပြီးသတ်ရွေး

**ရန်ကုန် မတ် ၁၁**

မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် ဘိုးလင်း အားကစားသမားများအား အပြီးသတ်ရွေးချယ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာရှိတဲ့ ဘိုးလင်းအားကစားသမားတွေကို ဖိတ်ခေါ်ပြီး ပြိုင်ပွဲသုံးကြိမ်ကျင်းပခဲ့ပါတယ်။ အဲဒီပြိုင်ပွဲက အကောင်းဆုံး ကစားသမားရှစ်ဦး ရွေးချယ်ခဲ့ပါတယ်။ ဆီးဂိမ်းပြိုင်ပွဲအတွက် လက်ရွေးစင်ကစားသမား ခြောက်ဦး ရွေးချယ်ပြီး နှစ်ဦးကို အရန်ကစားသမားအဖြစ် ရွေးချယ်ထားပါတယ်။ ဖေဖော်ဝါရီလကစပြီး သုဝဏ္ဏကွင်းရှိ Right Track Bowling မှာ နေ့စဉ် နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ စခန်းသွင်းလေ့ကျင့်နေပါတယ်။ နည်းပြက မြန်မာနည်းပြနဲ့ လေ့ကျင့်ပါတယ်။ ဆီးဂိမ်းမှာ ရလဒ်ကောင်းတွေရရှိဖို့အတွက် တရုတ်နိုင်ငံမှာ ပူးတွဲလေ့ကျင့် ဖို့ပြုလုပ်နေပါတယ်။" ဟု မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမျိုးအောင်က ပြောသည်။

(၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဘိုးလင်းအားကစားနည်းဖြစ်သည့် တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ အသင်းလိုက်နှင့် Master ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘိုးလင်းလက်ရွေးစင် အားကစားသမားများဖြစ်သည့် ဇေယျာနိုင်၊ တင့်ဆွေဦး၊ အောင်ဝင်း၊ ဌေးဝင်းအောင်၊ ငြိမ်းချမ်းနှင့် သီဟတို့သည် ဆီးဂိမ်းပြိုင်ပွဲအတွေ့အကြုံများ ရရှိသူများဖြစ်ပြီး ပြည်တွင်းပြည်ပ ပြိုင်ပွဲများ၌လည်း ဆုတံဆိပ်များစွာ ဆွတ်ခူးနိုင် ခဲ့သူများ ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/8637 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/6763 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7B/6649 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/8719 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွာသာကြီး)**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ပဲခူးယဉ်ကျေးမှုဇုန်ဝင်ကြေး ကောက်ခံခြင်းလုပ်ငန်း အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပဲခူးယဉ်ကျေးမှုဇုန်ဝင်ကြေး ကောက်ခံခြင်းလုပ်ငန်း အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်းဖွင့်လှစ်ပါမည်-

**တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၂၉-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

**တင်ဒါဖွင့်လှစ်မည့်နေရာ** - ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပဲခူးဌာနခွဲရုံး)၊ ပဲခူးမြို့

၂။ တင်ဒါတင်သွင်းခွင့်လျှောက်လွှာနှင့် အသေးစိတ်အချက်အလက်များကို ၁၃-၃-၂၀၁၇ ရက်မှစတင်၍ တင်ဒါဖွင့်လှစ်မည့်နေရာတွင် ဝယ်ယူနိုင်ပါကြောင်းနှင့် ဖုန်းနံပါတ် ၀၅၂-၂၂၂၁၉၉၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးယဉ်ကျေးမှုဇုန်ဝင်ကြေး ကောက်ခံရေးလုပ်ငန်း၊ တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စည်သူမောင် ၁၄/မအပ(နိုင်)၂၂၆၈၄၀၏ Pass post (NO မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၇၄၈၃၈၀၁**

## အမည်မှန်

သီပေါမြို့နယ်၊ မန်ဟဲရွာနေ ဦးအိုက်လူ-ဒေါ်အေးညိုတို့၏သမီး လားရှိုးမြို့၊ အထက(၁)၊ န၀မတန်း (E)မှ မဖြူဖြူပွင့်၏ အမည်မှန်မှာ နန်းမြလူ ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်သူစိုး ၅/ပလန(နိုင်)၀၇၄၂၁၅၏Passpost (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွား ပါသဖြင့်တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၈၃၃၇၇၃၉**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ မြေကွက်အမှတ်(ဂ/၁၅၂)နှင့် ပတ်သက်သော စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့် မူရင်းကွဲ ပြန်လည်လျှောက်ထားထုတ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဗိုလ်ကြီးစိုးတင့်၊ လ/ထ ညွှန်ကြားရေးမှူး (ငြိမ်း)**
**၅/မမန(နိုင်)၀၅၃၃၂၀**
**ဖုန်း-၀၉-၄၀၀၅၃၇၆၀၃၊ ၀၉-၇၈၁၃၃၂၆၆၄**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၊ ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော်သမ္မတ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အထူးသီးသန့်ရန်ပုံငွေဖြင့် အောက်ပါတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီနှင့် လုပ်ငန်းရှင်များကို အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မင်းတပ်ဈေးအုတ်ညှပ်နှစ်ထပ်တည်ဆောက်ခြင်းလုပ်ငန်း(၁၄၄'×၈၀'× ၂၄')
(ခ) ဟားခါးမြို့၊ ဈေးဟောင်းရပ်ကွက်မှ မြို့ဟောင်းရပ်ကွက်အထိ ကျောက်စီရေနုတ်မြောင်း တည်ဆောက်ခြင်းလုပ်ငန်း (၃၀၀၀'×၁၀'×၆')
(ဂ) ဟားခါးမြို့၊ နွယ်ဆွရေကန်မှ ဆေးရုံလမ်းအထိ ကျောက်စီရေနုတ်မြောင်း တည်ဆောက်ခြင်းလုပ်ငန်း (၁၆၀၀'×၁၀'×၆')
(ဃ) ဟားခါးမြို့၊ တော်လှန်ရေးရေကန်အောက်မှ ဈေးဟောင်းရပ်ကွက်အထိ ကျောက်စီရေနုတ်မြောင်းတည်ဆောက်ခြင်းလုပ်ငန်း(၂၇၂၅'×၁၀'×၆')
(င) ဖလမ်းမြို့၊ လိုင်ဗားရေလှောင်တမံရေကန်မှ ဖလမ်းမြို့အထိ ၈" HDPE ပိုက်ဖြင့် သောက်သုံးရေသွယ်ယူခြင်းလုပ်ငန်း(၂၅/၀)မိုင်နှင့် ဂါလန်(၁)သိန်းဆံ့ သံကူကွန်ကရစ်ရေလှောင်ကန်(၄)လုံး တည်ဆောက်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်ကမ်းချက်များကို ဟားခါးမြို့၊ ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင်၁၂-၃-၂၀၁၇ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး လျှောက်လွှာများကို ၁၉-၃-၂၀၁၇ရက် ညနေ ၄း၃၀နာရီအထိနောက်ဆုံးထားတင်သွင်းရပါမည်။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၉-၂၅၉၂၅၅၀၇၁၊ ၀၉-၄၀၀၃၀၈၀၀၉၆၊ ၀၉-၄၅၉၀၀၄၀၀၈၊ ၀၇၀-၂၂၃၈၂၊ ၀၇၀-၂၁၃၂၅၊ ၀၇၀-၂၁၃၀၂၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ကန့်ကွက်ရန် ရှိ မရှိ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊ အမှတ် (၂၄၉/၂၅၁)၊ ပထမထပ် (ယာ)၊ အခန်း (၄)၊ (၁၂ ၃/၂ပေ ×ပေ ၄၀)ရှိ တိုက်ခန်းတစ်ခန်းနှင့်ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ သုံးရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်နွယ် B.A (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၇၆၇)**
**အမှတ် (၁၈၉) မြေညီထပ်၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၃၆၁၂၃၂၀၊ ၀၉-၄၉၃၁၉၈၆၄**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပျဉ်းမနားမြို့ ပေါင်းလောင်း(၁၀)နေ
ဦးအောင်မြင့် (အင်ဂျင်နီယာမှူးကြီး-ငြိမ်း၊ မြန်မာ့လျှပ်စစ်)+
ဒေါ်မြစန်း(ဌာနခွဲစာရေးကြီး-ငြိမ်း၊ မြန်မာ့စိုက်ပျိုးရေး)တို့၏ သားကြီး၊
မောင်ကျော်ဇင်မိုး(B.E-E.P)၊ မသိမ့်စန္ဒာလှိုင်(B-Tech-E.P)တို့၏
အစ်ကို
**ဒေါက်တာကျော်ဇင်လတ်** (M.B.,B.S)
လက်ထောက်ဆရာဝန်၊ လှိုင်ကော်ပြည်နယ်ပြည်သူ့ဆေးရုံကြီး
နှင့်
လှိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်နေ
ဦးခင်မောင်ဖြူ (ဝန်ကြီး-လမ်းပန်း/လျှပ်စစ်)+ ဒေါ်ခင်အေးဝင်း
(ဌာနခွဲစာရေးကြီး-ငြိမ်း၊ ပြည်နယ်တရားရုံး)တို့၏သမီးကြီး၊
မောင်အေးမင်းခန့်(Grade-10, B.E.H.S-2)၏ အစ်မ
**ဒေါက်တာခင်ဇေယျာထွန်း** (M.B.,B.S)
လက်ထောက်ဆရာဝန်၊ လှိုင်ကော်ပြည်နယ်ပြည်သူ့ဆေးရုံကြီး
တို့သည် (၁၁-၃-၂၀၁၇)နေ့တွင် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

## မွေးသက္ကရာဇ် အမှန်

မကွေးတိုင်းဒေသကြီး၊ အိုးသည်ကျေးရွာ၊ အလက(ခွဲ)မှ ဒေါ်စန္ဒီထက်နိုင် ၈/စလန(နိုင်)၁၅၉၄၇၁၏ မွေးသက္ကရာဇ်မှန်မှာ ၄-၇-၁၉၉၂ဖြစ်ပါသည်။ **ဒေါ်စန္ဒီထက်နိုင်**

## ဖခင်အမည်မှန်

မိုင်းရှူးမြို့၊ နားမိုင်ကျေးရွာနေ အထက-မိုင်းရှူး၊ ပဉ္စမတန်းမှ မငွေလင်း၏ဖခင်အမည်မှန်မှာ ဦးသန်းနိုင် ၉/ညဥန(နိုင်)၁၂၃၇၈၈ဖြစ်ပါကြောင်း။
**ဦးသန်းနိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးမောင်မောင်ဝင်း၏သမီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့၊ အမက နမ့်အွန်တွင် ကျောင်းအုပ်တာဝန် ထမ်းဆောင်နေသော ဒေါ်နုနုဝင်း ၁၃/တကန(နိုင်)၀၅၇၈၂၄နှင့် ဒေါ်တင်တင်ဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်နုနုဝင်း(ခ)ဒေါ်တင်တင်ဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၇ယ/၄၆၈၀၁ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းစိုး ၂/လကန(နိုင်)၀၁၄၄၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## အ ခွင့် အ လမ်း ဖွေ ရှာ ဘ ၀ အ တွက် တာ

**မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ်တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။**

# မလေးရှားမှ ကြမ်းတမ်းခက်ခဲသည့်နေ့ရက်များ

**သတင်းဆောင်းပါး-ခင်ရတနာ၊**

**ဓာတ်ပုံ- ကိုဘို၊ မလေးရှားရောက်မြန်မာများ**



**မတ် ၅ ရက်က ကွာလာလမ်ပူမြို့ကိုတာရာယာစတားဗဒ် ကော်ဖီဆိုင်ဘေးတွင် အထောက်အထားမပြသနိုင်သည့် အလုပ်သမားများအား ဖမ်းဆီးနေစဉ်**

ပြည်ပကို သွားရောက်အလုပ်လုပ်တဲ့ နိုင်ငံတွေထဲမှာ လူဦးရေအများဆုံးသွားရောက်တဲ့ နိုင်ငံတွေစဉ်လိုက်ရင် မလေးရှားနိုင်ငံက ဒုတိယလိုက်ပါတယ်။ မြန်မာအများစုက ကုန်ကျစရိတ်သက်သာပြီး သွားရလွယ်တဲ့ မလေးရှားနိုင်ငံမှာ သွားရောက်အလုပ်လုပ်တာ ဆယ်စုနှစ် နှစ်စုနီးပါးလောက်ရှိပါပြီ။ နောက်ပိုင်းမှာ အစိုးရက တရားဝင်သွားလာခွင့်အတွက် ကြိုးပမ်းပေးခဲ့လို့ ငါးနှစ်တာကာလအတွင်းမှာ အထောက်အထားမဲ့ သွားလာသူလျော့ကျသွားပြီး တရားဝင်လမ်းကြောင်းကနေ သွားလာသူ ပိုများလာပါတယ်။ ပြီးခဲ့တဲ့လနည်းငယ်အထိ မလေးရှားနိုင်ငံကိုသွားရောက်ဖို့ မြန်မာအလုပ်သမားတွေကို ခွင့်ပြုပေးခဲ့တာ လူဦးရေ ၂၀၀၀ ကနေ ၃၀၀၀ ကျော် ဝန်းကျင်အထိရှိပါတယ်။ များပြားလှတဲ့ အလုပ်ခေါ်စာတွေနဲ့ ပြည်ပအလုပ်အကိုင်အေဂျင်စီတွေကနေ မြန်မာလုပ်သားတွေကို မလေးရှားနိုင်ငံတစ်ဝန်းက စက်ရုံ၊ အလုပ်ရုံတွေမှာ အလုပ်ရဖို့ ဝန်ဆောင်နေကြတာ ဖြစ်ပါတယ်။ သို့သော်လည်း ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းက ဖြစ်ပေါ်ခဲ့တဲ့ မြန်မာနိုင်ငံအနောက်ဘက်ပိုင်း ရခိုင်ပြည်နယ်က ပဋိပက္ခအချို့ဖြစ်ပွားပြီးကာလ ဒီဇင်ဘာလကနေစတင်ပြီး အခုအချိန်အထိ အထောက်အထားမဲ့ အလုပ်သမားတွေကို ဖမ်းဆီးပြီး ထိန်းသိမ်းရေးစခန်းတွေကိုပို့နေတာ ပိုမိုများပြားလာနေတယ်လို့ မလေးရှားရောက်မြန်မာအလုပ် သမားတွေထံက သိရပါတယ်။ ဒါ့အပြင် မလေးရှားနိုင်ငံနဲ့ မြောက်ကိုရီးယားနိုင်ငံတို့ရဲ့ အရေးကြောင့်လည်း ပြည်ပနိုင်ငံသားတွေကို ပိုမိုစစ်ဆေးလာတယ်လို့ ဆိုပါတယ်။ ဒီအခြေအနေမှာ မလေးရှားရောက်မြန်မာအလုပ်သမားတွေ အတွက် စိန်ခေါ်မှုနဲ့ အခက်အခဲတွေ အများကြီးရှိလာတယ်လို့ မလေးရှားနိုင်ငံမှာ သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ ကိုမိုးဝေက ပြောပြပါတယ်။

မလေးရှားနိုင်ငံကို သွားရောက်အလုပ်လုပ်ကိုင်လိုတဲ့ မြန်မာအလုပ်သမားတွေကို ဝန်ဆောင်မှုတွေပေးနေတဲ့ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီက ၂၆၀ ဝန်းကျင်ရှိပြီး အပတ်စဉ်တိုင်းမှာလည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကနေ တင်ပြလာတဲ့ အလုပ်ခေါ်စာတွေကိုစိစစ်ပြီး အလုပ်သမား ၅၀၀ ကျော်ဝန်းကျင်ကို ခေါ်ယူနိုင်ဖို့ ခွင့်ပြုပေးခဲ့ပါတယ်။ ဒီဇင်ဘာလကုန်ကနေစပြီး မလေးရှားနိုင်ငံကို အလုပ်သမားစေလွှတ်ဖို့ကိစ္စကို ဝန်ကြီးဌာနကနေ ယာယီပိတ်ထားခဲ့ချိန်မှာ မလေးရှားလာရောက်သူ နည်းပါးသွားတာ တွေ့ရပါတယ်။

"အစိုးရက ပိတ်ထားဖို့ လိုအပ်တယ်ထင်လို့ ပိတ်ထားတာနေပါလိမ့်မယ်။ အမှန်တကယ်ကိုလည်း အဖမ်းအဆီးက အလွန်များတယ်။ အထောက်အထားရှိတဲ့၊ တရားဝင်သွားတဲ့ လူတွေတောင် အစစ်အဆေးတွေ အများကြီးခံနေရတာရှိပါတယ်။ မြန်မာအလုပ်သမားတွေအပြန်များလို့ အင်ဒိုနီးရှားအလုပ်သမားတွေကို ခေါ်သုံးနေကြတယ်။ အမှန်က မြန်မာအလုပ်သမားတွေက ပိုပြီးအပင်ပန်းခံနိုင်ကြတယ်။ ဒါပေမယ့် မလေးရှားရောက်မြန်မာအလုပ်သမားတွေက ဖိနှိပ်ခံရတာများတယ်။ ဘာသာစကားမကျွမ်းကျင်ဘူး၊ အထောက်အထားရှိတာကိုရေလည်အောင် မပြောပြနိုင်တာတွေဖြစ်တော့ အဖွဲ့အစည်းတွေရော၊ မြန်မာအလုပ်သမား သံအရာရှိရော မကြာခဏလိုက်လံဖြေရှင်းပေးနေရတာကိုမြင်တွေ့ရတယ်"လို့ ကိုဘိုကပြောပါတယ်။

မတ် ၉ရက်က မလေးရှားနှင့် ထိုင်းနိုင်ငံနယ်စပ်ကို မလေးရှားဘက်မှ အဝင်အထွက် တင်းကျပ်ထားတယ်လို့ မလေးရှားရောက် ကိုနေကျော်နိုင်ထံက သိရပြီး ပြဿနာကတော့ မြောက်ကိုရီးယားနိုင်ငံသားတွေ နယ်စပ်ကနေ အဝင်အထွက်မရှိအောင်တားဆီးဖို့ အဓိကရည်ရွယ်တယ်လို့ သိရပါတယ်။ ဒါပေမယ့် မြောက်ကိုရီးယားတွေအပြင် ထိုင်းနိုင်ငံကနေ လှည့်ပြန်ဖို့ စဉ်းစားနေတဲ့ မြန်မာအလုပ်သမားတွေအတွက်လည်း သတိထားရမယ့် အချက်ဖြစ်တယ်လို့ ဆိုပါတယ်။ မလေးရှားနိုင်ငံအနေနဲ့ နယ်စပ်ဖြတ်ကျော်မှုတွေကိုပါ တစ်ပါတည်း ဖမ်းဆီးနေချိန်ဖြစ်တာကြောင့်လို့ သိရပါတယ်။

"ပါမစ်မှန်တဲ့သူတွေလည်း သတိထားကြပါ။ အခုလေဆိပ်မှာ ပါမစ်လုပ်ထားလျက်နဲ့ မှားတယ်ဆိုပြီး ကျွန်တော် အဖမ်းခံခဲ့ရတယ်။ ကျွန်တော့်လိုပဲ ကမ့်(ထိန်းသိမ်းရေး)မှာ မြန်မာတွေ အများကြီးပဲ။ အေဂျင်စီတစ်ခုက ပေါင်းပြီးလိမ်တာတွေ တွေ့ရတယ်။ အထူးသဖြင့် နေရပ်လိပ်စာ ဘက်သူးဂိတ်နဲ့ ထွက်လာတဲ့ ပါမစ်သမားတွေကို သတိထားဖို့လိုပါတယ်။ ဖြစ်နိုင်ရင် မလာပါနဲ့။ လာရင်လည်း CI နဲ့သာပြန်လာပါ။ အော်ပရာစီဖမ်းနေတာ Klia ကမ့်ထဲကို တစ်ရက်ကို ကားနှစ်စီးလောက်ရောက်လာတာတွေ့ရတယ်။ ပါမစ်ရှိတဲ့သူတွေလည်း အဖမ်းခံရတယ်။ သူဌေးလာရွေးပေးမှ ပြန်လွှတ်ပေးတာမို့ ကိုယ့်ဘာသာပါမစ်သမားတွေ သတိပြုကြဖို့လိုမယ်။ ကျွန်တော်ဆို ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၇ရက်က လေဆိပ်မှာ အဖမ်းခံရပြီး ဒီလ ၃ ရက်နေ့ကမှ ထွက်လာတာ။ ဒါတောင်ပိုက်ဆံပေးပြီး ပြန်လာခဲ့ရတာ" လို့ မြန်မာအလုပ်သမား ကိုဘိုက ပြောပြပါတယ်။

မလေးရှားနိုင်ငံအစိုးရက ယာယီနေထိုင်ခွင့်ကတ် (E-Card) တွေကို ထုတ်ပေးပြီး လတ်တလော အလုပ်သမားအရေးအတွက် ဖြေရှင်းပေးနေတယ်လို့ သိရပြီး ကတ်ထုတ်ယူရာမှာလည်း အခက်အခဲတွေတော့ ရှိနေသေးတာကို တွေ့ရပါတယ်။ နေထိုင်ခွင့်ကတ်ကို UNHCR ကတ်ကိုင်ထားသူတွေ၊ Calling Visa Runway Report တိုင်ခံထားရသူတွေ၊ ဆေးကျသူတွေ၊ မလေးရှားကို အလည်အပတ်ဗီဇာနဲ့ ၂၀၁၆ မတ်လကုန် နောက်ပိုင်းမှ ဝင်လာသူတွေ၊ မလေးရှားရဲ့လူဝင်မှုကြီးကြပ်ရေးမှာ အမည်မည်းစာရင်းဝင်သူတွေ ဖြစ်မယ်ဆိုရင် လျှောက်ထားခွင့်မရနိုင်တာကို သိဖို့လိုအပ်ပါတယ်။ ဒါ့အပြင် E-Card ကို ကဏ္ဍငါးခုအတွက်သာ ထုတ်ပေးမှာဖြစ်ပြီး စက်ရုံ၊ အလုပ်ရုံ၊ ဆောက်လုပ် ရေး၊ စိုက်ပျိုးမွေးမြူရေး၊ ဥယျာဉ်ခြံနဲ့ ဝန်ဆောင်မှု (စားသောက် ဆိုင်၊ စတိုးဆိုင်) လုပ်ငန်းတွေအဖြစ် ကန့်သတ်ထားပါတယ်။ ပထမဆုံး မလေးရှားလူဝင်မှုကြီးကြပ်ရေးဌာနမှာ လျှောက်လွှာတင်ရမှာဖြစ်ပြီး အလုပ်ရှင်ကနေ အလုပ်သမားနဲ့အတူ မှတ်ပုံ တင်ခြင်း၊ သတ်မှတ်စည်းကမ်းများနှင့်ညီမညီစစ်ဆေးခြင်းတွေ ပြုလုပ်မှာဖြစ်ပါတယ်။ မကိုက်ညီဘူးဆိုရင်တော့ နှစ်ပတ်အတွင်း မိမိနိုင်ငံကို ပြန်ရမှာဖြစ်ပါတယ်။ ကတ်လုပ်ထားမယ်ဆိုရင် တစ်နှစ်နေထိုင်ခွင့်ရရှိမှာဖြစ်ပြီး သူဌေးပါလာရင် ငွေကြေးပေးစရာမလိုဘဲ ကိုယ်တိုင်လုပ်လို့ ပွဲစားနဲ့လုပ်ရမယ်ဆိုရင် ရင်းဂစ် ၁၀၀၀ အထိ ပေးနေရတယ်လို့ သိရပါတယ်။ တကယ်လို့များ အရင်အလုပ်လုပ်ခဲ့ဖူးတဲ့ သူဌေးက ထွက်ပြေးပါတယ်လို့ တိုင်ထားတာရှိရင်တော့ နှစ်ပတ်အတွင်း ပြန်ပို့ခံရမှာပါ။ အရေးကြီးတာက တကယ်လို့များ တစ်နှစ်ကျော်သွားပြီး ဆက်နေမယ်ဆိုရင်တော့ အာမခံတဲ့ သူဌေးရော၊ အလုပ်သမားရော ထိခိုက်နိုင်တာမို့ သူဌေးအများစုက အာမ မခံပေးချင်ကြဘူးလို့ သိရပါတယ်။

"ပြန်ချင်တဲ့ သူတွေကတော့ များတယ်။ အဖမ်းအဆီးများတာကြောင့်ဖြစ်ပါတယ်။ မြန်မာအများစုက ကျွန်တော့်ကားကို ငှားစီးကြတယ်။ အဓိကကတော့ လုံခြုံစွာနဲ့ ခရီးသွားနိုင်အောင်ပေါ့။ ပို့ပေးရတဲ့နေရာအများစုကတော့ မြန်မာသံရုံးပေါ့။ အကူအညီတောင်းဖို့၊ CIလျှောက်ဖို့သွားကြတာ။ ပြီးတော့ ကမ့်တွေကို သွားကြတယ်။ သူငယ်ချင်းတွေ၊ မိသားစုတွေက လူရှာတာမျိုးတွေ လုပ်ကြတယ်။ ကျွန်တော်က အရေးပေါ်လည်း လိုက်ပို့ပါတယ်။ ၂၄ နာရီ အကူအညီပေးနိုင်အောင် ကြိုးစားနေတယ်။ နာရေးနဲ့ ဘာသာရေးကိစ္စတွေဆိုရင် အခမဲ့ လိုက်ပို့ပေးတာကြောင့် လူသိများတယ်။ မြန်မာအစိုးရက မလေးရှားကို အလုပ်လုပ်ဖို့လာမယ့်သူတွေကို ရပ်နားထားတယ်လို့ သိရပါတယ်။ ဒါလည်း ကောင်းတဲ့ကိစ္စပါ။ ဒီဘက်မှာက အဖမ်းအဆီးများပြီး နိုင်ငံရေးမတည်ငြိမ်သေးတော့ မလာကြသေးတာကောင်းတယ်"လို့ မလေးရှား ကွာလာလမ်ပူတွင်နေထိုင်ကာ မြန်မာတွေ လိုရာခရီးကိုပို့ဆောင်ပေးနေတဲ့ မြန်မာတက္ကစီယာဉ်မောင်း ကိုအောင်အောင်က ပြောပြပါတယ်။

မြန်မာအလုပ်သမားတွေအတွက် နောက်ထပ်စိန်ခေါ်မှုတစ်ရပ်က ပြန်တဲ့အလုပ်သမားများလာတာကြောင့် တစ်ဦးတည်း အပြင်သွားတာ၊ ဈေးဝယ်ထွက်တာနဲ့ ညဘက်အပြင်ထွက်တာတွေကို သတိထားနေကြရတယ်လို့ သိရပါတယ်။ 'ရုံးဆင်းတော့ ပုံမှန်အတိုင်းပြန်လာတာ။ ကျွန်တော့်အိမ်ကလည်း လစာထုတ်ပြီးရက်ဆိုတော့ လဆန်းရင် လစာပို့ပေးဖို့ မျှော်နေကြပြီ။ မလေးရှားကအခြေအနေတွေကိုကောင်းကောင်းမသိကြဘူး။ ဒါနဲ့ ဘဏ်ကနေ ငွေလွှဲမယ်ဆိုပြီး လာတာမှာ ဓားနဲ့ထောက်ပြီး လူသုံးယောက် အတင်းဝင်လုံးတယ်။ သူတို့မှာ ဆိုင်ကယ်လည်းပါတယ်။ ဓားလည်းပါတော့ ကြောက်လန့်ပြီး ဘဏ်ကတ်ကနေ ငွေကို အတင်းထုတ်ခိုင်းလို့ ထုတ်ပေးလိုက်ရတော့ လစာအကုန်ပါသွားခဲ့တယ်။ နောက်ဆိုတစ်ယောက်ထဲသွားဖို့ တော်တော်စဉ်းစားရတော့မယ်"လို့ ကိုယ်တွေ့ကြုံရသူ ကိုသက်နိုင်က ပြောပြပါတယ်။


မလေးရှားနိုင်ငံကနေ မြန်မာနိုင်ငံကို ပြန်လာချင်တဲ့သူတွေအနေနဲ့ အပြန်စရိတ်အတွက် အနည်းဆုံး လူတစ်ယောက်ကို ရင်းဂစ် ၁၆၀၀လောက် ကုန်နိုင်ပါတယ်။ ဒီငွေကြေးကို ရလာဖို့ အိမ်ကိုမပို့ဘဲ နှစ်လလောက် စုထားပြီးမှ ရတာဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ပြန်ချင်တယ်ဆိုရင် သံရုံးမှာ CI လျှောက်ထားပြီး ပြန်နိုင်ပါတယ်။ ပါမစ်မရှိပေမယ့် နိုင်ငံကူးလက်မှတ်ရှိတာနဲ့ လဝကမှာ လက်ဗွေနှိပ်ပြီး ပြန်နိုင်တာပါ။ ဒါပေမယ့် အဲဒီနေရာမှာလည်း အခက်အခဲတွေရှိနေသေးတာကို တွေ့ရပါတယ်။ "လက်ဗွေနှိပ်ပြီး နှစ်ပတ်အတွင်းကာလမှာ စနေ၊ တနင်္ဂနွေတွေကိုလည်း ထည့်တွက်ပါတယ်။ ဒါ့အပြင် သောကြာနေ့မှာဆိုရင် မလေးရှား လဝကက နိုင်ငံခြားသားတွေအတွက် အလုပ်မလုပ်ပါဘူး။ ဒါကြောင့် SP ကို ထုတ်မပေးတော့ ပြန်ရတဲ့သူတွေ စရိတ်တွေမြင့်တက်နေရတာရှိပါတယ်။ ပြန်မယ့်သူတွေ မြန်မြန်မပြန်ရတော့ ကျွန်တော့်အိမ်မှာ ခေါ်ထားရတယ်။ အခုလူမဆံ့တော့လို့ အိမ်တစ်လုံးထပ်ငှားထားရပါတယ်။ မဟုတ်လည်း ပြန်မယ့်သူတွေက လမ်းစရိတ်တောင် မနည်းရှာထားရတာပါ။ ဒီမှာ ဟိုတယ်က အနည်းဆုံးတစ်ညကို ရင်းဂစ် ၇၀ ရှိပါတယ်။ ၁၀ ရက်လောက်စောင့်နေရရင် သူတို့အပြန်စရိတ်တောင်ကာမိမှာမဟုတ်ပါဘူး၊ လေယာဉ်လက်မှတ်က အနည်းဆုံး တစ်ပတ်လောက် အချိန်ပေးရတော့ အခက်အခဲတွေရှိတယ်"လို့ ကွာလာလမ်ပူမှာနေထိုင်တဲ့ ကိုမိုးကပြောပြပါတယ်။မလေးရှားနိုင်ငံမှာ ပုံမှန်အခြေအနေနဲ့ အလုပ်သွားလုပ်ရင်းက ရဲတပ်ဖွဲ့က ရပ်တန့်တားဆီးတာပဲဖြစ်ဖြစ် ကြုံခဲ့ရရင် အမည်၊ သက်သေခံနံပါတ်နဲ့ နေရပ်လိပ်စာကိုပြောပြဖို့ ပြင်ဆင်ထားဖို့လိုပါတယ်။ ရဲအရာရှိက ခန္ဓာကိုယ်နဲ့ အဝတ်အစားထဲ၊ လက်ကိုင်အိတ်တွေထဲကို ရှာဖွေတာကို ခွင့်မပြုဘဲ နေနိုင်ပါတယ်။ ဒါပေမယ့် ကိုယ်တိုင်တစ်ခုချင်း ထုတ်ယူပြသဖို့တော့လိုပါတယ်။ ခိုးမှု၊ လူသတ်မှု၊ မူးယစ်ဆေးဝါးမှုနဲ့ နိုင်ငံကူးလက်မှတ်မပြနိုင်မှုတွေ ဖြစ်လာရင်တော့ ဖမ်းဆီးနိုင်ပြီး ကျန်တဲ့ကိစ္စရပ်တွေမှာ ဖမ်းဆီးမှုကို မေးမြန်းစုံစမ်းဖို့ လိုအပ်ပြီး ထွက်ပြေးမသွားသင့်ဘူးလို့ အလုပ်သမားအရေး လိုက်ပါဆောင်ရွက်သူ ကိုမင်းဇော်က ရှင်းပြပါတယ်။


ဖမ်းဆီးခံရပါက မိတ်ဆွေထံကို သို့မဟုတ် ဥပဒေကူညီပေး ရေးအဖွဲ့တွေကို ဖုန်းခေါ်ဆိုဖို့ အခွင့်အရေးက လူတိုင်းမှာရှိတယ်ဆိုတာကို သိထားသင့်ပြီး အကယ်၍ လူဝင်မှုပြစ်မှုနဲ့ ဖမ်းဆီးခံရပါက ၁၄ ရက်အထိ ထိန်းသိမ်းထားနိုင်တယ်


စာမျက်နှာ ၂၂ သို့





**မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးမှ ထုတ်ပေးသည့် E- ကတ်များ**


















# ဗန်းစကားပြဿနာ (၂)

## မောင်ခင်မင်(ဓနုဖြူ)

"စောစောက ပြောခဲ့တဲ့အတိုင်း ဗန်းစကားဆိုတာလုပ်ငန်းချင်းသဘာဝချင်းတူတဲ့ လူစုကပေ့ါပေ့ါပါးပါးထွင်ပြီးပြောတဲ့စကားမို့ အရင်းခံကတော့ အပြောမှာသုံးတဲ့စကားမျိုးပဲကွဲ့"

"ဟုတ်ကဲ့ပါ"

"အဲဒီအပြောမှာသုံးတဲ့ ဗန်းစကားတွေကို စာနဲ့ရေးတော့လည်း စာထဲပါလာတာပေါ့။ ဒါပေမယ့် ဗန်းစကားတွေဟာ ပျော်စရာရွှင်စရာသဘောနဲ့ သုံးတာမို့စာသံပေသံနဲ့ အတည်အတံ့သုံးတဲ့ စကားမျိုးတော့မဟုတ်ဘူး"

"ဟုတ်တယ်နော် ဘဘ"

"သမီးတို့ စဉ်းစားကြည့်လေ ဗန်းစကားတွေကတီထွင်သူတွေရဲ့နှုတ်ကနေပြီး ဝတ္ထုတွေထဲ ရောက်ချင်ရောက်မှာပေ့ါ။ ဖေ့စ်ဘုတ်ထဲလည်း ရောက်ချင်ရောက်မှာပေ့ါ။ ဘာသာရေးတို့၊ နိုင်ငံရေးတို့၊ ယဉ်ကျေးမှုတို့၊ သိပ္ပံပညာတို့အကြောင်းရေးတဲ့ စာတွေထဲရော ရောက်ပါ့မလား"

"မရောက်ဘူးထင်ပါတယ်ဆရာကြီး။ အဲဒီစာမျိုးတွေမှာ ဗန်းစကားတွေမတွေ့ရပါဘူး"

"စဉ်းစားကြည့်ရင်စကားက စာထက်စောပြီးပေါ်တာမို့ ရှေးကလူတွေလည်း ပေ့ါပေ့ါပါးပါးရယ်စရာရွှင်စရာပြောတဲ့အခါ ဗန်းစကားတွေထွင်ပြီးပြောခဲ့ကြမှာပဲလို့ တွေးကြည့်နိုင်တယ်။ ဒါ-သဘာဝပဲလေ"

"ဟုတ်ကဲ့ပါဘဘ၊ ဒါ-သဘာဝကျပါတယ်"

"ဒီနေရာမှာစကားနဲ့ စာရဲ့အခြေခံသဘောတရားတစ်ခုကို ထည့်ပြောရမယ်။ ဘယ်စာအရေးအသားဖြစ်ဖြစ် စကားသံကို အခြေခံပြီးတီထွင်တဲ့ စာမှန်ရင်စာစပြီးတီထွင်တုန်းက ဘယ်အသံကို ဘယ်စာဘယ်အက္ခရာနဲ့ရေးမယ်ဆိုပြီး တီထွင်တာလေ။ ဒီတော့ စာတီထွင်စမှာ အသံနဲ့စာလုံး၊ အပြောနဲ့အရေး မကွဲပြားဘူး။ အသံထွက်တဲ့အတိုင်းရေးမှာပဲ။ ရေးတဲ့အတိုင်း အသံထွက်မှာပဲ။ နောက်နှစ်တွေကြာတော့မှ အပြောင်းမြန်တဲ့ စကားသံနဲ့ အပြောင်းနှေးတဲ့စာတို့ကြားမှာ ကွာဟမှုတွေဖြစ်လာပြီး အပြောနဲ့အရေးကွဲပြားလာတယ်လို့ ပညာရှင်တွေ ယူဆကြတယ်"

"ဟုတ်ကဲ့"

"မြန်မာစကားမှာလည်း ၁၈ ရာစုအပြောနဲ့ အရေးသိသိသာသာကွဲနေပြီလို့ယူဆကြတယ်။ အဲဒီကာလမှာ အပြောစကားဟန်နဲ့ရေးတဲ့ ပေ့ါပေ့ါပါးပါးစာတွေ ပေါ်လာတယ်။ ရကန်တို့၊ ပြဇာတ်တို့၊ ဟောစာတို့၊ မေတ္တာစာတို့လိုစာမျိုးတွေပေ့ါ။ စာကြီးပေကြီးတွေမှာ ဗန်းစကားတွေမတွေ့ရပေမယ့် အဲဒီ အပြောကိုအခြေခံတဲ့ စာတွေမှာတော့ သူ့ခေတ်သူ့အခါက သုံးတဲ့ ဗန်းစကားတွေတွေ့နေရပြီ"

"ဘယ်စာတွေမှာပါလဲဆရာကြီး"

"ကဲ-စစချင်းသာဓကပြချင်တာက ရကန်ပဲ။ ရကန်ရဲ့ သဘာဝက တစ်ဖက်လူကိုတိုက်ခိုက်ပြီးဟာသပါပါ ခပ်ရွှင်ရွှင်ရေးတဲ့စာမျိုးလေ။ ဒါကြောင့်ရကန်တွေမှာ သူ့ခေတ်သုံးဗန်းစကားတွေ အများကြီးတွေ့နိုင်တယ်"

"နမူနာကလေးတစ်ခုလောက်သိပါရစေဆရာ"

"ကုန်းဘောင်ခေတ်က ဦးတိုးရဲ့ရာမရကန်ထဲက မွန်မိန်းကလေးကိုခေါ်တဲ့ ဗန်းစကားတစ်ခုပြောပြမယ်။ ခေတ်အဆက်ဆက်မှာ မိန်းကလေးတွေဟာ ယောကျ်ားကလေးတွေရဲ့ စိတ်ဝင်စားစရာဖြစ်လို့ မိန်းကလေးကိုခေါ်တဲ့ဗန်းစကားတွေ ခေတ်အဆက်ဆက် ပေါ်ပေါက်တယ်။ ရာမရကန်မှာ 'အပျို' 'ကညာ' ဆိုတဲ့စကားကို 'အပျေန၊ ကညေန၊ အပျိုလှကညာ' တဲ့၊ 'အပျေန'၊ 'ကညေန' ပါဠိသံကလေးရောပြီး မိန်းကလေးကို အပြောင်အပြက် ခေါ်တာလေ"

"သြော်... ဟုတ်ကဲ့ပါ"

"နောက်ရှိသေးတယ်။ 'လူသာငယ်သည် လူငယ်ဟုတ်ကြီး၊ လူသာကြီးသည် လူကြီးဘောသော' တဲ့။ ပေါကြောင်ကြောင်လူကို 'ဘောသော' လို့ခေါ်တဲ့ ဗန်းစကားပဲ။ နောက်ခေတ်တွေ အထိသုံးကြတယ်"

"မှတ်ထားပါ့မယ်ဆရာကြီး"

"နည်းနည်းပါးပါး၊ နမူနာပြတာပါ။ ရာမရကန်လိုစာမျိုးမှာဗန်းစကားတွေသုံးတာ။ သဘာဝကျပါတယ်။ သူ့နေရာနဲ့သူလိုက်ဖက်အောင်သုံးတာပဲ။ ဗန်းစကားသုံးတာ မကောင်းဘူးလို့ တရားသေမှတ်လို့တော့မဖြစ်ဘူးလေ"

"ဟုတ်ကဲ့ပါ။ မှတ်ထားပါ့မယ်ဘဘ"

"တချို့အသုံးတွေက တော်တော်ကြမ်းတယ်။ အသဒိသရတုမှာ အသဒိသမင်းသားလေးအစွမ်းပြတော့ ပရိသတ်က အထိတ်တလန့်ဖြစ်သွားပြီး 'ထမိန်မနိုင်၊ ပဝါမနိုင် ပြေးကြလွှားကြပုံတွေကို သရုပ်ဖော်ထားတာ ဟာသမြောက်တဲ့အဖွဲ့တွေပဲ။ ထားပါတော့။ ဆရာတော်ကြီးသုံးထားတဲ့ ဗန်းစကားတွေက တိုင်းငယ်ပြည်ငယ်ကို 'ဂျင်ကလယ်' တဲ့။ 'သင်းတို့ပြည်ငယ်၊ ဂျင်ကလယ်ကိုအလွယ်မနှေး၊ မလောက်လေးသည်၊ အရေးကြီးစိမ့်မည် ကုန်းဘောင်ခေတ်ကတည်းက သုံးတဲ့စကားပါ' လို့ ဖွဲ့ထားတာလေ။ သမ္ဗုလရတုမှာ သမ္ဗုလမိဖုရားကို ဒါနောဘီလူးကတွေ့တဲ့အခါ 'ယခုမှကျွမ်းတာမို့၊ နှုတ်ခွန်းမောင်ကျဲသည်၊ ဆလံမယ့်ကိုပေး၏လေ' ဆိုပြီး 'ဆလံပေးတယ်' ဆိုတဲ့စကားကို ခပ်ရွှင်ရွှင်သုံးထားတယ်။ 'အလိုတူတူ မတူတူဘဲ၊ လက်ကူ၍တွန်း၊ ရုပ်လဂွမ်းသည်' ဆိုပြီး 'ရုပ်လဂွမ်း' ဆိုတဲ့ ဗန်းစကားသုံးထားတယ်။ အတင်းသိမ်းပိုက်မယ်လို့ဆိုလိုတာပေ့ါ။ ကြိုက်လျှင်ခုကြိုက်၊ မယ်မကြိုက်လျှင် 'ကာနီကောလိမ့်မည်' ဆိုပြီး ဘေးတွေ့လိမ့်မယ်လို့အဓိပ္ပာယ်ရတဲ့ ဗန်းစကားကိုသုံးထားတယ်။ မန်လည်ဆရာတော်ကြီးကို စာပေကျမ်းဂန်နှံ့စပ်တဲ့စာဆိုကြီးကတောင် ဗန်းစကားတွေ ကို လျစ်လျူမရှုဘဲ ဆီလျော်တဲ့နေရာမျိုးမှာ ထည့်သုံးတယ်ဆိုတာပြောချင်လို့ပါ"

**စဉ်းစားကြည့်ကြလေ။ ဒီနေရာမှာ မိန်းကလေးကိုခေါ်တဲ့ 'မဒ' ဆိုတဲ့ဗန်းစကားကို သရုပ်ပျက်နေတဲ့ သားက အဖေကို မလေးမခန့်ပြောတဲ့စကားအဖြစ် ဦးလတ်က တမင်သုံးလိုက်တဲ့အတွက် မောင်သောင်းဖေရဲ့ ဂါရဝနိဝါတပျက်နေတဲ့ စရိုက်ဟာ ထင်းခနဲပေါ်လာတာ မဟုတ်လား။ တကယ်လို့ အဲဒီဗန်းစကားမသုံးဘဲ 'အဖေ၊ ညကအငြိမ့်ပွဲမှာ ကျွန်တော်မိန်းကလေးတစ်ယောက် တွေ့ခဲ့ပါတယ်။ အဲဒီမိန်းကလေးကို ကျွန်တော်နဲ့ စပ်ပေးပါလို့ ရိုးရိုးပဲပြောရင် မောင်သောင်းဖေရဲ့ သရုပ်ပျက်စရိုက်ဟာ ပေါ်လာမှာမဟုတ်ဘူးလေ။ ဒီတော့ ဗန်းစကားသုံးတာမကောင်းဘူးလို့ လှေနံဓားထစ်မှတ်ထားလို့ သင့်ပါ့မလားဆိုတာ စဉ်းစားကြည့်ကြပေါ့ကွယ်**

"နောက်ထပ်ထင်ရှားတဲ့ သာဓကတစ်ခုပြဦးမယ်။ မန်လည်ဆရာတော်ဆိုတာ သိကြမှာပေ့ါ"

"သိပါတယ်ဆရာကြီး။ မဟာသုတကာရီမဃဒေဝလင်္ကာသစ်ကြီးကိုရေးဖွဲ့တဲ့ ရဟန်းစာဆိုပညာရှိကြီးပါ"

"ဟုတ်တယ်။ ဆရာတော်ကြီးဟာ 'ပညာကြီးမားပြီး' စာကောင်းပေမွန်တွေရေးဖွဲ့ခဲ့တဲ့ စာဆိုကြီးပဲ။ မန်လည် ဆရာတော်ရေးတဲ့ စာအုပ်တစ်အုပ်ရှိတယ်။ 'မင်္ဂလာရတုပေါင်းချုပ်' တဲ့"

"သမီးတို့ မဖတ်ဖူးပါဘူးဘဘ"

"မင်္ဂလာရတုဆိုတာ ရှင်လောင်းလှည့်ရာမှာပျော်ပျော်ရွှင်ရွှင်ဆိုလေ့ရှိတဲ့ရတုပဲ။ 'သျှိုးလိုက်ရတု' လို့ ခေါ်တယ်။ ရတုဆိုတဲ့သူက တစ်ပိုဒ်ဆိုပြီးရင် နောက်ကပရိသတ်က 'သျှိုး' လို့လိုက်အော်ရတယ်။ ကောင်းချီးမင်္ဂလာပေးတာပေ့ါ။ နောက်ပိုင်းမှာတော့ 'ရွှဲ' လို့ လိုက်ဆိုကြတယ်။ ရေးတဲ့ပုံစံက ရကန်ဆန်ဆန်ခပ်ရွှင်ရွှင်ရေးတာပဲ။ ဇာတ်တော်တွေကို ရေးလေ့ရှိတယ်။ ဟာသပါတယ်။ အဲဒီရတုတွေမှာလည်း ဗန်းစကားတွေ ပါတာပေ့ါကွယ်"

"သြော်၊ ဟုတ်ကဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ဆီလျော်တဲ့နေရာမျိုးမှာ ဗန်းစကားသုံးလိုက်လို့ အာနိသင်ထက်မြက်သွားတဲ့ သာဓကတစ်ခုပြောရဦးမယ်။ ဦးလတ်ရေးတဲ့ ရွှေပြည်စိုးဝတ္ထုကိုသိကြမှာပေ့ါ"

"သမီးတို့သင်ဖူးပါတယ် ဆရာကြီး၊ ရွှေပြည်စိုးဝတ္ထုထဲက ဝတ်လုံတော်ရမောင်သောင်းဖေကို သရုပ်ဖော်ထားတာသိပ်ပေါ်လွင်ပါတယ်"

"ဟုတ်တယ်။ အဲဒီမောင်သောင်းဖေက ဘိလပ်မှာ ဝတ်လုံအတတ်၊ ဥပဒေပညာဆိုပါတော့ သင်ပြီးပြန်လာတော့ မြန်မာတွေကို အထင်သေးပြီး စိတ်ကြီးဝင်လာတယ် မဟုတ်လား။ လူကြီးမိဘတွေနဲ့ ပြောဆိုဆက်ဆံရာမှာလည်း ဂါရဝနိဝါတပျက်ယွင်းလာတယ်လေ။ ဦးလတ်က အဲဒါကို သရုပ်ဖော်တဲ့ အကွက်ကလေးတစ်ကွက်ရှိတယ်"

"ဟုတ်ကဲ့ပါ"

"တစ်နေ့မှာ မောင်သောင်းဖေရဲ့ ဖခင်ဦးရာကျော်က ဖျာကလေးခင်းပြီး တုံးလုံးလှဲနေတယ်။ မောင်သောင်းဖေက သူ့အဖေနားက ကုလားထိုင်ပေါ်မှာခြေထောက်ချိတ်ထိုင် ပြီး အင်္ဂလိပ်သတင်းစာကြီး ဖြန့်ဖတ်နေရင်းသူ့အဖေကို စကားတစ်ခွန်းလှမ်းပြောတယ်မဟုတ်လား။ သားတို့သမီးတို့ ဖတ်ဖူးမှာပါ။ "အဖေ-ညကအငြိမ့်ပွဲမှာ ကျွန်တော်မဒကလေး တစ်ယောက်တွေ့ခဲ့ပါတယ်။ အဲဒီမဒကလေးကို ကျွန်တော်နဲ့ စပ်ပေးပါ-တဲ့"

"ဟုတ်ပါတယ်ဆရာကြီး၊ အဲဒီလိုပြောတာပါ"

"အဲဒီတော့ အဖေကသူ့သားကို 'ရယ်မဲ့ရယ်မဲ့ မကြည်သာသော မျက်နှာနဲ့ကြည့်တယ်တဲ့'။ ရယ်ရမလို၊ မဲ့ရမလိုမျက်နှာနဲ့ကြည့်ပြီး ငေါ့တော့တော့လေး ပြောလိုက်တယ်။ ဝတ်လုံတော်ရမင်းလည်း မြန်မာစကားတွေမေ့ကုန်ပြီထင်တယ်။ အဲဒီမဒဆိုတဲ့ စကားမျိုးဟာ ဝတ်လုံတော်ရမင်းတို့ သက်တူရွယ်တူချင်း ပြောရတဲ့စကားပါတဲ့- အဖေကိုပြောရတဲ့စကားမျိုး မဟုတ်ဘူး....တဲ့"

"တော်တော်ထိမိတာပဲနော်"

"စဉ်းစားကြည့်ကြလေ။ ဒီနေရာမှာ မိန်းကလေးကိုခေါ်တဲ့ 'မဒ' ဆိုတဲ့ဗန်းစကားကို သရုပ်ပျက်နေတဲ့သားက အဖေကို မလေးမခန့်ပြောတဲ့စကားအဖြစ် ဦးလတ်ကတမင်သုံးလိုက်တဲ့အတွက် မောင်သောင်းဖေရဲ့ ဂါရဝနိဝါတပျက်နေတဲ့ စရိုက်ဟာ ထင်းခနဲပေါ်လာတာ မဟုတ်လား။ တကယ်လို့ အဲဒီဗန်းစကား မသုံးဘဲ 'အဖေ၊ ညက အငြိမ့်ပွဲမှာ ကျွန်တော် မိန်းကလေး တစ်ယောက် တွေ့ခဲ့ပါတယ်။ အဲဒီမိန်းကလေးကို ကျွန်တော်နဲ့ စပ်ပေးပါလို့ ရိုးရိုးပဲပြောရင်မောင်သောင်းဖေရဲ့ သရုပ်ပျက် စရိုက်ဟာ ပေါ်လာမှာမဟုတ်ဘူးလေ။ ဒီတော့ ဗန်းစကားသုံးတာ မကောင်းဘူးလို့ လှေနံဓားထစ်မှတ်ထားလို့ သင့်ပါ့မလား ဆိုတာ စဉ်းစားကြည့်ကြပေါ့ကွယ်"

"ဟုတ်တယ်နော် ဘဘ။ တကယ်လို့သမီးက ဖေ့စ်ဘုတ်မှာ ပြောကြရေးကြတဲ့ အကြောင်းဝတ္ထု တစ်ပုဒ်ရေးမယ်ဆိုရင် အဲဒီ 'ကြီး' တွေ 'ညလေး' တွေထည့်ရေးမှ သဘာဝကျမှာ ပေ့ါနော်"

"ဒါကြောင့်ကောင်းတယ် မကောင်းဘူးဆိုတာ တရားသေမှတ်လို့မရဘူးလို့ ပြောတာပေ့ါ"

"ဆရာကြီး မိန်းကလေးကိုခေါ်တဲ့ဗန်းစကားတွေ အမျိုးမျိုး ပေါ်ပေါက်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ မှတ်သားပါရစေ။ ဘယ်လိုစကားမျိုးတွေလည်း ခင်ဗျာ"

"အေး... အေး ၊ ခေတ်အဆက်ဆက်ပေါ်ပေါက်တဲ့ဝတ္ထုတွေထဲမှာ အဲဒီဗန်းစကားတွေ တွေ့ရတတ်ပါတယ်။ သတိထားမိသလောက်ပြောရရင် 'မဒ' ကိုပဲ 'မဒီ' ဆိုတဲ့စကားလည်းရှိတယ်။ 'မျာ' ဆိုတာလည်းရှိတယ်။ 'မျာပွေတယ်' ဆိုပြီး သုံးတာလေ။ နောက်တစ်မျိုးက 'ဇယ်' တဲ့။ ဇယ်ကလေးတွေလို့သုံးတာ 'စမူ' ဆိုတာလည်း ရှိသေးတယ်။ အဲ... ခုခေတ်မိန်းကလေးကိုခေါ်တဲ့စကားတော့ သားတို့သမီးတို့သိမှာပါ။ အဲဒီစကားကိုဆရာတို့လူကြီးတွေကတော့ ပါးစပ်ကထုတ်ပြောဖို့ ဝန်လေးကြတယ်ကွဲ့"

"ဟုတ်ကဲ့ပါ။ သမီးတို့လည်း အလွယ်တကူတော့ ပါးစပ်က မထွက်ပါဘူး"

"ကြားဖူးတာတစ်ခုပြောရဦးမယ်။ ဆရာတို့ရဲ့ဆရာကြီး တစ်ယောက်က ပြောဖူးတယ်။ ဆရာကြီးက စစ်ပြီးစမှာ တက္ကသိုလ်ကျောင်းသားဖြစ်တာလေ။ သူတို့ခေတ်တုန်းက 'မီးသွေး' ဆိုတဲ့ ဗန်းစကားရှိတယ်တဲ့။ မိန်းကလေးကို ခေါ်တာတဲ့။ ရန်ကုန်တက္ကသိုလ်က အဓိပတိလမ်းမှာ လျှောက်လာတဲ့မိန်းကလေးတွေကိုမြင်လိုက်ရင် ပင်းယဆောင်တို့ စစ်ကိုင်းဆောင်တို့ ပဲခူးဆောင်တို့က ကျောင်းသားတွေထဲက တစ်ယောက်က "မီးသွေး" လို့အော်လိုက်တာနဲ့ ကျောင်းသားတွေက ကော်ရစ်ဒါကိုထွက်ပြီး မိန်းကလေးတွေကိုကြည့်ကြသတဲ့။ ဆရာကြီးတို့ခေတ်မှာသုံးတဲ့ ဗန်းစကားပေ့ါကွယ်။ ကဲ... နားကြပါဦးစို့"

"ဟုတ်ကဲ့ပါ"

# ဆန်လုံးညိုစားသုံးခြင်းဖြင့် သွေးဖိအားမြင့်တက်ခြင်းနှင့် အဆီပိတ်ခြင်းကိုကာကွယ်နိုင်

**ကလျာမိုးမြင့်**

အစေ့အဆန်ကောက်ပဲသီးနှံတွေနဲ့ စားသုံးရန်အသင့်ပြုလုပ်ထားတဲ့ နံနက်ခင်းအစားအစာတွေဟာ အထူးသဖြင့် သကြားဓာတ်ပါဝင်မှုနည်းပြီး လတ်ဆတ်တဲ့သီးနှံ၊ အဆီဓာတ်ပါဝင်မှုနည်းတဲ့နို့နဲ့ တွဲဖက်သုံးဆောင်မယ်ဆိုရင် သင့်လျော်ကောင်းမွန်ပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာတစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်။ ဒါပေမယ့် သကြားဓာတ်များလွန်းတဲ့ ထမင်းတစ်ခွက်နဲ့ ပရိုတိန်းဓာတ်ကြွယ်ဝတဲ့အစားအစာ နှစ်ခုတွေ့ဆုံမိရင်တော့ သွေးအတွင်းမှာ သကြားဓာတ်က ဝင်ရောက်နှောင့်ယှက်တော့မှာ ဖြစ်ပါတယ်။

ဆန်ဟာလူအများစုအတွက် အဓိက အစားအစာတစ်ခုပါ။ ဒါပေမယ့်ကာဗွန်ဟိုက်ဒရိတ်ကြွယ်ဝတဲ့ အစေ့အဆန် သီးနှံတစ်ခုအနေနဲ့အမှန်တကယ်ကျန်းမာရေးနဲ့ ညီညွတ်မှုရှိပါရဲ့လား။ ဒီအချက်ဟာသင်ရွေးချယ်စားသုံးမယ့် ဆန်အမျိုးအစားအပေါ်မှာ မူတည်နေပါတယ်။

ဆန်ကိုကြိတ်ခွဲလိုက်တဲ့ဖြစ်စဉ်အတွင်းမှာ ဖွဲနဲ့အပင်ပေါက်နိုင်တဲ့ ဇီဇအစိတ်အပိုင်းကို ဖယ်ရှားလိုက်ခြင်းကဗီတာမင်ဘီ၊ သံဓာတ်နဲ့အမျှင်ဓာတ်တွေကို ခွာချွတ်လိုက်သလို ဖြစ်သွားစေပါတယ်။

အဖြူရောင်ရှိတဲ့ဆန်မှာ သံဓာတ်နဲ့ဗီတာမင်ဘီဟာ စံနှုန်းပြည့်ပါဝင်မှုရှိသော်လည်းပဲ ကြိတ်ခွဲမှုဖြစ်စဉ်အပြီးမှာအမျှင်ဓာတ်ကို ပြန်လည်မရရှိတော့ပါဘူး။


အလယ်အလတ် ကောက်ပဲသီးနှံ အမျိုးအစားဖြစ်တဲ့ ချက်ပြုတ်ပြီးသား ဆန်လုံးညိုတစ်ခွက်မှာအမျှင်ဓာတ် ၃ ဒသမ ၅ ဂရမ်နဲ့ ဆိုဒီယမ်ဓမီလီဂရမ်ပါဝင်မှုရှိပြီး အဖြူရောင်ဆန်မှာ အမျှင်ဓာတ်ပါဝင်မှုကတော့ ၁ ဂရမ်ဖြစ်ပါတယ်။ ဒါ့အပြင်ဆန်လုံးညိုဟာအင်တီအောက်စီဒင့် (Antioxident)၊ ဗီတာမင်အီးနဲ့ အမျှင်ဓာတ်တွေကြွယ်ဝတဲ့ အစာအရင်းအမြစ်တစ်ခုလည်း ဖြစ်ပါတယ်။

စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာတစ်ခုကတော့ အဖြူရောင်ဆန်မှာမပါရှိတဲ့ ( subaleurone ) အလွှာဟာဆန်လုံးညိုမှာပါဝင်နေပြီးအဲဒီအလွှာက သွေးဖိအားမြင့်တက်ခြင်းနဲ့ အဆီပိတ်ရောဂါမဖြစ်အောင် ကာကွယ်တားဆီးပေးနိုင်တယ်လို့ လေ့လာမှုတစ်ခုက အကြံပြုခဲ့ပါတယ်။

အမျိုးသားများနဲ့ အမျိုးသမီးတွေ ထောင်ချီပါဝင်တဲ့လေ့လာမှုတစ်ခုက အဖြူရောင်ရှိတဲ့ဆန်စားသုံးမှုကနေဆန်လုံးညိုကို အစားထိုးပြောင်းလဲစားသုံးခြင်းက နံပါတ်နှစ်အမျိုးအစားဆီးချိုဖြစ်ပွားမှုနှုန်းကို လျော့ကျစေနိုင်မှာဖြစ်တယ်လို့ ဖော်ထုတ်ပြသခဲ့ပါတယ်။

အများစုဟာဆန်လုံးညိုကိုကောက်စပါးတစ်ခုလုံးပါဝင်တဲ့အစားအစာတစ်ခု အဖြစ် ဆင်တူယိုးမှားမှတ်ယူလေ့ရှိကြပါတယ်။ ဒါပေမယ့်ဆန်အမျိုးအစားအမျိုးမျိုး အလိုက် ကောက်စပါးတစ်ခုလုံးပါဝင်တဲ့ ဆန်တွေရဲ့အရောင်အသွေးကလည်းအမျိုးမျိုးကွဲပြားနိုင်တယ်လို့ ကောက်စပါးသီးနှံကောင်စီကဖော်ပြခဲ့ပါတယ်။

နောက်တစ်ချက်က သင်ဟာကယ်လိုရီနဲ့ သွေးအတွင်းသကြားဓာတ်ပါဝင်မှုကိုသတိထားစောင့်ကြည့်နေရတဲ့ အခြေအနေမျိုးဆိုရင်သင့်အနေနဲ့ဆန်တစ်ခွက်ရဲ့ ထက်ဝက်လောက်လျှော့ချစားသုံးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆန်ဟာ ကယ်လိုရီနဲ့ ကာဗွန်ဟိုက်ဒရိတ်အမြောက်အမြားပါဝင်မှုရှိနေလို့ပါပဲ။ ဆန်တစ်ခွက်မှာကယ်လိုရီ ၂၀၀ ဂရမ်ကျော်လောက် ပါဝင်နေပြီးကာဗွန်ဟိုက်ဒရိတ် ၅၀ ဂရမ်နဲ့ အထက်ပါဝင်မှုရှိနေပါတယ်။



**(စီအင်န်အင်န်)**

ခ ရီး သွား ဆောင်း ပါး

# လက်ခုပ်ကုန်း ကမ်းခြေဆီသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်

ရန်ကုန်ကအထွက် မမျှော်လင့်ဘဲ မိုးရွာလေသည်။ ရုတ်တရက် ရွာချလိုက်သော မိုးကြောင့် အံ့သြသွားသည်။ ဆောင်းအကုန် နွေအကူး၊ စပ်ကူးမတ်ကူးကာလ အချိန်အခါမဟုတ် မိုးရွာခြင်းဖြစ်သည်။ ယခုရက်ပိုင်း နေရာကွက်ကြားမိုးရွာနိုင်ကြောင်း မိုးလေဝသပညာရှင် ဦးထွန်းလွင်က သတိပေးထားသည်ကို ဖျတ်ခနဲ အတွေးရောက်သွားသည်။ မိုးတိမ်တောင်များကြောင့် မိုးရွာနိုင်သည်ဟု ဆိုထားသည်။ ဟော…မိနစ်ပိုင်းအတွင်း မိုးစဲသွားပြန်သည်။ လှိုင်သာယာမှ တွံတေးတံတားဘက်အထွက်တွင် မိုးတိတ်သွားခြင်းဖြစ်သည်။ ကျွန်တော်တို့ခရီးစဉ်က ရန်ကုန်နှင့် အနီးဆုံး လက်ခုပ်ကုန်းကမ်းခြေဆီသို့။

မိုးရွာလိုက်သဖြင့် ကားလမ်းဘေးဝဲယာ မြင်ကွင်းက စိုစိုပြည်ပြည်ဖြစ်သွားသည်။ နံနက် ၇ နာရီခန့်သာ ရှိသေးရာ ကာလမ်းအနီး ရွာများ၌ တစ်နေ့တာလုပ်ငန်းအတွက် လှုပ်ရှားမှု စတင်နေကြသည်ကို တွေ့မြင်ရသည်။ သီးနှံစိုက်ခင်းအချို့နှင့် နွေစပါးစိုက်ခင်းအချို့ကို လှမ်းမြင်ရသည်။ ဤနေရာက ရန်ကုန်မြို့တော် မြို့သစ်စီမံကိန်းဧရိယာအတွင်း ပါဝင်သောနေရာများ ဖြစ်သည်။ လယ်မြေများကို ဈေးကောင်းရ၍ ရောင်းချသူများရှိသလို အခြေအနေ၊ အပြောင်းအလဲကို စောင့်ကြည့်နေသူများလည်း ရှိနေသည်။

ကျွန်တော်တို့ တွံတေးတံတားပေါ် ဖြတ်သန်းစဉ် ပတ်ဝန်းကျင်မြင်ကွင်းကို အပေါ်စီးမှ ရှင်းရှင်းလင်းလင်း မြင်တွေ့ရသည်။ လယ်ကွင်းများ၊ သီးနှံစိုက်ခင်းများ၊ ရွာငယ်များနှင့် ငါးမွေးမြူရေးကန်များကို မြင်တွေ့ရသည်။ တွံတေးမြို့ကို လှမ်းကြည့်ရင်း ရွှေဆံတော်ဘုရားကို စိတ်မှန်းဖြင့် ဖူးမြော်မိသည်။ ရွှေဆံတော်ဘုရားမှာ တိက္ခပညာ၊ သာဂရပညာ ကုန်သည်ညီနောင်နှင့် သုမနမထေရ်တို့အား မြတ်စွာဘုရားက ဆံတော်နှစ်ဆူ ပေးသနားခဲ့ရာ ယင်းဆံတော်များကို ဗေဒရုကုန်းတော်ထက်၌ ပေါက္ခရဝတီဘုရင် သမိန်ထောဗညားရံက ကြီးမှူးပြီး ဌာပနာပြုကာ မဟာသက္ကရာဇ် ၁၁၄ ခု၊ တန်ဆောင်မုန်းလပြည့်နေ့တွင် စေတီတော်ပန္နက်တင်ခဲ့ကြောင်း၊ မဟာသက္ကရာဇ် ၁၂၃ ခု တန်ခူးလပြည့်နေ့တွင် ထီးတော်တင်ပြီးစီးခဲ့ရာ ဉာဏ်တော်သံတောင် ၁၂၀ နှင့် ဖိနပ်တော် သံတောင် ၈၀ ရှိခဲ့ကြောင်း ဖတ်ရှုလေ့လာခဲ့ဖူးသည်ကို ပြန်တွေးမိသည်။ ရွှေဆံတော်ဘုရားကို ခေတ်အဆက်ဆက် ပြန်ပြင်ခဲ့ရာ ယခုအခါ ဉာဏ်တော်အမြင့် ၁၃၆ တောင် ရှိနေပြီဖြစ်သည်။ သမိုင်းဝင် စေတီတစ်ဆူ၊ တန်ခိုးကြီး စေတီတစ်ဆူပင်။

တွံတေးမြို့အကြောင်းတွေးရင်း တွံတေးဇာတိ ရှမ်းစုရွာသား အဆိုတော် တွံတေးသိန်းတန်ကို သတိရမိသည်။ ကြည်မွေ့လွမ်းမောဖွယ်ရာ သီချင်းသံများက နားထဲ ဝေ့ဝဲလွင့်ပျံ့လာသလို ခံစားရသည်။ ကွယ်လွန်ခဲ့ပြီဖြစ်သော တွံတေးသိန်းတန်ကား လူသေသွားသော်လည်း သူ၏ဂီတသံစဉ်များက မြို့ပြရော ကျေးလက်များတွင်ပါ ပျံ့လွင့်ခံစားနေရဆဲ။

ကျွန်တော်တို့မော်တော်ယာဉ် ကော့မှူးမြို့ကို ဖြတ်သန်းခဲ့သည်။ ကားလမ်းနှင့် ကပ်လျက်တည်ရှိသော နေအိမ်နှင့် အိမ်ဆိုင်များကို မြင်တွေ့ရသည်။ ကော့မှူးသည် မွန်ဘာသာအမည် ကံမုတ်မှ ဆင်းသက်လာခြင်းဖြစ်ပြီး အသံထွက်မှာ ကော့မု ဖြစ်သည်။ 'ကော့'မှာ ကုန်းဖြစ်ပြီး 'မု'မှာ အငူစွန်းဖြစ်ရာ အငူစွန်းကုန်းဟု အဓိပ္ပာယ်ရလေသည်။ ယခင်က ကျေးရွာတစ်ရွာဖြစ်ခဲ့ပြီး ကော့မှူးချောင်ရွာဟုလည်း ခေါ်ဆိုခဲ့ကြကြောင်း သိရသည်။ ဒဂုံဆရာတင်မှာ ကော့မှူးဇာတိဖြစ်သလို ဦးဇော်ဝိတ်မှာလည်း ကော့မှူးဇာတိ နတ်စင်ကုန်းရွာသား ဖြစ်သည်။ ကိုယ်တတ်စွမ်းသည့်ဘက်မှ တိုင်းကျိုးပြည်ပြု လုပ်ခဲ့သူများပင်။

ကော့မှူးမြို့မှအထွက် မိုးသားကင်းစင်ပြီး အပူချိန်က သိသိသာသာ မြင့်တက်လာသည်ကို သတိပြုမိသည်။ ကော့မှူးမြို့မှ ကွမ်းခြံကုန်းဘက် အထွက်တွင် လက်ခိုက်မြို့ဟောင်း တည်ရှိကြောင်း သိရသည်။ ရှေးမြို့ဟောင်းဖြစ်ပြီး မွန်ခံတပ်မြို့ဖြစ်ရာ အချို့နေရာများတွင် မြို့ရိုးအပျက်အစီးများ တွေ့ရကြောင်း၊ သုတေသနပြုနေသူများရှိကြောင်း သိရသည်။

ကော့မှူးနှင့် ကွမ်းခြံကုန်း နေရာများတွင် ယခင်က မွန်လူမျိုးများ အခြေချနေထိုင်ခဲ့ရာ ဒေသများဖြစ်ပြီး ယခုတိုင် မွန်လူမျိုးများ နေထိုင်လျက်ရှိနေသည်။ ယခင်က အင်းဝနှင့် ဟံသာဝတီ နှစ် ၄၀ တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ၌ လက်ခိုက်မြို့နေရာ အနီးဝန်းကျင်တွင် အများဆုံးဖြစ်ခဲ့ကြောင်း သမိုင်းမှတ်တမ်းအချို့၌ လေ့လာခဲ့ဖူးသည်ကို ပြန်သတိရမိပြန်သည်။

ကျွန်တော်တို့မော်တော်ယာဉ် ကွမ်းခြံကုန်းကို ဖြတ်သန်းချိန်တွင် ကွမ်းခြံကုန်းဇာတိ ကဗျာစာဆိုပညာရှင် ဆရာကြီးမင်းသုဝဏ်ကို သတိရလွမ်းဆွတ်မိသည်။




စကားလုံးရွရွ၊ ကာရံလှလှဖြင့် ရေးဖွဲ့သီကုံးခဲ့သော ဆရာကြီး၏ ကဗျာများက ဘယ်အချိန် ဘယ်ကာလရောက်ရောက် ဖတ်သူ၏ နှလုံးသားသို့ ထိရှရိုက်ခတ်နိုင်နေဆဲပင်။ ကွမ်းခြံကုန်း၌ သင်္ဂဇာဆရာတော်၊ လယ်တီဆရာတော်ကြီးများ သီတင်းသုံးခဲ့၊ တရားအားထုတ်ခဲ့ဖူးကြောင်း ကြည်ညိုစိတ်ဖြင့် အမှတ်တရဖြစ်နေမိပြန်သည်။ သာသနာကို ထွန်းလင်းတောက်ပစေရန် အားထုတ်ကြိုးပမ်းတော်မူခဲ့ကြသည့် ထင်ရှားသော ဆရာတော်ကြီးများ ဖြစ်သည်။

ကျွန်တော်တို့မော်တော်ယာဉ်က ကွန်ကရစ်လမ်း တစ်ဖက်တစ်ချက်တွင် ထန်းပင်များ ရှိနေသော ကားလမ်းအတိုင်း မောင်းနှင်လာခဲ့ရာ မကြာမီ လက်ခုပ်ကုန်းရွာသို့ ရောက်ရှိခဲ့သည်။ လက်ခုပ်ကုန်းရွာသည် မုတ္တမပင်လယ်ကမ်းခြေတွင် တည်ရှိပြီး ရန်ကုန်မြို့မှ တောင်ဘက် မိုင် ၄၀ ခန့် အကွာတွင်ရှိကာ မော်တော်ကားဖြင့်လာလျှင် နှစ်နာရီကျော်မျှအချိန်ဖြင့် ရောက်ရှိနိုင်သည်။ လက်ခုပ်ကုန်းရွာအနီးတွင် တည်ရှိသော ကမ်းခြေဖြစ်သဖြင့် လက်ခုပ်ကုန်းကမ်းခြေဟု အမည်တွင်နေခြင်းဖြစ်သည်။

ကျွန်တော်တို့ မော်တော်ယာဉ်ပေါ်မှဆင်းပြီး ကမ်းခြေသို့ ထွက်လာခဲ့ကြသည်။ တကယ်တော့ လက်ခုပ်ကုန်းရွာအနီး ကမ်းခြေက ပီပြင်မှုမရှိတော့ဘဲ ရွှံ့နုန်းများဖြင့် ကမ်းခြေပျက်သလိုဖြစ်နေသည်။ ရွာသားတစ်ဦး၏ လမ်းညွှန်မှုကြောင့် လက်ခုပ်ကုန်းရွာနှင့် ကပ်လျက်တည်ရှိသော ဆယ်အိမ်တန်းရွာဘက် ထွက်လာခဲ့ကြသည်။ ဆယ်အိမ်တန်းရွာက ရေလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြသောရွာဖြစ်သော်လည်း ရေလုပ်ငန်းလုပ်ကိုင်သူ များပြားကြောင်း သိရသည်။

ရွာလယ်လမ်းအတိုင်း ဝင်ရောက်ခဲ့ပြီး ကမ်းခြေဘက်သို့ဆင်းသော လမ်းအတိုင်း သွားရောက်ခဲ့ရာ အိမ်များကို ကျော်လွန်လိုက်သည်နှင့် ကမ်းခြေကို တွေ့မြင်လိုက်ရသည်။ ရေကျနေချိန်ဖြစ်ရာ ပြန့်ပြူးသောသဲသောင်ပြင်နှင့် မုတ္တမပင်လယ်ရေပြင်တို့ကို လှမ်းမြင်လိုက်ရသဖြင့် ရင်ထဲအေးချမ်းသွားသည်။ ကမ်းခြေနှင့် မနီးမဝေးတွင် ကျွန်းငယ်လိုလို၊ အပင်များပေါက်ရောက်နေသော သောင်ခုံလိုလို တစ်ခုက ပင်လယ်ရေပြင် မြင်ကွင်းကို ပိတ်ကွယ်တားဆီးထားသောကြောင့် အကန့်အသတ်မရှိသော ပင်လယ်ပြင်အား ထင်ထင်ရှင်းရှင်း မမြင်တွေ့ရသလိုဖြစ်နေသဖြင့် ဘဝင်မကျ။

**ကမ်းခြေတစ်လျှောက် လမ်းလျှောက်ရင်း ပင်လယ်လေကို ပြည့်ပြည့်ဝဝ ရှူရှိုက်မိသည်။ လက်ခုပ်ကုန်းကမ်းခြေသို့ ရေလှိုင်းများ လာရောက်ရိုက်ပုတ်သံသဲ့သဲ့ကို ကြားရသည်။ အုန်းပင်မြင့်မြင့်အချို့က ကမ်းစပ် သောင်ခုံပေါ်အထိ ပေါက်ရောက်နေရာ တစ်မျိုးတစ်ဘာသာ အမြင်ဆန်းသစ်နေပြန်သည်။**

ကမ်းခြေအပေါ်ပိုင်းမှာ သဲသောင်ဖြူလွလွဖြစ်သော်လည်း ရေပြင်နှင့်ထိစပ်သော ကမ်းခြေစပ်တစ်လျှောက် နုန်းများတင်ကျန်နေသည်ကို တွေ့ရသည်။ ကျွန်တော်တို့ ရောက်ရှိချိန်တွင် ဧည့်သည်အချို့ရောက်ရှိပြီး ကမ်းခြေတွင် လမ်းလျှောက်နေသည်ကို တွေ့မြင်ရသည်။ တချို့လူငယ်များက ကမ်းခြေတစ်လျှောက် ဆိုင်ကယ် အပျော်စီးနေကြပြီး တချို့က ပြေးလွှားဆော့ကစားနေကြသည်။

"လက်ခုပ်ကုန်းကမ်းခြေက တဖြည်းဖြည်းနဲ့ ဟိုးမှာမြင်တွေ့ရတဲ့ ကမ်းခြေအကွေ့အထိ ရောက်ရှိသွားမယ်လို့ ထင်တယ်"ဟု ဆယ်အိမ်တန်းရွာသား ကိုလှမြင့်က ပြောပြသည်။ ကမ်းခြေအနီး နေရာအများအပြားကို ဝယ်ယူထားပြီး အပန်းဖြေဧည့်ရိပ်သာနှင့် ဟိုတယ်များဆောက်ရန် အစီအစဉ်များရှိသော်လည်း လက်တွေ့၌ လာရောက်ဆောက်လုပ်ခြင်း မရှိကြသေးကြောင်းလည်း သိရသည်။

ကမ်းခြေတစ်လျှောက် လမ်းလျှောက်ရင်း ပင်လယ်လေကို ပြည့်ပြည့်ဝဝ ရှူရှိုက်မိသည်။ လက်ခုပ်ကုန်းကမ်းခြေသို့ ရေလှိုင်းများ လာရောက်ရိုက်ပုတ်သံသဲ့သဲ့ကို ကြားရသည်။ အုန်းပင်မြင့်မြင့်အချို့က ကမ်းစပ်သောင်ခုံပေါ်အထိ ပေါက်ရောက်နေရာ တစ်မျိုးတစ်ဘာသာ အမြင်ဆန်းသစ်နေပြန်သည်။ အခြားကမ်းခြေများကဲ့သို့ ဧည့်သည်လာရောက်မှု မများပြား၍လားမသိ။ ငါးကြော်၊ ငါးကင်နှင့် ပုစွန်ကင်များ လာရောက်ရောင်းချသူများကို မတွေ့ရ။

"ဆရာတို့ ငါးကင်၊ ငါးကြော် စားချင်ရင်တော့ ကျွန်တော်စီစဉ်ပေးပါ့မယ်"ဟု ကိုလှမြင့်က ပြောသဖြင့် လက်ခုပ်ကုန်းကမ်းခြေသို့ရောက်ခိုက် ငါးကင်စားမည်ဟု ပြောလိုက်ရာ ကလေးငယ်တစ်ဦးကို လှမ်းခိုင်းလိုက်သည်ကို မြင်ရသည်။ ငါးလှေများ ကမ်းခြေသို့ ပြန်ဆိုက်လာသည်မှာ မကြာသေးသဖြင့် လတ်လတ်ဆတ်ဆတ် စားရမည်ဟု ပြောပြသဖြင့် ကျေနပ်စိတ်ဖြစ်ရသည်။

လက်ခုပ်ကုန်းကမ်းခြေက ရေတက်ချိန်တွင် အုန်းပင်များခြေရင်းအထိ ရေရောက်ရှိပြီး ရေကျချိန်၌ ကမ်းခြေတစ်လျှောက် ရွှံ့နွံများ ကျန်ရစ်တတ်ရာ ကမ်းခြေ သန့်ရှင်းသာယာမှု ယခုထက် ပိုမိုဆောင်ရွက်နိုင်လျှင်ကောင်းမည်ဟု တွေးမိသည်။ အပူရှိန် တဖြည်းဖြည်းပြင်းလာရာ အုန်းပင်ရိပ်မှ အရိပ်ရသည့် အပင်များအောက်သို့ ပြောင်းရွှေ့ရပ်ရင်း ကမ်းခြေနှင့် ပင်လယ်ရေပြင်ကို ကြည့်ရှုအပန်းဖြေနေမိသည်။ လက်ခုပ်ကုန်းကမ်းခြေမှာ ရန်ကုန်မြို့နှင့် နီးကပ်စွာ တည်ရှိသော်လည်း အပန်းဖြေလာရောက်သူ နည်းပါးနေခြင်းမှာ ကမ်းခြေက ဆွဲဆောင်မှုနည်းနေခြင်းကြောင့်ဖြစ်မည်ဟု တွေးမိသည်။

ခဏအကြာတွင် ငါးကင်များကိုယူလာရာ ကျွန်တော်တို့ ကမ်းခြေအနီး သစ်ပင်ရိပ်၌ပင် ထိုင်၍ စားသောက်ကြသည်။ လတ်ဆတ်၍လားမသိ၊ ငါးကင်ရနံ့သင်းပြီး အရသာရှိသည်။ ငါးကင်များစားပြီးနောက် ကျသင့်ငွေကိုပေးကာ ကျွန်တော်တို့ လက်ခုပ်ကုန်းကမ်းခြေ ဟိုတယ်ဘက်သို့ ထွက်လာခဲ့ကြသည်။ အောက်ခံ အစိမ်းနုရောင်ပေါ်တွင် အဖြူရောင်စာလုံးဖြင့် ရေးသားထားသော လက်ခုပ်ကုန်းကမ်းခြေ ဟိုတယ်ဟူသော ဆိုင်းဘုတ်ကို မြင်ရသည်။

လက်ခုပ်ကုန်းကမ်းခြေသို့ လာရောက်အပန်းဖြေသူများ အနားယူ အပန်းဖြေရန် Orchid Adventure Shore Resort ကို ဖွင့်လှစ်ထားသည်ကို တွေ့ရသည်။ အုန်းပင်များအကြား စီတန်းပြီးဆောက်လုပ်ထားသော ဘန်ဂလိုပုံစံ အဆောက်အအုံများကို တွေ့မြင်ရသည်။ အခန်းစုစုပေါင်း ၃၆ ခန်းရှိပြီး လာရောက်တည်းခိုသူများအတွက် အခန်းတိုင်းတွင် လေအေးစက်များ တပ်ဆင်ပေးထားကြောင်း သိရသည်။

ရန်ကုန်မြို့နှင့် နှစ်နာရီကျော်ကားမောင်းလျှင် ရောက်ရှိနိုင်သော လက်ခုပ်ကုန်းကမ်းခြေသို့ ခရီးသွားဧည့်သည်များ လာရောက်မှုများပြားလာရန် ဝိုင်းဝန်းကြိုးစားသင့်သည်က အမှန်ပင်။ ရန်ကုန်မြို့နှင့် အနီးကပ်ဆုံးတည်ရှိသော ကမ်းခြေဖြစ်ပြီး လာရောက်အပန်းဖြေသည့်ဧည့်သည် နည်းပါးနေသည်မှာ ကမ်းခြေ၏အလှအပနှင့် ပင်လယ်ပြင်ရှုခင်းက ဆွဲဆောင်မှုအားနည်းနေခြင်းကြောင့် ဖြစ်သည်။

ကျွန်တော်တို့ ဘန်ဂလိုပုံစံ အပန်းဖြေအဆောက်အအုံများကို လေ့လာကြည့်ရှုပြီးနောက် လက်ခုပ်ကုန်းကမ်းခြေမှ ပြန်ထွက်လာခဲ့ကြသည်။ လက်ခုပ်ကုန်းကမ်းခြေကို အဆင့်မြှင့်တင်နိုင်လျှင် ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ခရီးစဉ်ကောင်းတစ်ခုဖြစ်လာမည်ဟု အပြန်လမ်းတစ်လျှောက် အတွေးများဝေနေမိသည်က အမှန်ပင်။



မြန် မာ့ ရိုး ရာ အား က စား

# နိုင်ငံတကာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးမှ အဆုံးအဖြတ်ပေးမည့် ရိုးရာလက်ဝှေ့နှင့် မွေထိုင်းတို့၏ အားစမ်းပွဲ

သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

ယခုနှစ်အတွင်း မြန်မာ့ရိုးရာအားကစားများထဲတွင် ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာသို့ မွေထိုင်းပမာ အရှိန်အဟုန်ဖြင့် ထိုးဖောက်ဝင်ရောက်နေသည်က မြန်မာ့ရိုးရာလက်ဝှေ့။ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို မျိုးဆက်သစ်ပြိုင်ပွဲ၊ ပြည်တွင်းပွဲ၊ ပြည်ပပွဲများနှင့် နိုင်ငံတကာပြိုင်ပွဲများဟု မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် စဉ်ဆက်မပြတ် ကျင်းပလျက်ရှိသည်မှာ ပြည်တွင်းသာမက ပြည်ပသို့ပင် စိမ့်ဝင်ထိုးဖောက်စပြုလာပြီဖြစ်သည်။ များမကြာမီက ဂျပန်တွင် ဒုတိယအကြိမ် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကြီး ကျင်းပခဲ့သလို ပြီးခဲ့သော မတ် ၃ ရက်ကလည်း မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲကြီးကို ရန်ကုန်မြို့ မင်္ဂလာဒုံဇုန်အတွင်း၌ ကျင်းပခဲ့သည်။ လာမည့် မတ် ၁၉ ရက်တွင်လည်း ရန်ကုန်မြို့သိမ်ဖြူ ရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပမည့် ရိုးရာလက်ဝှေ့နှင့် မွေထိုင်း အားစမ်းမည့် ငါးနိုင်ငံပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံတကာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ရိုးရာလက်ဝှေ့ဝါသနာရှင် ပြည်သူများ ကြည့်ရှုခံစားခွင့် ရတော့မည်ဖြစ်သည်။

ယခုကျင်းပမည့် နိုင်ငံတကာ ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး H & S Group နှင့် Phoenix Gym တို့ ပူးပေါင်းစီစဉ် ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲကြီးကို International Lethwei Challenge Fights ဟု အမည်ပေးထားပြီး မြန်မာ၊ ဂျပန်၊ ထိုင်း၊ အင်္ဂလန်နှင့် ဩစတြီးယားနိုင်ငံတို့မှ မွေထိုင်းလက်ဝှေ့ကျော်များက ရိုးရာလက်ဝှေ့ စည်းမျဉ်းစည်းကမ်းနှင့်အညီ လာရောက်ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အဓိကတွဲဆိုင်းများအဖြစ် စောဂေါ်မူဒို(မြန်မာ)နှင့် အီကျူးစံ(ထိုင်း)၊ ကြယ်စင်ဖြိုး(မြန်မာ)နှင့် သောမတ်ဟန်ဘာကာ(ဩစတြီးယား)၊ ရှမ်းကို(မြန်မာ)နှင့် စင်ရိုင်(ထိုင်း)၊ ဒိုင်ခိခါနဲကို(ဂျပန်)နှင့် မာတင်စုတိုင်း(အင်္ဂလန်)၊ စောထူးဇော်(မြန်မာ)နှင့် ဟန်ချိုင်းစူခွန်ဇစ်(ထိုင်း)တို့ အဓိက ပါဝင်ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။

အထူး(Main Fight) စိန်ခေါ်ပွဲတွင် မွေထိုင်းလက်ဝှေ့ကျော် အီကျူးစံနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာနိုင်ငံ သတ္တိ ရိုးရာလက်ဝှေ့ကလပ်မှ ပထမတန်းလက်ဝှေ့ကျော် စောဂေါ်မူဒို(မြန်မာ)သည် အသက် ၂၃ နှစ်၊ ဝိတ် ကီလို ၇၀၊ အရပ် ၅ပေ ၈ လက်မရှိပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲစဉ် ၃၉ ပွဲတွင် နိုင်ပွဲ ၂၀၊ သရေ ၁၄ ပွဲနှင့် ငါးပွဲရှုံးရလဒ်ကို ပိုင်ဆိုင်ထားသည့် ပထမတန်းလက်ဝှေ့ကျော်တစ်ဦး ဖြစ်သည်။

ဂေါ်မူဒိုသည် လက်ရှိတွင် ဆရာဦးဝင်းဇင်ဦး တည်ထောင်ထားသော သတ္တိကလပ်၌ နည်းပြချုပ် လုံးချော(မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့ အလွတ်တန်းချန်ပီယံဟောင်း)၏ လက်အောက်တွင် ကစားနေသူဖြစ်သည်။ မာဂုဏ်ရှိပြီး ထိုးလုံးသတ်ပေါက် စုံသလို ကောင်တာတိုက်စစ်ကို အားကိုးအသုံးပြုမှုနည်းပြီး ဖိုက်တာကောင်းတစ်ဦးဖြစ်ရန်သာ ကြိုးစားနေသူဖြစ်သည်။ ခြေကန်ချက် ပါဝါကောင်းပြီး ပင့်၊ ထောက်၊ ဝိုက်၊ ဖြောင့် လက်သီးတို့ကို တွင်ကျယ်စွာ အသုံးပြုသော်လည်း တံတောင်အသုံးပြုမှုအပိုင်းတွင် အားနည်းသူတစ်ဦးဖြစ်သည်။

သူနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ထိုင်းနိုင်ငံမှ မွေထိုင်းလက်ဝှေ့ကျော် အီကျူးစံ(ထိုင်း)သည် အသက် ၂၇ နှစ်၊ ဝိတ် ကီလို ၇၀၊ အရပ် ၅ ပေ ၈ လက်မရှိပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့သော မွေထိုင်းပွဲစဉ် ၁၅၃ ပွဲတွင် နိုင်ပွဲ ၁၃၉ ပွဲ၊ သရေ ငါးပွဲနှင့် ရှုံးပွဲ ၁၉ ပွဲ ယှဉ်ပြိုင်ထိုးသတ်ထားသော မွေထိုင်းလက်ဝှေ့ကျော် လက်ရှိ ထိုင်းဖိုက်ချန်ပီယံတစ်ဦး ဖြစ်သည်။

အီကျူးစံသည် ထိုင်းဖိုက်တွင် ဝိတ်တန်းအလိုက် လက်ရှိချန်ပီယံတစ်ဦးဖြစ်ပြီး ခြေကန်ချက်ပါဝါကောင်းသလို တံတောင်ရိုက်ချက် အသုံးပြုမှုတွင်လည်း ထိုင်းဖိုက်၌ နာမည်ကြီးသူတစ်ဦးဖြစ်သည်။ အီကျူးစံ ပွဲသိမ်းအနိုင်ယူသော မွေထိုင်းပွဲစဉ် အများစုမှာ တံတောင်ရိုက်ချက်ဖြင့်ပင် ပြိုင်ဘက်အများစုကို ပွဲသိမ်းအနိုင်ယူမှု အများဆုံးဖြစ်သည်။ မွေထိုင်းလောကတွင် အတွေ့အကြုံရင့်ကျက်သည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်ပြီး မာဂုဏ်မြင့်သလို ပြိုင်ဘက်ကိုလည်း သွေးအေးအေးဖြင့် တုံ့ပြန်ရင်ဆိုင်



စောဂေါ်မူဒို(မြန်မာ)




အီကျူးစံ(ထိုင်း)

ယှဉ်ပြိုင်သူဖြစ်သောကြောင့် မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ထိုးသတ်မည့် စောဂေါ်မူဒိုအနေဖြင့် ပြိုင်ဘက်ကို ဘယ်လို ယှဉ်ပြိုင်ကစားသွားမလဲဆိုတာ ရိုးရာလက်ဝှေ့ဝါသနာရှင် ပြည်သူများ များမကြာမီတွင် စောင့်မျှော်ကြည့်ရှုခွင့် ရတော့မည်ဖြစ်သည်။

နောက်ပွဲစဉ်တစ်ခုကတော့ ကြယ်စင်ဖြိုး(မြန်မာ)နှင့် သောမတ်ဟန်ဘာကာ(ဩစတြီးယား)တို့ပွဲ ဖြစ်သည်။ ကြယ်စင်ဖြိုးသည် အသက် ၂၅ နှစ်၊ ဝိတ် ၆၇ ကီလို၊ အရပ် ၅ ပေ ၈ လက်မရှိကာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်း ၆၂ ပွဲတွင် နိုင်ပွဲ ၃၀၊ သရေ ၂၉ ပွဲ၊ ရှုံးပွဲသုံးပွဲရလဒ် ပိုင်ဆိုင်ထားသူ ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ရွှေခါးပတ်ချန်ပီယံ ရရှိထားကာ ယခုလက်ရှိတွင် ရိုးရာပုဂံ လက်ဝှေ့ကလပ်၌ လေ့ကျင့်ကစားနေသူဖြစ်သည်။

ကြယ်စင်ဖြိုး(မြန်မာ)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် သောမတ်ဟန်ဘာကာ(ဩစတြီးယား)သည် အသက် ၄၀၊ ဝိတ် ၆၇ ကီလို၊ အရပ် ၅ ပေ ၁၀ လက်မရှိပြီး ကစ်ဘောက်ဆင် လက်ဝှေ့ချန်ပီယံတစ်ဦးဖြစ်ကာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်း ၇၉ ပွဲတွင် နိုင်ပွဲ ၅၅ ပွဲ၊ သရေတစ်ပွဲနှင့် ရှုံးပွဲ ၂၃ ပွဲ ရလဒ်ကို ပိုင်ဆိုင်ထားသည့် အတွေ့အကြုံရင့် ကစ်ဘောက်ဆင်ကစားသမားတစ်ဦး ဖြစ်သည်။

တစ်ဖန် ရှမ်းကို(မြန်မာ)နှင့် စင်ရိုင်(ထိုင်း)တို့ ပွဲသည်လည်း ရိုးရာလက်ဝှေ့နှင့် မွေထိုင်းတို့ အားပြိုင်မည့် ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်သည်။ ရှမ်းကို(မြန်မာ)သည် အသက် ၂၆ နှစ်၊ ဝိတ် ၇၁ ကီလို၊ အရပ် ၅ ပေ ၉ လက်မ ရှိပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ရိုးရာလက်ဝှေ့ပွဲပေါင်း ၆၁ ပွဲတွင် နိုင်ပွဲ ၂၂ ပွဲ၊ သရေ ၁၈ ပွဲနှင့် ရှုံးပွဲ ၁၁ ပွဲရလဒ် ပိုင်ဆိုင်ထားပြီး ရန္တမိတ် ရိုးရာလက်ဝှေ့ကလပ်တွင် ကစားနေသည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။

သူနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် မွေထိုင်းလက်ဝှေ့ကျော် စင်ရိုင်(ထိုင်း)ကတော့ အသက် ၂၄ နှစ်၊ ဝိတ် ၇၁ ကီလို၊ အရပ် ၅ ပေ ၈ လက်မရှိပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့သော မွေထိုင်းပွဲပေါင်း ၁၇၀ တွင် နိုင်ပွဲ ၁၂၀၊ ရှုံးပွဲ ၅၀ ရလဒ်ကို ပိုင်ဆိုင်ထားကာ Family Muay Thai Gym ကလပ်တွင် ကစားနေသူဖြစ်သည်။

နောက် ပြည်ပပွဲစဉ်တစ်ပွဲဖြစ်သည့် ဒိုင်ခိခါနဲကို(ဂျပန်)နှင့် မာတင်စုတိုင်း(အင်္ဂလန်)တို့ပွဲတွင် ဒိုင်ခိခါနဲကိုသည် အသက် ၂၃ နှစ်၊ ဝိတ် ၆၆ ကီလို၊ အရပ် ၅ပေ ၈ လက်မ ရှိကာ ၂၀၁၄ Welter Tournament Japan Champion တစ်ဦးဖြစ်ပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ကစ်ဘောက်ဆင်ပွဲပေါင်း ၁၈ ပွဲတွင် နိုင်ပွဲ ၁၁ ပွဲ၊ ရှုံးပွဲ ခုနစ်ပွဲနှင့် မြန်မာ့ရိုးရာလက်ဝှေ့တွင် လေးပွဲယှဉ်ပြိုင်ထိုးသတ်ထားရာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ကို ပိုင်ဆိုင်ထားသူဖြစ်သည်။ သူနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် မာတင်စုတိုင်း(အင်္ဂလန်)သည် အသက် ၂၅ နှစ်၊ ဝိတ် ၆၆ ကီလို၊ အရပ် ၅ ပေ ၈ လက်မရှိပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်း ၃၀ တွင် နိုင်ပွဲ ၂၀၊ သရေ နှစ်ပွဲနှင့် ရှုံးပွဲရှစ်ပွဲရလဒ် ပိုင်ဆိုင်ထားကာ လက်ရှိတွင် မွေထိုင်းအကယ်ဒမီ၌ လေ့ကျင့်သင်ကြားနေသည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။

နောက်ဆုံး ပြည်ပပွဲစဉ်ဖြစ်သည့် စောထူးဇော်(မြန်မာ)နှင့် ဟန်ချိုင်းစူးခွန်ဇစ်(ထိုင်း)တို့ ပွဲသည်လည်း ရိုးရာလက်ဝှေ့ဝါသနာရှင်ပြည်သူများ ကြည့်ကောင်းမည့် ပွဲတစ်ပွဲဖြစ်သည်။ လက်ရှိ ရွှေဖူးကလပ်တွင် လေ့ကျင့်ကစားနေသော စောထူးဇော်သည် အသက် ၂၄ နှစ်၊ ဝိတ် ၆၂ ကီလို၊ အရပ် ၅ ပေ ၄ လက်မရှိပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်း ၃၁ ပွဲတွင် နိုင်ပွဲ ၁၆ ပွဲ၊ သရေ ၁၃ ပွဲနှင့် ရှုံးပွဲနှစ်ပွဲ ရလဒ်ကို ပိုင်ဆိုင်ထားသူဖြစ်သည်။ စောထူးဇော်နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဟန်ချိုင်းစူးခွန်ဇစ်(ထိုင်း)သည် အသက် ၂၅ နှစ်၊ ဝိတ် ၆၂ ကီလို၊ အရပ် ၅ ပေ ၅ လက်မရှိပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်း ၆၇ ပွဲတွင် နိုင်ပွဲ ၄၅ ပွဲ၊ သရေပွဲ ၂၀ နှင့် ရှုံးပွဲနှစ်ပွဲ ရလဒ်ကို ပိုင်ဆိုင်ထားသော မွေထိုင်းလက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။

အခြား ပြည်တွင်းပွဲစဉ်များမှာ ဆလိုင်းချမ်းမြေ့ကို(ထွန်းသွင်)နှင့် စိုးဝင်းသန်း(ရန်စစ်ငြိမ်း)၊ သိန်းနိုင်ထွန်း(ယူနိုက်တက်)နှင့် ထွန်းမင်းနိုင်(မုဒုံ)၊ ဇာမဏီသွေး(ရောဝတီသား)နှင့် သန့်ဇင်မင်း(ထွန်းသွင်) စုစုပေါင်း ပြည်တွင်းပြည်ပ တွဲဆိုင်းရှစ်ဆိုင်း ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။

ရိုးရာလက်ဝှေ့ဝါသနာရှင် ပြည်သူများအနေဖြင့် လက်မှတ်တစ်စောင် အထူးတန်းကျပ်တစ်သိန်းနှင့် ကျပ်ခုနစ်သောင်း၊ ရိုးရိုးတန်း သုံးသောင်းခွဲ၊ နှစ်သောင်းခွဲနှင့် တစ်သောင်းနှုန်းတို့ဖြင့် ကြည့်ရှုနိုင်ပြီး ကြိုတင်လက်မှတ်ကို ဇော်ပစ်တိုင်းထောင် ဖုန်း-၀၉- ၅၀၈၇၉၇၉၊ ၀၉-၇၉၅၀၈၇၉၇၉ တို့သို့ ဆက်သွယ်မှာယူနိုင်မည်ဖြစ်သည်။

စောဂေါ်မူဒိုနှင့် Main Fight အဓိကပွဲစဉ်အဖြစ် ယှဉ်ပြိုင်ထိုးသတ်မည့် အီကျူးစံသည် မြန်မာနိုင်ငံမှ ထက်အောင်ဦးနှင့် သပြေညိုတို့ကို အမှတ်ဖြင့်နိုင်ထားပြီး ရဲတံခွန်ကို အလဲထိုးဖြင့် ထိုင်းဖိုက်တွင် အနိုင်ယူထားသူဖြစ်သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ ကိုယ်စားပြု ယှဉ်ပြိုင်ထိုးသတ်မည့် စောဂေါ်မူဒိုအနေဖြင့် ရိုးရာလက်ဝှေ့သမားများ၏ အရှုံးကို ဤပွဲတွင် ပြန်လည်ချေပ ပေးဆပ်နိုင်မည်လား။ ရိုးရာလက်ဝှေ့နှင့် မွေထိုင်းတို့ အားစမ်းကြမည့် နိုင်ငံတကာ ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီးကို စောင့်မျှော်ကြည့်ရှုရတော့မည် ဖြစ်ပါကြောင်း...။ ။



ရှမ်းကို(မြန်မာ)နှင့် စင်ရိုင်(ထိုင်း)

ခ ရီး သွား ဆောင်း ပါး

# ဟတ္ထိပါလ ဓမ္မစက္က သာသနာ့ရောင်ခြည် ထမ်းဆန်းလိုဏ်ဂူတော်

**ဆောင်းပါး - နန်းဦးခမ်း(ဟိုပုံး)**

ဟတ္ထိပါလ ဓမ္မစက္က သာသနာ့ရောင်ခြည် ထမ်းဆန်းလိုဏ်ဂူတော်သည် တောင်ကြီးခရိုင် ဟိုပုံးမြို့နယ် (ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ) ဟိုပုံးမြို့ ထမ်းဆန်းကျေးရွာအနီး တောင်ကြီး-လွိုင်လင်သွား ပြည်ထောင်စုလမ်းမကြီးဘေးတွင် တည်ရှိသည်။ ထိုဂူထဲ၌ ဟိုပုံးကိုရင်လေး ရှင်ပေါရိသ သက်တော် ၁၅ နှစ်အရွယ်တွင် တရားကျင့်ကြံအားထုတ်စဉ်ကတော၊ တောင်နှင့် ဂူစောင့်နတ်မင်းများက ထမ်းဆန်းဂူတွင် သာသနာ့ရောင်ဝါ ထွန်းလင်းစေရန်အတွက် ဂူကို ပြုပြင်ပေးရန် သုံးကြိမ်တိုင်တိုင် လျှောက်ထားခဲ့ကြောင်း မေတ္တာခမ်းတန် ဟိုပုံးကိုရင်လေး၏ မိန့်ကြားချက်အရ သိရသည်။

ထမ်းဆန်းလိုဏ်ဂူတော်ကြီးကို စတင် ဖော်ထုတ်ဆောင်ရွက်ခဲ့ရာ သာသနာသက္ကရာဇ် ၂၅၅၂ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၇၀ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်၊ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့)တွင် စတင်ဖော်ထုတ်ခဲ့ပါသည်။ ထမ်းဆန်းလိုဏ်ဂူတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ဟိုပုံးမြို့ မေတ္တာခမ်းတန် ဟိုပုံးကိုရင်လေး ရှင်ပေါရိသက ဦးဆောင်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တပည့်ဒါယကာများ စုပေါင်းကာ စတင်ဖော်ထုတ်ခဲ့ပါသည်။

ဂူအတွင်းပိုင်းတွင် ဘုရားစေတီများ၊ ရုပ်ပွားဆင်းတုတော်များ ပူဇော်ခြင်း၊ ဂူအတွင်း လျှောက်လမ်းများ ပြုလုပ်ခြင်း၊ လျှပ်စစ်မီးများ ထွန်းညှိပူဇော်ခြင်း၊ ဂူအနီးအထိ ကားငယ်များ ဝင်ရောက်ရပ်နားရန်နေရာနှင့် အခြား ဂူအတွင်း လာရောက်လေ့လာကြသော ဘုရားဖူး ဧည့်သည်များ၏ ကားများ ရပ်နားရန်နေရာများကို ဆောင်ရွက်ပြီးဖြစ်သည်။ အဆိုပါ ထမ်းဆန်းဂူ၏ ဂူဝသည် အကျယ် ၁၅ ပေ၊ အမြင့် ၁၂ ပေခန့် ရှိပြီး အတွင်းပိုင်း လိုဏ်ဂူတော်ပြီးစီးမှု အခြေအနေမှာ ၂၁၈၅ ပေအထိ ဝင်ရောက်ကြည့်ရှုနိုင်ပြီဖြစ်သည်။

**ထမ်းဆန်းလိုဏ်ဂူ၏ အဓိပ္ပာယ်**

ထမ်းဆန်းဟု ခေါ်တွင်ရခြင်းမှာ ရှမ်းဘာသာဖြင့် ထမ်းကျန့်ဟု ခေါ်ကြောင်း သိရသည်။ 'ထမ်း' သည် ဂူဖြစ်ပြီး 'ကျန့်' သည် ဆင်ဟု အဓိပ္ပာယ်ရ၍ ပေါင်းစပ်လျှင် ဆင်ဂူဟူ၍လည်းကောင်း၊ ပအိုဝ်းဘာသာဖြင့် 'ထမ်း' သည် ဂူဖြစ်၍ 'ဆန်း' သည် ထူးဆန်းဟု အဓိပ္ပာယ်ဖွင့်ဆိုကာ ပအိုဝ်းဘာသာစကားဖြင့် ထူးဆန်းကျောက်ဂူဟု အဓိပ္ပာယ်ရရှိကြောင်း အမျိုးမျိုးခေါ်ဝေါ်ကြကာ ယခုကာလတွင် ထမ်းဆန်းလိုဏ်ဂူတော်အဖြစ် အမည်သညာမှည့်ခေါ်ပြီး ထင်ရှားပေါ်လွင်သည့် အထင်ကရ လိုဏ်ဂူတော်ဖြစ်သည်။

ယင်းလိုဏ်ဂူတော်တွင် ဂူသုံးဂူ ရှိသည်။ ဘုရားဂူ၊ တရားဂူ (ကျောက်စာဂူ)နှင့် သံဃာဂူ(ဂမ္ဘီရဂူ)ဟူ၍ လေ့လာတွေ့ရှိရသည်။ ယခုလက်ရှိတွင် ထင်ရှားကျော်ကြားသည့် ထမ်းဆန်းဂူအား ဘုရားဂူဟု ခေါ်ဆိုကြပြီး ယင်းဂူကို အများပြည်သူဖူးမြော်နိုင်ရန် ဖွင့်ပေးထားကာ တရားဂူ(ကျောက်စာဂူ)နှင့် သံဃာဂူ(ဂမ္ဘီရဂူ)တို့မှာ ပြင်ဆင်မှုအပိုင်း ပြီးစီးသလောက်ဖြစ်သော်လည်း လျှပ်စစ်မီးအလင်းရောင်ရရှိရေး ခက်ခဲမှုကြောင့် ဂူဖွင့်လှစ်ထားနိုင်ခြင်း မရှိသေးပါ။

**ဘုရားဂူ**

၂၀၀၈ ခုနှစ်တွင် ချုံနွယ်များရှင်းလင်းခြင်း၊ ဂူအဝင်လမ်းဖောက်လုပ်ခြင်းများ၊ ဂူအတွင်းပိုင်း သွားလာရေး လွယ်ကူစေရန် ရှင်းလင်းခြင်းများကို ဒေသခံ ဒကာ ဒကာမများဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ၁၂-၂-၂၀၀၉ ရက်တွင် ကိုရင်လေး ရှင်ပေါရိသက ဦးဆောင်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများက အုတ်မြစ်ချ ပန္နက်တင်မင်္ဂလာအခမ်းအနားဖြင့် ထမ်းဆန်းဂူဟု ခေါ်တွင်သော 'ဟတ္ထိပါလ ဓမ္မစက္က သာသနာ့ရောင်ခြည် လိုဏ်ဂူတော်' ကို စတင်ဖွင့်လှစ်ခဲ့သည်။ ဆက်လက်၍ ကျောက်စာဂူနှင့် ဂမ္ဘီရဂူများ မွမ်းမံခြင်းကိုလည်း ဆောင်ရွက်ဆဲဖြစ်ပါသည်။ ယင်းဂူများတွင်လည်း ပင်မဂူကြီးကဲ့သို့ သဘာဝအတိုင်း ဖြစ်ပေါ်နေသည့် ကျောက်စက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များ ရှိပါသည်။

ပင်မဂူ စတင်ဆောင်ရွက်စဉ်က ၂၄ နာရီ လျှပ်စစ်မီး မရရှိသောကြောင့် ပေ ၃၀၀ ခန့်သာ ဆောင်ရွက်နိုင်သော်လည်း ယခုအခါ ဒကာ ဒကာမများ၏ စုပေါင်းလှူဒါန်းငွေ၊ လုပ်အားတို့ဖြင့် ဆောင်ရွက်ခဲ့သည့်အတွက် ၂၁၈၅ ပေကျော် ဆောင်ရွက်နိုင်ခဲ့ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လှူဒါန်းခဲ့၍ ယခုအခါ ၂၄ နာရီ လျှပ်စစ်မီး ထွန်းညှိပူဇော်နိုင်ပြီ ဖြစ်ပါသည်။

ထမ်းဆန်းဂူ၏ ရှေ့မျက်နှာစာ၌ မဲနယ်တောင်တန်းမှ စီးဆင်းလာသော စဝေါချောင်း၊ နဝရူပံရုပ်တုနှင့် သပိတ်တော်ကြီးများရှိပြီး ဂူအဝင်ဝတွင် မြင်းရုပ်တု လေးရုပ်နှင့် ဂူအတွင်းပိုင်းတွင် သဘာဝအတိုင်း တည်ရှိနေသည့် ကျောက်စက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ သဘာဝ ကျောက်စက်ညောင်ပင်၊ သဘာဝအတိုင်းဖြစ်နေသည့် ရွှေထီး၊ ငွေထီး၊ ရေကန်များနှင့် ဂူအတွင်းတွင် ဖြတ်သန်းစီးဆင်းနေသည့် ရေချောင်းလည်း ရှိသည်။ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနအဖွဲ့မှ လာရောက်၍ လေ့လာစစ်ဆေး တွေ့ရှိချက်များအရ ဂူ၏သက်တမ်းသည် နှစ်ပေါင်း ၂ ဒသမ ၅ သန်းနှင့် သုံးသန်းကြား ရှိနေပြီဟု သိရှိရသည်။



ထမ်းဆန်းလိုဏ်ဂူတော် အဝင်နေရာ

ထမ်းဆန်းဂူ စတင်ဖွင့်လှစ်စဉ်မှစ၍ ယနေ့တိုင် ဘုရားဖူးပြည်သူများအား ၂၄ နာရီ ကာလပတ်လုံး သက်သတ်လွတ် ထမင်း ဧည့်ခံကျွေးမွေးလျက် ရှိသည်။ ထမ်းဆန်းဂူဟု ခေါ်တွင်သော 'ဟတ္ထိပါလ ဓမ္မစက္က သာသနာ့ရောင်ခြည် လိုဏ်ဂူတော်' အတွင်းရှိ ဘုရား၊ စေတီများတွင် အဓိဋ္ဌာန်ဖြင့် လိုရာဆုတောင်းပါက ဆုတောင်းပြည့်သည်ဟု ဆိုကြသည်။

**ထမ်းဆန်းဂူအတွင်းပိုင်းတွင် သဘာဝအတိုင်း တည်ရှိနေသည့် ကျောက်စက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ သဘာဝ ကျောက်စက်ညောင်ပင်၊ သဘာဝ အတိုင်းဖြစ်နေသည့် ရွှေထီး၊ ငွေထီး၊ ရေကန်များနှင့် ဂူအတွင်းတွင် ဖြတ်သန်းစီးဆင်းနေ သည့် ရေချောင်းလည်း ရှိသည်။ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနအဖွဲ့မှ လာရောက်၍ လေ့လာစစ်ဆေး တွေ့ရှိချက်များအရ ဂူ၏သက်တမ်းသည် နှစ်ပေါင်း ၂ ဒသမ ၅ သန်းမှ သုံးသန်းကြား ရှိနေပြီဟု သိရှိရသည်။**

**တရားဂူ**

တရားဂူ(ကျောက်စာဂူ)မှာ ပြုပြင်ဆောင်ရွက်ဆဲ ကာလဖြစ်၍ ဂူကိုမဖွင့်သေးဘဲ ပိတ်လျက်အနေအထား ရှိသည်။ တရားဂူ၏ လှပပုံမှာလည်း ဂူအတွင်းပိုင်း၌ အခန်း ၁၁ ခန်း သဘာဝအတိုင်း ဖွဲ့စည်းထားပြီး အရှည်အားဖြင့် ပေ ၁၁၅၀ ရှည်လျားသည်။ တရားဂူ(သို့မဟုတ်)ကျောက်စာဂူဟု အမည်ပေးထားရခြင်းမှာ ဘုရားဂူတော်တွင် ပူဇော်သော ဗုဒ္ဓရုပ်ပွားတော်များကို လှူဒါန်းထားသည့် အလှူရှင်များ၏ ကမ္ပည်းများကို ကျောက်ထက်အက္ခရာတင်၍ တရားဂူတွင်ထားရှိပြီး လေ့လာနိုင်သည်။ ဓမ္မအသုံးအဆောင်များနှင့် ဓမ္မသဘင် ကျင်းပပူဇော်ခြင်းများ ပြုလုပ်မည်ဟုလည်း ဟိုပုံးကိုရင်လေး ရှင်ပေါရိသက မိန့်ကြားထားသည်။ ယင်းတရားဂူသည် ရေစီးဆင်းမှုမရှိဘဲ ဂူခြောက်အမျိုးအစား ဖြစ်သည်။

**သံဃာဂူ(ဂမ္ဘီရဂူ)**

သံဃာဂူ(ဂမ္ဘီရဂူ)သည် တောင်ကြီး-လွိုင်လင် ပြည်ထောင်စုလမ်းမကြီးအောက်တွင် တည်ရှိပြီး တရားဂူနှင့် မျက်နှာချင်းဆိုင် အနေအထားတွင် တည်ရှိသည်။ သံဃာဂူအရှည်မှာ ၈၆၅ ပေရှိပြီး ဂူခြောက်အမျိုးအစား ဖြစ်သည်။ ဤဂူ၏ ထူးခြားချက်မှာ ဂူအတွင်း၌ ရောင်စုံကျောက်များ တည်ရှိခြင်းဖြစ်သည်။ ဂမ္ဘီရဂူဟုလည်း အမည်ပေးထားပါသည်။ သံဃာတော်များ၏ အသုံးအဆောင်ကိုလည်း ဤဂူတွင် ထားရှိမည်ဟု ဟိုပုံးကိုရင်လေး ရှင်ပေါရိသက မိန့်ထားခဲ့သည်။ အဆိုပါ ဘုရားဂူ၊ တရားဂူ၊ သံဃာဂူ သုံးဂူမှာ တစ်ဂူနှင့်တစ်ဂူ ဆုံဆည်းခြင်းမရှိပါ။ တစ်ဂူနှင့်တစ်ဂူ၏ ပရိဝုဏ်မှာ အနီးဆုံးနေရာဖြစ်ပြီး ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ဆုံဆည်းသည့် မြေနေရာဖြစ်သည်ဟု မိန့်ကြားသည်။

ထမ်းဆန်း သဘာဝလိုဏ်ဂူတော်၏ ထူးခြားချက်မှာ ဂူအောက်မှ စမ်းချောင်းတစ်ခု စီးဆင်းလျက်ရှိပြီး အတွင်းပိုင်း အချို့နေရာများသည် အလျား ပေ ၅၀၊ အမြင့် ပေ ၂၀ ခန့်အထိ ကျယ်ပြန့်မြင့်မားသဖြင့် ပင်းတယ ရွှေဥမင်ဂူ၊ မြင်းမထိဂူတို့ထက် ကျယ်ပြန့်ပြီး ကျောက်စက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များအား အထူးလှပစွာ သဘာဝအတိုင်း တွေ့ရသည်။ ထမ်းဆန်းလိုဏ်ဂူတွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ သီတင်းသုံးစံပယ်ပူဇော်ထားရှိရန် ပလ္လင်များ တည်ထားပြီးသည့်အခါ လိုဏ်ဂူထဲတွင် ထုံးခဲတတ်နှင့် ရေခိုးရေငွေ့များ များပြားစွာရှိသဖြင့် ကြေးရုပ်ပွားဆင်းတုတော်များမှတစ်ပါး အခြားသော အရာဝတ္ထုများဖြင့် ပြုလုပ်ထားသည့် ရုပ်ပွားဆင်းတုတော်များကို ပူဇော်ထားခြင်းမပြုဘဲ ကြေးသားနှင့် ရွှေ၊ ငွေ၊ ဘော် သတ္တုများဖြင့် သွန်းလုပ်ထားသည့် ဆင်းတုတော်များကိုသာ ကိုရင်လေး ပေါရိသက ခွင့်ပြုပါသည်။ ၁၃၇၂ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ကျောင်းပေါင်း ၆၄ ကျောင်းမှ ပင့်သံဃာတော်များက ထမ်းဆန်းဂူရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခဲ့ပါသည်။



ထမ်းဆန်းလိုဏ်ဂူအတွင်းမှ ကျောက်စက်ပန်းဆွဲများ

**ထမ်းဆန်းဂူ ရွှေတိဂုံစေတီတော်သမိုင်း**

ထမ်းဆန်းရွှေတိဂုံဘုရား စေတီတော် တည်ရှိရာနေရာသည် သက္ကရာဇ် ၁၃၇၀ ခုနှစ် မတိုင်မီက သဲတောင်၊ ချိုင့်ဝှမ်း၊ သစ်တောများ ထူထပ်စွာပေါက်ရောက်ပြီး လူဆိုး၊ သူခိုး၊ ဓားပြများ ခိုအောင်းရာနေရာ ဖြစ်ခဲ့သည်။ ဗြိတိသျှ အင်္ဂလိပ်စစ်တပ်များ ခိုအောင်းသည့်နေရာလည်း ဖြစ်ခဲ့ပြီး ဂျပန်ခေတ်တွင်လည်း ဂျပန်စစ်သားများ နေထိုင်ခဲ့သည်။ ဤနေရာသည် နာမည်ဆိုးဖြင့် ကျော်ကြားပြီး ဘေးရန်အန္တရာယ်ရှိသော မကောင်းဆိုးဝါးများတည်ရှိရာ ကြောက်မက်ဖွယ်နေရာ ဖြစ်ခဲ့သည်။

၁၃၇၁ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်တွင် ကိုရင်လေး ရှင်ပေါရိသက ဦးဆောင်ပြီး ကာယကံကုသိုလ် ရလိုကြသော ဒေသပေါင်းစုံမှ အများပြည်သူတို့က လုပ်အားပေး ခုတ်ထွင်ရှင်းလင်းခဲ့၍ ဘေးရန်အန္တရာယ်များရှိခဲ့ရာ ကြောက်မက်ဖွယ်နေရာကို အေးချမ်းသာယာပြီး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ထူးမြတ်သောနေရာအဖြစ်သို့ တည်ထောင်ပြုပြင် ပြောင်းလဲနိုင်ခဲ့သည်။ ယခုအခါတွင် ထမ်းဆန်းဂူသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၏ ထင်ရှားသော ဝိသေသ နေရာ ဖြစ်နေပေပြီ။ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ဒေသဂုဏ်နှင့် အမျိုး ဘာသာ သာသနာအတွက် ဂုဏ်ယူဖွယ်ရာ ထူးခြားသောနေရာဖြစ်သည်။

၁၃၇၃ ခုနှစ် တပေါင်းလပြည့်နေ့တွင် ထမ်းဆန်းဂူ ရွှေတိဂုံပုံတူ စေတီတော်ကြီးကို ပန္နက်ရိုက်၊ အုတ်မြစ်ချနှင့် ဌာပနာထည့်သွင်းပူဇော်ခြင်း အခမ်းအနား ကျင်းပပြုလုပ်ခဲ့ကြသည်။ ပန္နက်ရိုက်၊ အုတ်မြစ်ချပြီး နောက်ပိုင်းတွင် လုပ်အားပေးကုသိုလ်ပြုသူများမှာ တစ်နေ့လျှင် ၁၀၀၀ ကျော် ရှိသည်။ တစ်ယောက်တစ်လက် စဉ်ဆက်မပြတ် နေ့ရောညပါ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ ပညာဗိုလ် စွမ်းပကားအားဖြင့် တည်ဆောက်လုပ်ကိုင်ခြင်းကြောင့် ခြောက်လအတွင်း ထမ်းဆန်းရွှေတိဂုံပုံတူ စေတီတော်မှာ(ပုံကြမ်း)ပြီးစီး အောင်မြင်ခဲ့လေသည်။

ထမ်းဆန်းဂူ ရွှေတိဂုံစေတီတော်သည် ဉာဏ်တော်အမြင့် ၁၀၈ တောင် ရှိပြီး အရံစေတီတော် ၆၄ ဆူ ရှိသည်။ ပင်မစေတီတော်ကြီးနှင့် အရံစေတီတော်များ အချောသပ် လုပ်ကိုင်ပြီးဆုံးသောအခါ ကိုရင်လေး ရှင်ပေါရိသက နောင်ခါးကျောင်းဆရာတော်နှင့် ကပ္ပိယ၊ ဘိုးသူတော်များနှင့် ညှိနှိုင်းတိုင်ပင်၍ အဖြူ၊ အနီနှင့် ရွှေဝါရောင်ဆေးများကို အသုံးပြုပြီး စေတီတော်အား ရွှေသင်္ကန်း ကပ်လှူထားသည်။ ဆေးအမျိုးအစားနှင့် အရည်အသွေး ကောင်းမွန်သဖြင့် စေတီတော်များကို ကြည်ညိုဖွယ်ရာ သပ္ပာယ်စွာ ဖူးမြော်ရပါသည်။ ရွှေသင်္ကန်းကပ်လှူသည့် ငွေတန်ဖိုးမှာ ကျပ်သိန်းပေါင်း ၁၈၀၀ ဖြစ်ပြီး ကြီးမားသော မဟာကုသိုလ်တော် ပွားရပါသည်။

ဓမ္မာရုံကြီးမှာ အနားတို အနံတွင် အခန်းရှစ်ခန်း၊ ဝရန်တာပါ ထည့်တွက်လျှင် ၁၀ ခန်း၊ အနားရှည် အလျားတွင် အခန်း ၂၇ ခန်း၊ ဝရန်တာပါထည့်တွက်လျှင် ၂၉ ခန်း ရှိသည်။ အကျယ်အဝန်းအားဖြင့် အလျား ပေ ၅၀၀ ရှိ၍ အနံ ပေ ၁၅၀ ရှိသည်။ ဓမ္မာရုံကြီး၏ နောက်ပိုင်းအစွန်းနှစ်ဖက်တွင် သံဃာတော်များသုံးရန် သန့်စင်ခန်း၊ ကုဋိ သုံးခန်းတွဲနှစ်လုံးနှင့် ကျိန်းစက်ခန်း၊ ပစ္စည်းများထားသိုရန် ကျက်သရေဆောင်ခန်းတို့ကို ပူးတွဲ၍ ဆောက်လုပ်ထားသည်။ အဝေးမှ ဘုရားဖူးဧည့်သည်နှင့် ရဟန်းသံဃာတော်များ စိတ်ချမ်းသာစွာ တည်းခိုနိုင်ကြောင်းလည်း ကိုရင်လေးက မိန့်ကြားထားသည်။

၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်(၂-၃-၂၀၁၅)တွင် အထက်ဌာပနာပိတ်ခြင်းနှင့် အရံစေတီများ ထီးတော်တင်လှူပူဇော်ခြင်း၊ တပေါင်းလဆန်း ၁၄ ရက် (၃-၃-၂၀၁၅)တွင် ထီးတော်တင်လှူပူဇော်ခြင်းနှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်း၊ တပေါင်းလပြည့်နေ့(၄-၃-၂၀၁၅)တွင် စိန်ဖူးတော်တင်လှူခြင်းနှင့် တရားတော်နာ ရေစက်ချပွဲတော်ကြီးကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်မှ ထမ်းဆန်းဂူ၏ ထူးခြားမှု၊ ထင်ရှားမှု၊ ကျော်ကြားမှုများကို နိုင်ငံကျော်၊ ကမ္ဘာကျော် သိနိုင် ဖူးနိုင်ပါစေဟု ဟိုပုံးကိုရင်လေးက မိန့်မှာပါသည်။

ယခုအခါ ပြည်တွင်းပြည်ပ ဘုရားဖူးပြည်သူများ၊ သဘာဝလိုဏ်ဂူတော်ရှိ ကျောက်စက်ပန်းဆွဲများကို လာရောက်လေ့လာသူများနှင့် ထမ်းဆန်းဂူတွင် အထူးစည်ကားလျက်ရှိသည်။ နောင်လာနောက်သားများအနေဖြင့် ထမ်းဆန်းလိုဏ်ဂူတော်၏ မှတ်တမ်းမှတ်ရာ သမိုင်းအချက်အလက်များကို သိရှိနိုင်စေရန်နှင့် ဗုဒ္ဓသာသနာတော် အစဉ်သဖြင့် ထွန်းလင်းပြန့်ပွားတည်တံ့စေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၏ လေ့လာစရာ သဘာဝလိုဏ်ဂူ ခရီးစဉ်တစ်ခုအဖြစ် သဘာဝပတ်ဝန်းကျင် ထမ်းဆန်းလိုဏ်ဂူတော်ဖြစ်စဉ် သမိုင်းအကျဉ်းကို ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပူတာအိုဒေသအတွင်းက မဂွေ့ဇ-ခေါင်လန်ဖူးလမ်း

**မြင့်စိုး (နတလ)**


မဂွေ့ဇ-ခေါင်လန်ဖူး လမ်းဖောက်လုပ်နေမှုအခြေအနေအား ဝေဟင်မှ တွေ့ရစဉ်

ပူတာအိုခရိုင်အတွင်း၌ ပူတာအို၊ မချမ်းဘော၊ နောင်မွန်း၊ ခေါင်လန်ဖူး၊ ဆွမ်ပရာဘွမ်ဟူ၍ မြို့နယ် ငါးမြို့နယ်တည်ရှိ နေပြီး မြို့ ရွာအသီးသီးမှ ရပ်ကွက် ၂၇ ခု၊ ကျေးရွာအုပ်စုပေါင်း ၁၁၇ စု၊ ကျေးရွာပေါင်း ၇၄၂ ရွာတို့တွင် လူဦးရေစုစုပေါင်း တစ်သိန်းကျော် မှီတင်းနေထိုက်လျက်ရှိကြောင်း သိရသည်။ ထိုအထဲတွင်မှ နောင်မွန်းမြို့နယ်၌ လူဦးရေ ၈၀၀၀ ခန့်၊ ခေါင်လန်ဖူးမြို့နယ်၌ လူဦးရေ ၁၄၀၀၀ ခန့် နေထိုင်လျက်ရှိကြသည်။ ရဝမ်နှင့် လီဆူ တိုင်းရင်းသား သွေးချင်းများ နေထိုင်လျက်ရှိကြကြောင်း သိရသည်။ ခေါင်လန်ဖူးဆိုသည်မှာ တောတောင်လျှိုမြောင်များကြားက ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော နေရာဒေသလေးတစ်ခုဟု ရဝမ်တိုင်းရင်းသားတို့က အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ မိုးလေဝသနှင့် ရာသီဥတုအခြေအနေ ကောင်းမွန်နေမည်ဆိုလျှင် ခေါင်လန်ဖူးဒေသသည် ရေမြေတောတောင်သဘာဝအရ ရဝမ်တိုင်းရင်းသားတို့ ညွှန်းဆိုသကဲ့သို့ အေးချမ်းသာယာသော သဘာဝပတ်ဝန်းကျင် ကောင်းများ မပျက်မယွင်း တည်ရှိနေသော မြန်မာ-တရုတ်နယ်စပ်အနီး ရေခဲတောင်များဖြင့် လှပနေသော ဒေသတစ်ခု ဖြစ်နေမည်မှာ မလွဲပေ။

သို့သော် ထိုကဲ့သို့ အေးချမ်းသာယာလှပသော ခေါင်လန်ဖူးဒေသသည် ရာသီဥတုဖောက်ပြန်မှုများနှင့် ကြုံတွေ့ရပါက တရုတ်နယ်စပ်ကို ဦးတည်နေသည့် ခေါင်လန်ဖူး-ရှိန်းခေါင်လမ်းမှာ ရေခဲများဖြင့် ဖုံးလွှမ်းပိတ်ဆို့သွားကာ စားနပ်ရိက္ခာရှားပါးမှု အခက်အခဲများနှင့် ကြုံတွေ့လာရတတ်သည်၊ ထိုလမ်းသည်ပင်လျှင် တစ်ဆက်တစ်စပ်တည်း မပေါက်သေးဘဲ ကြားထဲ၌ မိုင်အစိတ်၊ သုံးဆယ်ခန့်ကို လား၊ မြင်းများနှင့် သွားလာသယ်ယူရသောလမ်းဖြစ်သည်။ ပူတာအို-မချမ်းဘောဒေသဘက်မှ ဆန်အပါအဝင် စားသောက်ကုန်များ သယ်ယူနိုင်သော်လည်း ဆက်သွယ်ရေးလမ်းကြောင်းမကောင်း၍ ထိုဒေသသို့ အလျင်အမြန်သယ်ယူပို့ဆောင်ရန်မှာ အခက်အခဲများစွာ ကြုံတွေ့နေရဆဲဖြစ်သည် ထိုကဲ့သို့သော ထူးခြားသည့် ပထဝီအနေအထားကြောင့် ယမန်နှစ်ကဆိုလျှင် စားနပ်ရိက္ခာများ ပြတ်တောက်ရှားပါးသွားမှုနှင့် ကြုံကြိုက်ခဲ့ရသည်။ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ ကူညီပံ့ပိုးမှုတို့ဖြင့် ခေါင်လန်ဖူးဒေသသို့ ဆန်အိတ်များ သယ်ယူပို့ဆောင်ဖြန့်ဝေပေးခဲ့ရသည်။ ထိုနှစ်က ထူးထူးခြားခြား ခေါင်လန်ဖူး-ရှိန်းခေါင်လမ်းသည် ဇန်နဝါရီလဆန်းပိုင်းလောက်ကစပြီး ရေခဲများဖြင့် ပိတ်ဆို့သွားကြောင်း၊ ခေါင်လန်ဖူးဒေသအရောက် ဆန်တစ်အိတ်ဈေးနှုန်း ငွေကျပ်တစ်သိန်းကျော်သွားသဖြင့် ဒေသခံများသည် ဆန်ရှိနေလင့်ကစား အရှည်ကိုမျှော်တွေး၍ ထမင်းချက်မစားဘဲ ဆန်ပြုတ်ပြုတ်၍ သောက်ရသည့် မိသားစုများရှိကြောင်း၊ မြစ်ကြီးနားမှာ ငွေကျပ် ၅၅၀၀ ကျပ်ခန့်သာရှိသော ဘိလပ်မြေတစ်အိတ်သည် ခေါင်လန်ဖူးဒေသ၌ ခုနစ်ဆခန့် မြင့်တက်သွားကြောင်း သိရပါသည်။ ပူတာအိုခရိုင်အတွင်း၌ နောင်မွန်းဒေသထက် ခေါင်လန်ဖူးဒေသက ပို၍လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြောင်းတွေ့ရှိရ၏။

အဆိုပါခေါင်လန်ဖူးဒေသ၌ နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်မှ စ၍ ဆိုင်ကယ်စီးလမ်းများ ဖောက်လုပ်ပေးခဲ့ပြီး ရာသီမရွေးသွားလာနိုင်အောင် ဆက်လက်ပြုပြင်ဖောက်လုပ်ပေးလျက်ရှိသည်။ ခေါင်လန်ဖူး-ညီတားဒီလမ်း (၅၅/၀)မိုင်၊ ခေါင်လန်ဖူး-ဖိဇောလမ်း (၂၄/၀)မိုင်၊ ခေါင်လန်ဖူး-လဂျာလမ်း (၃၂/၀)မိုင်စသည့် ဆိုင်ကယ်စီးလမ်းများ ဖြစ်ကြသည်။ ထို့အတူ ရယ်ဒမ်းရွာမှ နယ်စပ်မှတ်တိုင်(၃၁) ရှိန်းခေါင်အထိ မြေလမ်း(၇/၀)မိုင်၊ ရှိန်းခေါင်-ဇီးထန် မြေလမ်း(၁၀/၀)မိုင်၊ နယ်စပ်မှတ်တိုင်(၃၅)သို့ဦးတည်ထား သည့် မထီဆွတ်-ချီထုဖန် (၂၂/၀)မိုင်အနက် မြေလမ်း (၅/၀) မိုင်တို့ကို ဘဏ္ဍာနှစ်အလိုက် ဖောက်လုပ်ပေးခဲ့သည်။

ယခုလည်း နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ရေးရာဝန်ကြီးဌာနသည် မဂွေ့ဇ-ခေါင်လန်ဖူးလမ်း (၆၅/၄)မိုင်ကို တပ်မတော်၏အကူအညီများရယူ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်ဖောက်လုပ်လျက်ရှိရာ စီမံကိန်းအပိုင်း(၁) မဂွေ့ဇမှငါ့လုံဒမ်းအထိ (၂၅/၄)မိုင်ကို အကျယ် ၃၇ ပေ မြေသားလမ်းဖောက်လုပ်လျက်ရှိပြီး ထိုလမ်းပေါ်တွင် တံတားများနှင့် ရေပြွန် ၇၅ ခု တည်ဆောက်သွားမည်ဖြစ်သည်။ စီမံကိန်းအပိုင်း(၂) ငါ့လုံဒမ်းမှရီဒမ်းအထိ ၃၇ ပေ အကျယ် မြေလမ်း(၁၉/၀)မိုင် တွင်လည်း တံတားနှင့်ရေပြွန် ၇၅ ခု ပါဝင်မည်ဖြစ်သည်။ စီမံကိန်းအပိုင်း(၃)ကိုမူ ရီဒမ်းမှ ခေါင်လန်ဖူးအထိ (၂၁/၀)မိုင်ရှိပြီး တံတားနှင့်ရေပြွန် ၈၀ ပါဝင်ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ညီညီဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ပြီးခဲ့သည့် မတ်လ ၁ ရက်နေ့က တပ်မတော်ရဟတ်ယာဉ် ဖြင့် အဆိုပါ မဂွေ့ဇ-ခေါင်လန်ဖူးလမ်း (၆၅/၄) မိုင်ဖောက်လုပ်ခြင်း စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ခဲ့ကြသည်။ ဘဘော့ကျေးရွာမှတစ်ဆင့် မဂွေ့ဇသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကာ အသေးစိတ်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လမ်းဖောက်လုပ်ရေး နည်းပညာများနှင့်အညီ အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ရေး၊ သတ်မှတ်ကာလအတွင်း ဖောက်လုပ် ပြီးစီးရေး မှာကြား၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ လမ်းဖောက်လုပ်ရေး ဆောင်ရွက်နေသော အင်ဂျင်နီယာအဖွဲ့နှင့် စစ်သည်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးသည် မတ် ၂ ရက်၌ ပူတာအိုဒေသတွင် ပေ ၃၆၀ ရှိ နမ့်ပလပ်ချောင်းကူးတံတားတည်ဆောက်ပြီးစီးမှုနှင့် နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့ကိုလည်းကောင်း၊ မတ် ၃ ရက် တွင် နောင်မွန်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်းကောင်း၊ မတ် ၄ ရက်တွင် ဆွမ်ပရာဘွမ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်းကောင်း တပ်မတော်ရဟတ်ယာဉ်ဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ၊ ဌာန ဆိုင်ရာဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ပါသည်။

မဂွေ့ဇ-ခေါင်လန်ဖူးလမ်း (၆၅/၄)မိုင်တွင် စီမံကိန်းအပိုင်း(၂) ငါ့လုံဒမ်းမှရီဒမ်းအထိ (၁၉/၀)မိုင်သည် ဖောက်လုပ်ရန်ခက်ခဲသော အရှည် လေးမိုင်ခန့်ရှိ ကျောက်တောင်ကြီး တစ်ခုကို ဖြတ်သန်းဖောက်လုပ်ရမည်ဖြစ်ပြီး ထိုတောင်ကို ဒေသခံတို့က ဆန်းလွပ်ချစ်တောင်ဟု ခေါ်ကြသည်။ အမြင့် ပေ ၈၀၀၀ ကျော်ရှိသည်။ လမ်းဖောက်လုပ်ရေးစီမံကိန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လတ်နှင့် အင်ဂျင်နီယာအဖွဲ့က ယာဉ်/ယန္တရား အစီး ၃၀ ဖြင့် ဦးစီးဖောက်လုပ်နေခြင်းဖြစ်သည်။

ထိုလမ်းသည် ပူတာအို၊ မချမ်းဘော၊ နောင်မွန်းနှင့် ခေါင်လန်ဖူးဒေသမှ ဒေသခံတိုင်းရင်းသားများအတွက် အိပ်မက်လမ်း တစ်လမ်းဖြစ်ခဲ့သည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက မျှော်လင့်တောင့်တခဲ့ကြသော လမ်းလည်းဖြစ်သည်။ ဒေသခံတိုင်းရင်းသားတို့သည် ခြေကျင်နှင့် လား၊ မြင်းများကိုသာ အားကိုး၍နှစ်ပေါင်းများစွာ သွားလာခဲ့ကြရပြီးဖြစ်သည်။ စားသောက်ကုန်များအတွက် သယ်ယူစရိတ်အလွန်ကြီးမြင့်ခဲ့ရသည်။ ရာသီဥတုပြောင်းလဲမှု မြန်ဆန်ခြင်း၏ အကျိုးဆက်များကိုလည်း မကြာခဏခံစားရသော ဒေသဖြစ်သည်။ ဤအကြောင်းတရားများကြောင့် မဂွေ့ဇ-ခေါင်လန်ဖူးလမ်း စတင်ဖောက်လုပ်ပေးနေပြီ ဆိုကတည်းက ဒေသခံတိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် အလွန်ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိနေကြသည်။ လမ်းဖောက်နေသည်ကို မျက်မြင်ဒိဋ္ဌ ကြည့်ရှုလိုကြသဖြင့် အလွန်ဝေးလံသော လေးငါးရက်ခရီးအား ခြေကျင်လာရောက်ကြည့်ရှုလေ့လာသူများလည်း ရှိကြသည်။ မဂွေ့ဇ-ခေါင်လန်ဖူးလမ်းကြီး ဖောက်လုပ်ပြီးစီးသွားပါက ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာရေးကို များစွာအထောက်အကူပြုမည်ဖြစ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ကောင်းများကိုထိန်းသိမ်းပြီး ခရီးသွားလုပ်ငန်းများကိုလည်း တိုးမြှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

---

*စာမျက်နှာ ၁၅ မှ*

ဆိုတာကိုလည်း သိထားသင့်ပါတယ်။ မလေးရှားနိုင်ငံရောက်ရှိနေပြီး မတော်တဆကိစ္စတစ်ခုခုနဲ့ တရားစွဲဆိုခံရလျှင် တရားစွဲဆိုချက်မိတ္တူကို တောင်းယူထားဖို့လိုအပ်ပြီး စကားပြန်တောင်းဆိုခွင့်ရှိတယ်ဆိုတာကို အလုပ်သမားအတော်များများ မသိရှိကြ ဘူးလို့ ကိုမင်းဇော်က ပြောပြပါတယ်။ အလုပ်သမားတစ်ဦးအနေနဲ့ ကိုယ့်အပေါ်စွဲဆိုထားတဲ့ ပြစ်မှုအကြောင်းကို တိတိကျကျ နားမလည်ဘဲနဲ့ အပြစ်ရှိကြောင်း ဝန်မခံမိစေဖို့ လိုအပ်တယ်လို့ သိရပါတယ်။ မလေးရှားနိုင်ငံရောက် မြန်မာအလုပ်သမားတွေအနေနဲ့ ထိန်းသိမ်းခံရစဉ်မှာ ရဲထံကို ထွက်ဆိုချက်မပေးဘဲ နေပိုင်ခွင့်ရှိပါတယ်။ အဓိကပေးရမှာက အမည်အပြည့်အစုံ၊ အသက်၊ နေရပ်လိပ်စာနဲ့ အလုပ်အကိုင်တွေကိုပဲ ပေးရမှာဖြစ်ပြီး ရဲထံကိုပေးတဲ့ အချက်အလက်တွေဟာ တရားစွဲခံရတဲ့အခါမှာ သက်သေထွက်ချက်အဖြစ်နဲ့ အသုံးပြုနိုင်တယ်။ တရားရုံးကို မရောက်ခင် မေးမြန်းချက်တွေကို မဖြေဘဲ နေပိုင်ခွင့်လည်း အပြည့်အဝရှိပြီး ထွက်ချက်ပေးမယ်လို့ ဆုံးဖြတ်လိုက်ရင် ရဲအရာရှိရဲ့ အမည်နဲ့ ရာထူးအဆင့်ကို မေးမြန်းထားဖို့လည်း လိုအပ်ပါတယ်။ ဒါမှသာ လိုက်ပါဖြေရှင်းပေးမယ့်သူတွေအတွက် လွယ်ကူစွာနဲ့ စုံစမ်းဖော်ထုတ်နိုင်မယ်လို့ ILO မှ သိရပါတယ်။

**အရေးပေါ်မှတ်သားထားသင့်တဲ့ မလေးရှားအဖွဲ့အစည်းတွေ**

| အဖွဲ့အစည်းအမည် | ဆက်သွယ်ရန်ဖုန်းနှင့် လိပ်စာ |
|---|---|
| လူကုန်ကူးခံရသူများ အရေးပေါ်အကူအညီအတွက် | ၉၉၉ |
| ရဲစခန်းမှ အကူအညီလိုအပ်ပါက | ၉၉၉ |
| အလုပ်သမားအရေးအတွက် မက်ဆေ့ချ်ပို့နိုင်တဲ့နေရာ | +၆၀၁၂၂၃၄၃၅၇ |
| Tenaganita NGO အဖွဲ့အစည်း | 38, Jalan Gasing,46000 Petaling, Malaysia<br>+၆၀၃၇၇၇၀၃၆၉၁၊ +၆၀၃၇၇၇၀၃၆၇၀ |
| Legal Aid Center Kuala Lumpur (Bar Council) | 9th Floor, Wiama Kraftangan, No.9, Jalan un Perak, 50050 Kuala Lumpur<br>+၆၀၃၂၆၉၁၃၀၀၅၊ +၆၀၃၂၆၉၃၂၀၇၂ |
| Legal Aid Center Johor Baharu (Bar Council) | Johor Legal Aid Center Tingkat 5, Mahkamah Sesyn & Magistret, Jalan Ayer Molek, 80000 Johor Bahru<br>+၆၀၇၂၂၃၅၆၉၈ |
| Malaysian Trade Union Congress, Penang (MRC) | 2958 Jalan Prai Taman Indrawasih 13600 Prai, Penang<br>+၆၀၄၃၉၈၁၁၇၅၊ +၆၀၁၉၄၇၅၆၈၉၇ |
| Malaysia Trades Unions Congress (MTUC) | Wisma MTUC, 10-5, 47, Jalan USJ 9/5T, 47620 Subang Jaya, Selangor<br>+၆၀၃၈၀၂၄၂၉၅၃ |
| Labour Office Kuala Lumpur (စက်ရုံအလုပ်သမားများ ထိခိုက်ဒဏ်ရာရမှုလျော်ကြေးအတွက်) | Tingkat 9, Menara PERKESO 281, Jalan Ampang, 50532 Kuala Lumpur<br>+၆၀၃၄၁၄၃၄၆၀၀ |
| Labour Office Selangor(စက်ရုံအလုပ်သမားများ ထိခိုက်ဒဏ်ရာရမှုလျော်ကြေးအတွက်) | Suite A405-7 Tingkat, 3A, West Wing, Wisma Consplant2, No.7, Jin SS 16/1, 47500 Subang Jaya, Selangor<br>+၆၀၃၅၆၃၆၁၆၀၅, +၆၀၃၅၆၃၂၈၀၀၀ |
| Labour Office Johor (စက်ရုံအလုပ်သမားများ ထိခိုက်ဒဏ်ရာရမှုလျော်ကြေးအတွက်) | JTK Cawangan Johor Bahru Tingkat 9 & 10, Menara Ansar, 65, Jalan Trus, 80000 Johor Bahru, Johor<br>+၆၀၇၂၂၄၃၁၈၈/၉၉ |

မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှာ 8 (C) Jalan Ampang Hilir၊ ၅၅၀၀၀၊ ကွာလာလမ်ပူ သို့ ဆက်သွယ်နိုင်ပြီး ဖုန်းနံပါတ်မှာ ၆၀၃-၄၂၅၁၄၄၅၅၊ ၂၅၁၄၄၅၅၊ ၄၂၅၁၅၅၉၅၊ ၄၂၅၁၆၃၅၅ တို့ကို ဆက်သွယ်အကူအညီတောင်းနိုင်ပါသည်။

**(မြန်မာ့အလင်း)**




## ကရင်ပြည်နယ်အစိုးရအဖွဲ့
## ဘားအံမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ် အစိုးရအဖွဲ့မှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန် ရှိပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဘားအံမြို့နယ်၊ ဘေးအန္တရာယ်ခိုလှုံရန် (Emergency cyclone Shelter)
(၆၀'×၄၀') RRC (၁)ထပ် သွပ်မိုးကွန်ကရစ်ကြမ်း၊ ရေ၊ မီး၊ မိလ္လာအပါအဝင် ဆောက်လုပ်ခြင်း

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၃-၂၀၁၇ရက်မှ ၃၀-၃-၂၀၁၇ ရက်အထိ

၃။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၃၁-၃-၂၀၁၇ရက် ၁၆:၀၀ နာရီ

၄။ တင်ဒါပုံစံအသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ကယ် ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့၊ ဖုန်း- ၀၅၈-၂၂၄၅၁တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၅။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**

## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## ဓာတ်ပုံနှင့် ဆိုင်ခန်းများကြီးကြပ်ရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီးနယ်မြေတွင်)စားသောက်ဆိုင်ခန်းများဖွင့်လှစ်ရောင်းချရေးနှင့်(ရွာသာကြီး၊ ကမာရွတ်နယ်မြေ)တို့တွင် ဓာတ်ပုံရိုက်ကူးခြင်း လုပ်ငန်းများအား တစ်နှစ်ငှားရမ်းရောင်းချခွင့် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါတင်သွင်းပုံစံများကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)ငွေစာရင်းဌာနတွင်ရယူပြီး ၂၈-၃-၂၀၁၇ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါသည်။

အသေးစိတ်သိလိုပါက ဖုန်း-၀၁-၂၅၈၅၀၇၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံနှင့် ဆိုင်ခန်းများကြီးကြပ်ရေးအဖွဲ့**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## အမည်ပြောင်း

ဦးမင်းလွင်၏သား မိုးညှင်းမြို့၊ အထက(၁) နဝမတန်းမှ မောင်ဖြိုးကိုကိုလွင်အား မောင်ဖြိုးကိုကိုမင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဖြိုးကိုကိုမင်း**

## မွေးသက္ကရာဇ်အမှန်

ဇမ္ဗူမော်မြို့၊ အထက(၂)၊ ပဥ္စမတန်း(A)မှ မမိတုံဆွတ်နူး ခေါန်၏ မွေးသက္ကရာဇ် အမှန်မှာ ၃၁-၇-၂၀၀၆ ဖြစ်ပါကြောင်း။

**အမည်နှင့် မွေးသက္ကရာဇ်အမှန်**

သာပေါင်းမြို့နယ် ကွင်းပေါက်အုပ်စု၊ လက်ခုပ်ရွာသစ်ကျေးရွာနေ ဦးကျော်ကျော် ၁၄/သပန(နိုင်)၀၇၃၆၉၉ ၏သမီး မသက်ဝေဝေဟန်၏ အမည်မှန်မှာ မသက်ဝေရည်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၉-၃-၁၉၉၆ ဖြစ်ပါသည်။

**မသက်ဝေရည်**

## ဗြိတိသျှကောင်စီမြန်မာမှ အောက်ဖော်ပြပါကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲလိုပါသဖြင့် စိတ်ပါဝင်စားသောလုပ်ငန်းများ၊ ကုမ္ပဏီများအား ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်

၁။ ကွန်ပျူတာ၊ ၄င်းနှင့်ဆက်စပ်သောပစ္စည်းများ၊ဝန်ဆောင်မှုများနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ(Computer accessories and maintenance)
၂။ လျှပ်စစ်ပစ္စည်းများ၊ Multimedia, audio & visual ပစ္စည်းများ (Electronic Storage, multimedia network, audio visual equipment, electronic storage)
၃။ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ (Communication device and maintenance)
၄။ ရုံးသုံးပရိဘောဂများ၊ automotive ပစ္စည်းများ ပြုပြင်ခြင်းနှင့် ငှားရမ်းခြင်း လုပ်ငန်းများ (Office furniture, equipment/automation and maintenance and leasing)
၅။ သန့်ရှင်းရေးသုံးပစ္စည်းများ(Cleaning supplies, Waste & Recycling)
၆။ Printing၊ မိတ္တူကူးခြင်း၊ Publication၊ ပရိမိုးရှင်းနှင့် ဆက်စပ်သောပစ္စည်းများ (Printed publication, printing, copying service,promotional merchandise, promotional printing and print advertising)
၇။ ဓာတ်ပုံနှင့် ဗီဒီယိုလုပ်ငန်းများ(Photo, Filming, Video and services)
၈။ Graphic & Art ဒီဇိုင်းလုပ်ငန်းများ(Graphic design and art design services)
၉။ Periodicals, Library Books,Electronic publication နှင့် စာကြည့်တိုက်သုံးစာအုပ်များ(Periodicals,Library Books, Electronic publication and refer materials)
၁၀။ ဘာသာပြန်လုပ်ငန်းများ(Interpreters and written translations)
၁၁။ မော်တော်ယာဉ် အငှားလုပ်ငန်းများ(Vehicle rent and lease)
၁၂။ ဟိုတယ်နှင့်ခန်းမအငှားလုပ်ငန်းများ(Hotel/accommodation and Venue hire)
၁၃။ လျှပ်စစ်ပိုင်းဆိုင်ရာနှင့် အဆောက်အအုံပြင်ဆင်ခြင်းနှင့် ပြုပြင်ခြင်းလုပငန်းများ(Electrical, Lighting and building premises maintenance & repairs services)

အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ E-mail (သို့) 09-261453918 ထံသို့ ၃၁မတ် ၂၀၁၇ နံနက် ၁၁နာရီထက် နောက်မကျဘဲ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ စိတ်ပါဝင်စားသူများ အောက်ပါလိပ်စာသို့ အီးမေးလ်ပေးပို့၍ Application Form များကို ရယူနိုင်ပါသည်။
BritishCouncilMyanmar@mm.britishcouncil.org

## သက်ဆိုင်သူများသိရှိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်-၂၆(ဘီ+ဘီ၁)၊မြေကွက်-V ၂၁၁၊ (အမှတ်-၃၊ မယ်ဇလီပင်လမ်း၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်) ဧရိယာ ၀ ဒသမ ၀၂၉ ဧကရှိ မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော(ခြေရင်းခြမ်း)၊ အကျယ်အဝန်းပေ (၁၂ဒသမ၅ ပေ×ပေ၅၀)ရှိ မြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို နှစ်(၆၀)ဂရန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ချစ် ၁၂/ကမတ(နိုင်)၀၄၁၁၄၉ထံမှ ဝယ်ယူပိုင်ဆိုင် နေထိုင်လျက်ရှိသည်မှာ ယနေ့ထက်တိုင်ဖြစ်ပါသည်။

အဆိုပါနေအိမ်ခြံမြေနှင့်ပတ်သက်၍ မှတ်ပုံတင်အရောင်းစာချုပ် ပြုလုပ်ချုပ်ဆိုပေးပါရန် ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် ခုနစ်ရက်ပြည့် မြောက်သည့်နေ့အထိတိုင် ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ထားနွယ်ခင်**
**(LL.B,D.I.R,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၂၁)**
**အမှတ်-၈၀/၁၊ ပထမထပ်၊**
**၂၂-လမ်း၊ လသာမြို့နယ်။**
**ဖုန်း-၀၉-၅၁၉၇၉၃၂၊၀၉-၉၆၅၁၉၇၉၃၂**
**E-mail-htarnwekhin92@gmail.com**

**ဦးတင့်ကျော်(LL.B)(စဉ်-၃၀၉၁၃)**
**ဒေါ်ခိုင်ဇင်ဝင်း(LL.B,D.B.L) (စဉ်-၃၉၇၅၁)**
**ဒေါ်ထွေးဓာခြည်(LL.B,D.B.L)(စဉ်-၃၈၀၂၀)**
**ဦးကျော်မိုးလွင် (LL.B,D.I.L) (စဉ်-၃၇၉၂၃)**
**ဒေါ်သန္တာအောင်(LL.B,D.B.L) (စဉ်-၄၆၉၃၅)**
**(အထက်တန်းရှေ့နေများ)**

ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည့်




## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၅၂၃၆၀ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှဝေ ၉/မရတ(နိုင်)၀၂၆၂၆၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ဂရန်မူရင်းအားပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာခြင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅/ကြည်စု၊မြေကွက်အမှတ် ၅၁၇၊ မြေကွက်တည်နေရာအမှတ်-၅၁၇၊ အလင်းရောင် ၄ လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်ရွှေစင်မျိုးမြင့် ၁၂/ဒပန(နိုင်)၀၀၈၂၉၄အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ရွှေစင်မျိုးမြင့်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ပြီး ကန့်ကွက်မှုမပေါ်ပေါက်သဖြင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဒေါ်ရွှေစင်မျိုးမြင့် အမည်ပေါက် မြေငှားစာချုပ်အမှတ်(ဒပ/၅/၀၄၈၈/၉၃)(၂၄-၉- ၉၃)ဂရန်(မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၈)၊ မြေကွက်အမှတ် ၇၃၅ အမည်ပေါက် ဦးအုန်းဆွေ(ဘ) ဦးထွန်းစိန် (DV -၀၀၈၃၁၆) မြေချပါမစ်အား ပြန်လည်အပ်နှံ၍ အမည်ပေါက် ဦးအုန်းဆွေ(ဘ)ဦးထွန်းစိန်(DV -၀၀၈၃၁၆) မြေငှားစာချုပ်မူရင်းနှင့် လွှဲလှယ်ထုတ်ယူခွင့်ပြုပါရန် အမည်ပေါက် ဦးအုန်းဆွေ(ကွယ်လွန်)၏ဇနီးဖြစ်သူ ဒေါ်ခင်ကြည်မှ မြေချပါမစ်မူရင်း၊ဦးအုန်းဆွေ၏သေစာရင်းမိတ္တူ၊ ဘဏ်ငွေသွင်းချလန်၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲမန်နေဂျာ၏ငွေအကျေပေးဆပ်ပြီးကြောင်း ထောက်ခံစာ၊ တစ်ဦးတည်းသောဇနီး ဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊စာရွက်စာတမ်းများ တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများတင်ပြ၍ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မူရင်းနှင့် မြေငှား စာချုပ်မူရင်းလဲလှယ်ထုတ်ပေးသွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန**




Another Prestigious Project

MGW
MANDALAY GOLDEN WING
Construction Limited

Yangon
No. 2, U Tun Nyein St,Mayangone Tsp,Yangon, Myanmar.
Tel - 01-657860,09 420097998 09-420097992---5,
Mandalay
Diamond Plaza No-635, Between(77-78),33
Chan Aye Thar Zan Tsp, Mandalay.
Tel- 09 6801904,09 6801905, 02. 69351, 02. 69361
E-mail :agm.diamondinyapalaceygn@gmail.com
Website :www.diamondinyapalace.com

## တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) တိရစ္ဆာန်အစာအာင်ဒါခေါ်ယူခြင်း

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် မွေးမြူပြသထားသော တိရစ္ဆာန်များအား ကျွေးမွေးရန်အတွက် အစာတင်ဒါများအား အောက်ပါအတိုင်း ခေါ်ယူသွားမည် ဖြစ်ပါသည်။

အစားအစာ - မြက်၊ ကနဖော့၊ ရိက္ခာခြောက်၊ ရိက္ခာစို၊ အမဲသား၊ ကြက်သား၊ ငှက်ပျောသီး။

တင်ဒါပိတ်ရက် - မတ်လ ၂၄ ရက်။

အသေးစိတ် အချက်အလက်များအား အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၊ ကန်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၃၇၀၉၇၆၊ ၃၇၂၉၂၃၊ ၃၇၁၁၂၁၊ လိုင်းခွဲ - ၁၀၇။

---

**စက်မှုဝန်ကြီးဌာန**

**အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၆) အကြီးစားစက်ရုံ(ဆင်တဲ) အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားမှုဖော်ပြခြင်း**

**အဆိုပြုလွှာ (Expression of Interest) ဖိတ်ခေါ်ခြင်း**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ အမှတ် (၁၆) အကြီးစားစက်ရုံ (ဆင်တဲ) (လယ်ယာသုံးစက်နှင့် စက်ကိရိယာပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရန်)ကို စိတ်ဝင်စားသူ ပြည်တွင်း/ပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

၂။ ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ (Expression of Interest-EoI) ကို စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ် (၃၀)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လိပ်မူ၍ ၂၀၁၇ ခုနှစ် ဧပြီ ၄ ရက်၊ ညနေ ၄း၀၀ နာရီ (မြန်မာစံတော်ချိန်) အရောက်ပေးပို့ရမည်ဖြစ်ပါသည်။ စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ (EoI) ပုံစံနှင့် အခြားသက်ဆိုင်ရာစာရွက်စာတမ်းများကို ကုမ္ပဏီဆိုင်ရာ အထောက်အထားများပြသ၍ အထက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

**တင်ပြရမည့် ကုမ္ပဏီဆိုင်ရာ အထောက်အထားများ**

(က) သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်
(ခ) ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း
(ဂ) နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ(ရှိလျှင်)

(အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၀၅၁၅၉၊ ၀၆၇-၄၀၅၃၂၂)

---

## အသိပေးကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ ဘားအံစက်မှုဇုန်တွင် မြေကွက်ဝယ်ယူထားသော လုပ်ငန်းရှင်များနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးမှုအား အောက်ဖော်ပြပါ အချိန်ဇယားအတိုင်း ဆောင်ရွက်မည်ဖြစ်ပါ၍ ကိုယ်တိုင်လာရောက်ပေးပါရန်နှင့် ကိုယ်တိုင်မလာရောက်နိုင်ပါက အဆုံးအဖြတ်ပေးနိုင်သည့် ကိုယ်စားလှယ်တစ်ဦးစေလွှတ်၍ မပျက်မကွက် တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။ ဖိတ်စာရသည်ဖြစ်စေ/မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ပေးနိုင်ပါရန်နှင့် တက်ရောက်ခြင်းမရှိပါက ဘားအံစက်မှုဇုန်ကြီးကြပ်ရေးကော်မတီ၏ အဆုံးအဖြတ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | နေ့ရက် | အချိန် | နေရာ | တွေ့ဆုံမည့်လုပ်ငန်းရှင် |
|---|---|---|---|---|
| ၁။ | ၂၀-၃-၂၀၁၇ရက် | (၁၃း၀၀) | ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အောက်ထပ် အစည်းအဝေးခန်းမ | ဇုန်(၁)(၂)(၃)လုပ်ငန်းရှင်များအားလုံး |
| ၂။ | ၂၁-၃-၂၀၁၇ရက် | (၁၃း၀၀) | ။ | ဇုန်(၄)လုပ်ငန်းရှင်များအားလုံး |

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉-၄၉၈၁၆၆၈၉
၀၅၈-၂၁၁၄၀
၀၅၈-၂၃၄၃၉

**ကရင်ပြည်နယ်**
**ဘားအံစက်မှုဇုန်ကြီးကြပ်ရေးကော်မတီ**

---

## အလုပ်ကြော်ငြာ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

ကမ္ဘာ့ဘဏ်အကူအညီဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံအတွင်း ရေကြီး၊ ရေလျှံနှင့်မြေပြိုမှုများအတွက် အရေးပေါ်ပြန်လည်ထူထောင်ရေးစီမံကိန်း (Myanmar Flood and Landslide Emergency Recovery Credit, ERC) နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် စီမံကိန်းအကြံပေးဝန်ထမ်းများ ငှားရမ်းလိုပါသည်-

| စဉ် | ရာထူးအမည် | Reference | ကာလ | ဦးရေ |
|---|---|---|---|---|
| (က) | National Social Safeguards and Gender specialist | C4-IST-IC03 | (၁၂)လ | (၁)ဦး |
| (ခ) | National Environmental Safeguards Specialist | C4-IST-IC04 | (၁၂)လ | (၁)ဦး |

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအချက်အလက်တွင် လုပ်ငန်းအတွေ့အကြုံအသေးစိတ် မိမိလျှောက်ထားလိုသော ရာထူးနှင့် Referenceနံပါတ်ကို တိကျစွာဖော်ပြ၍ အောက်ဖော်ပြပါလိပ်စာသို့ ၇-၄-၂၀၁၇ရက် နောက်ဆုံးထား၍ အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။

စီမံကိန်းနှင့် လုပ်ငန်းတာဝန်အကြောင်း ရာထူးတစ်ခုစီအတွက် လိုအပ်သော အရည်အချင်းများ အသေးစိတ်ပါဝင်သော (Terms of Reference-TOR) ကို အောက်ဖော်ပြပါ အီးမေးလ်သို့ ဆက်သွယ်ရယူနိုင်ပါသည်။

**လိပ်မူရန်**
ဒေါ်တင်မိုးမြင့် (ညွှန်ကြားရေးမှူး)
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရုံးအမှတ် (၁၄)၊ နေပြည်တော်
ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၀၉၄၁၀၊ ၀၉-၅၁၁၈၂၄၀
ဖက်စ် ဖုန်း-၀၆၇-၄၀၉၂၁၀
Email:rbbdrd@gmail.com,ruralroad.drd@gmail.com

---

## ဝန်ထမ်းအလိုရှိသည်

(၁) အိမ်ခြံမြေ Marketing Manager 2post(M/F)။ လစာညှိနှိုင်းပေးမည်။
(၂) တရုတ်စကားပြောနိုင်သူ Marketing Executive 4 post (M/F) လစာညှိနှိုင်းပေးမည်။
(၃) Korea Translator 3 post (M/F) လစာညှိနှိုင်းပေးမည်။

**လိပ်စာ** - အမှတ် ၃၁၅/I၊ ပေါက်စေတီလမ်း၊ (၈)မိုင်၊ ကျိုက်ဝိုင်း၊ မရမ်းကုန်း။
ဖုန်း-၀၁-၆၅၂၈၄၆၊ ၀၁-၉၆၆၉၇၂၆
CV-Form တင်ရန် Email-bxtinternationalmm@gmail.com

---

# ကုန်သွယ်လုပ်ငန်းခွန် ကြိုတင်ခွန်ပေးဆောင်ကြပါရန် အသိပေးနှိုးဆော်ချက်

- တည်ဆဲကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၂(က)အရ မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကျသင့်သောအခွန်ကို သက်ဆိုင်ရာ လကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မှုအပေါ် သုံးလတစ်ကြိမ်ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီးနောက် တစ်လအတွင်း တင်ပြရမည်ဖြစ်ပါသည်။
- တည်ဆဲကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၁(ခ)အရ သတ်မှတ်ထားသော အချိန်အတွင်း လစဉ်ကျသင့်အခွန်ပေးသွင်းရန် ပျက်ကွက်ခြင်း၊ သုံးလတစ်ကြိမ် ကြေညာလွှာပေးပို့ရန် ပျက်ကွက်ခြင်းတို့အတွက် ပျက်ကွက်မှုတစ်မျိုးစီအလိုက် စည်းကြပ်မှုအရ ကျသင့်အခွန်၏တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။
- ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကုန်ဆုံးရန် ရက်ပိုင်းမျှသာလိုပါတော့သဖြင့် ဘဏ္ဍာရေးနှစ်အတွင်း ပေးသွင်းရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို မပျက်မကွက် အချိန်မီပေးသွင်းကြပါရန်နှင့် သုံးလတစ်ကြိမ်ကြေညာလွှာကို အချိန်မီတင်သွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်-၈၊ လူနေရပ်ကွက်အမှတ်-F.M.I အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်-၇၃၃၊ အကျယ်အဝန်း ၀ ဒသမ ၀၅၅ ဧက၊ မြေအမျိုးအစား နှစ်(၆၀)ဂရန် မြေနှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ F.M.I City၊ ရွှေစံပယ် (၄)လမ်း၊ အမှတ် (F-46)ဟုခေါ်တွင်သော မြေနှင့် နှစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ မြေအမည်ပေါက်ပိုင်ရှင်များဖြစ်ကြသော ဦးခင်မောင်ချို ၁၂/ကမတ(နိုင်)၀၃၇၇၃၆ နှင့် ဒေါ်ခင်စန်းဝင်း ၁၂/ကမတ(နိုင်)၀၃၇၈၆၁ တို့မှ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းဦး** | **ဦးသန့်ဇော်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

---

## နေပြည်တော်

**ကားမောင်း(အတတ်သင်)သင်တန်း**

ပ-(154)၊ မြို့မဈေး၊ ပွဲရုံတန်း၊ နေပြည်တော်
Ph:067-421755 ,09-73011078 ,09-73041277
စေတ်မီကားမျိုးစုံဖြင့်Manual & Auto နှစ်မျိုးစလုံးသင်ကြားပေးပါသည်။

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

သာပေါင်းမြို့နယ်၊ မယ်ဇလီကွင်း ပေါက်ကျေးရွာအုပ်စု၊ အညာတန်းကျေးရွာနေ ဦးစံမြင့် ၁၄/သပန(နိုင်) ၀၈၀၂၁၁ နှင့် ဦးစိန်မြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစံမြင့် (ခ) ဦးစိန်မြင့်**

---

## မြေညီ (ဆိုင်ခန်းငှားမည်)

99 ကွန်ဒို (24'x46') မြေညီ
ထပ်ခိုးတစ်ဝက်ပါသည်။
ဓမ္မစေတီလမ်းနှင့်ဦးဝိစာရလမ်းထောင့်
CB ဘဏ်ရှေ့

**ဆက်သွယ်ရန်**

**ဖုန်း-၀၉-၇၉၄၅၁၈၁၈၄**

---

## စံတော်ဝင်

**(မိတ်ကပ်-ဆံပင်အလှပြင်သင်တန်း)**

ဘာသာစုံ (၃လအတတ်) ၃ သိန်း
ဆံထုံး၊ မိတ်ကပ် ၁ သိန်း (၁ လ အတတ်)
ဆံပင်ညှပ် ၅သောင်း (၂ ပတ် အတတ်)
ကောက်၊ ဖြောင့် ၅သောင်း (၂ ပတ် အတတ်)
မိမိကိုယ်မိမိ လိမ်းခြယ်နည်း ၂ သောင်း (၁ ရက် အတတ်)

နယ်မှ သင်တန်းသူများ အဆောင်အခမဲ့ သင်တန်းပြီးဆုံးပါက အလုပ်ရရန် စီစဉ်ပေးသည်။

**ဆက်သွယ်စုံစမ်းရန်-** ၈၆ လမ်း၊ ၃၆×၃၇ လမ်းကြား၊ မန္တလေး
**ဖုန်း** - ၀၉-၉၇၂၇၇၈၈၂၅၊
- ၀၉-၂၅၇၂၂၀၀၀၈၊
- ၀၉-၇၈၂၇၇၇၉၅၅

---

## အများသိစေရန်ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ခ)၊ မြေကွက်အမှတ် ၃၄၂/အေ-၁၊ မြေကွက်တည်နေရာအမှတ် ၃၄၂/အေ-၁၊ မဈေးလမ်း (ဒေါ်တင်တင်အေး အန်/အိုကေအေ-၀၃၃၀၁၅)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်တင်အေးမှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ကျမ်းကျိန်လွှာအမှတ် ၁၃၁၃၅/၂၅-၈-၂၀၁၆ ကိုယ်တိုင်ဝန်ခံချက်တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်သဖြင့် မူလ ၁၈-၁၂-၉၃ ရက်တွင် ထုတ်ပေးထားသည့် ဒေါ်တင်တင်အေး အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ် မဥ/ခ-၈၆၄(၁၈-၁၂-၉၃) ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

ဖော်ပြပါမြေကွက်များအား မြေငှားစာချုပ် (ဂရန်)/ပါမစ်ပြုလုပ်ပေးပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၁၅)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မြေယာဌာနခွဲ၊ နေပြည်တော်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | မြို့နယ် | မြေတိုင်း | မြေကွက် | အမည်ပေါက် | လျှောက်ထားသူ | မှတ်ပုံတင်အမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ကျောက်တန်း | စံချိန်မီတိုးချဲ့(၂) | ၁၄၆၄ | ဒုတပ်ကြပ်-ကျော်ထွန်း | - | တ-၃၀၇၃၅၄ | ပါမစ် |
| ၂ | သန်လျင် | ဘုရားကုန်းအဆင့်(၁) | ၇၀၄ | ဦးသူရမောင်မောင်+၁ | ဦးတင်မောင် | ၁၂/သလန(ပြု)၀၀၁၁၃၁ | ဂရန် |
| ၃ | သန်လျင် | ဘုရားကုန်းအဆင့်(၁) | ၄၅၃ | ဒေါ်သန်းသန်းဌေး+၁ | ဦးသန်းဝင်းလှိုင် | ၁၂/အလန(နိုင်)၀၀၀၅၆၈ | ဂရန် |
| ၄ | သန်လျင် | ဘုရားကုန်းအဆင့်(၁) | ၂၆၉ | ဒေါ်စန်း+၁ | ဒေါ်ခင်အေးမူ | ၁၂/ကတန(နိုင်)၀၁၉၆၃၄ | ဂရန် |
| ၅ | သန်လျင် | ဘုရားကုန်းအဆင့်(၁) | ၁၀၀၂ | ဦးမောင်မောင်ဝင်း+၁ | ဒေါ်သူဇာလွင် | ၁၂/သလန(နိုင်)၀၉၂၉၅၀ | ဂရန် |
| ၆ | သန်လျင် | အောင်ချမ်းသာတိုးချဲ့ | ၂၅၉ | ဗိုလ်ကြီးမင်းသန့် | ဦးကျော်စိုး | ၇/ပခန(နိုင်)၀၁၀၃၈၇ | ဂရန် |
| ၇ | သန်လျင် | အောင်ချမ်းသာတိုးချဲ့ | ၁၅၄၄ | ဦးမျိုးသန့် | ဒေါ်ခင်မာလာဝင်း | ၁၂/မဂတ(နိုင်)၀၀၃၃၇၁ | ဂရန် |
| ၈ | သန်လျင် | အောင်ချမ်းသာတိုးချဲ့ | ၁၅၄၃ | ဒေါ်ဝါဝါသင်းနု+၁ | ဒေါ်ခင်မာလာဝင်း | ၁၂/မဂတ(နိုင်)၀၀၃၃၇၁ | ဂရန် |
| ၉ | ဒဂုံ(မြောက်) | ၂၇/၃ | ၄၅ | ဒေါ်ဝေမာထွန်း(ခေါ်)ဒေါ်ဝေမာအောင် | ဒေါ်ဝါဝါခင် | ၁၂/ဒဂတ(နိုင်)၀၀၄၈၃၄ | ဂရန် |
| ၁၀ | ဒဂုံ(မြောက်) | ၂၇/၄ | ၇၇ | ဒေါ်လှဲ့လှဲ့ဝင်း | ဒေါ်လှဲ့လှဲ့ဝင်း | ၉/မရမ(နိုင်)၀၀၅၇၁၀ | ဂရန် |

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

## ဗုဒ္ဓမြတ်စွယ်တော် ဖွင့်လှစ်အပူဇော်ခံပွဲ ဖိတ်ကြားလွှာ

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာအုပ်စု၊ ဇီးဖြူကုန်းရွာမကျေးရွာရှိ နိဂြောဓာရုံကျောင်းတိုက်အနီးတွင် ၁၂၄၉ခုနှစ်က ပထမဒွါရ သာသနာပိုင် အုဂ်ဖိုရ်ဆရာတော်ကြီး သီဟိုဠ်ကျွန်းမှ ပင့်ဆောင်တော်မူခဲ့သော ဗုဒ္ဓမြတ်စွယ်တော် ဖွင့်လှစ်အပူဇော်ခံပွဲတော်ကြီးကို ၂၀-၃-၂၀၁၇ရက်မှ ၂၇-၃-၂၀၁၇ရက်အထိ ၈ရက်တိုင်တိုင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ဘုရားဖူးကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဖွင့်ပွဲကျင်းပမည့်အစီအစဉ်**

**နေ့ရက်** - (၁) ၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၈ရက် ၊ ၂၀-၃-၂၀၁၇ရက် (တနင်္လာနေ့)ညတွင် မိုးမြန်မာမင်္ဂလာရွှေဆိုင်းတော် ဖြင့်ဧည့်ခံဖျော်ဖြေပါမည်။

(၂) ၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၉/၁၀ရက်၊ ၂၁/၂၂-၃-၂၀၁၇ရက်(အင်္ဂါ/ဗုဒ္ဓဟူးနေ့)များတွင် ထားဝယ်သံဝေဂဆရာတော်ဦးသောမ မှ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါမည်။

(၃) ၁၃၇၈ခုနှစ် တပေါင်းလကွယ်နေ့ ၂၇-၃-၂၀၁၇ရက်(တနင်္လာနေ့) ညတွင် အေးမင်းအောင် ရန်ကုန်မင်္ဂလာဆိုင်းတော်ဖြင့် ဧည့်ခံဖျော်ဖြေပါမည်။

**အချိန်** - ဗုဒ္ဓမြတ်စွယ်တော်အား မွန်းလွဲ ၁း၃၀နာရီတွင် ဖွင့်လှစ်အပူဇော်ခံပါမည်။

**နေရာ** - လက်ပံတန်းမြို့နယ်၊ ဇီးဖြူကုန်းရွာမ ဗုဒ္ဓမြတ်စွယ်တော်တိုက်၊ ပဲခူးတိုင်းဒေသကြီး

## ဖြူးမဟာစည်(ရန်ကုန်)
## (၁၃)ကြိမ်မြောက်
## ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကမာရွတ်ဘူတာရုံအနီး၊ ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး မိန့်မြွက်ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်လျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၃)ကြိမ်မြောက် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက် (အင်္ဂါနေ့)မှစ၍ နှောင်းတန်ခူးလဆန်း ၃ရက် (ကြာသပတေးနေ့)အထိ(၂၁-၃-၂၀၁၇ရက်မှ ၃၀-၃-၂၀၁၇ရက်)ထိ ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည် ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရ M.A, Ph.D နိုင်ငံတော်ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ပြည်တွင်းပြည်ပ မဟာစည်နာယက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်သူမြတ် ဦးဆောင်၍ ဖြူးဆရာတော်၏ တပည့်ဓမ္မကထိက သံဃာတော်များက နေ့စဉ် မွန်းလွဲ ၂ နာရီမှစ၍ ညနေ ၅ နာရီအထိ သင်ကြားပြသမည်ဖြစ်ရာ တက်ရောက်သင်ကြားလိုသော ကျောင်းသားကျောင်းသူများကြိုတင်စာရင်းပေးသွင်းနိုင်ရန်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကလေးငယ်များအတွက် စာအုပ်၊ ဘောလ်ပင်၊ အာဟာရဒါန လှူဒါန်းလိုသူများသည် **အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၉-၇၈၈၇၉၇၇၅၄၊ ၀၉-၅၀၁၇၅၅၄** တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပလက်ဝမြို့နယ်၊ ရွှေလိုက်ဝကျေးရွာနေ ဦးခိုင်လော့ ၄/ပလဝ(နိုင်)၀၁၇၆၀၈၏သမီး မ-ငွန်ရှစ်နိူင်း (ခ) မ-ထားထားနိုင် ၄/ပလဝ(နိုင်)၀၅၅၈၁၈သည် တစ်ဦးတည်းဖြစ်ကြောင်းနှင့် ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၂၀-၄-၁၉၉၆ ဖြစ်ပါကြောင်း။

**မ-ငွန်ရှစ်နိူင်း(ခ)မ-ထားထားနိုင်**
**၄/ပလဝ(နိုင်)၀၅၅၈၁၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Chindwin-Ayeyar Confluence Trading Co.,Ltd ၏ သွင်းကုန်လိုင်စင်အမှတ် W Q IL 16-17 3158 (10/ 8/2016) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၄၅၀၅၃၉၃၅၅**

## မင်းပြားမြို့နယ်အသင်း(ရန်ကုန်)

မင်းပြားမြို့နယ်အသင်း(ရန်ကုန်)၏ (၂၈)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး ၂၀၁၇ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရသံဃာတော်(၃)ပါးအား ဂုဏ၀ိသိဋ္ဌပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲများကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ မင်းပြားမြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုံညီစွာတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အသက် (၇၅)နှစ်နှင့်အထက် အသင်းဝင်များနှင့် မိဘများ၊ ၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင်များ၏ သားသမီးများသည် ဦးထွန်းလှခိုင် ဖုန်း-၀၉-၄၂၀၀၆၅၈၃၊ ဦးမောင်ဖြူချေ ဖုန်း-၀၉-၇၉၇၇၇၉၄၂၁၈တို့ထံတွင် အချိန်မီဆက်သွယ်စာရင်းပေးပို့ကြပါရန်။


**အခမ်းအနားအစီအစဉ်**

နေ့ရက် - ၁၉-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၀၀နာရီ
နေရာ - ရခိုင်ပြည်နယ် ဓမ္မာရုံ၊ ရွှေတိဂုံအရှေ့ဘက်မုခ်အနီး (နေ့လယ်စာအား ရခိုင်အစားအစာဖြင့် ကိုယ်တိုင်ချက်ပြုတ်ကျွေးမွေးပါမည်။

**အလုပ်အမှုဆောင်အဖွဲ့**

## အမှတ်(၁)ဒေသကောလိပ် (ရန်ကုန်)၊
## ရန်ကုန်တက္ကသိုလ်(ဗိုလ်တထောင်နယ်မြေ)၊ ဗိုလ်တထောင်ကောလိပ်
## ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ

အာစရိယပူဇော်ပွဲကို ရန်ကုန်တက္ကသိုလ်(ဗိုလ်တထောင်နယ်မြေ)၊ ယခင်(RC1) ခန်းမ၊ ယခု အမျိုးသား စီမံခန့်ခွဲမှု ဒီဂရီကောလိပ် ခန်းမ၌ (၁၉.၃.၂၀၁၇)၊ တနင်္ဂနွေနေ့၊ နံနက် (၉း၀၀) အချိန်တွင် ကျင်းပမည်ဖြစ်ပါ၍ ကန်တော့ခံဆရာ/ဆရာမများနှင့် (၁၉၇၆မှ ၁၉၉၆)အတွင်း ကျောင်းသား/သူ ဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မည်သူမဆို တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ (၃၁.၃.၂၀၁၇)နေ့တွင် အသက်(၆၀)ပြည့်ပြီး လုပ်သက်(၁)နှစ်ရှိပါက၊ ကန်တော့ခံ တက်ရောက်နိုင်ပါသည်။ မိတ်ဆုံညစာစားပွဲကို M3 Food Center တွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် လက်မှတ်တစ်စောင်လျှင် ၁၂၀၀၀ိ/-ကျပ်ဖြင့် ဝယ်ယူနိုင်ပါသည်။ ဆဋ္ဌမအကြိမ်အာစရိယပူဇော်ပွဲ၏ နောက်ဆုံးအစည်းအဝေးကို (၁၂.၃.၂၀၁၇)ရက်နေ့ မွန်းလွဲ(၁း၀၀)နာရီတွင် ကျင်းပမည်ဖြစ်ပါသောကြောင့် စုံညီစွာ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။



## ဘဒ္ဒန္တသြဘာသ
## နိုင်ငံတော်သံဃမဟာနာယက
## အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

နိုင်ငံတော်က ဆရာတော်ကြီးကို ထိုက်တန်သော ဘွဲ့ထူးများ ပေးအပ်ခဲ့ပါသည်။ ရေတာရှည်မြို့နယ်နေ ဒါယကာ/ ဒါယိကာမများက အထူးဂုဏ်ယူ ချီးကျူးဝမ်းမြောက်ကြပါသည်။ ဆရာတော်ကြီး ဒီထက်သက်တော်ရာကျော်ရှည်စေကြောင်းနှင့် နိုင်ငံတော်၏ ဘာသာ၊ သာသနာရေးများကို ဆထက်တပိုး ထမ်းရွက်နိုင်ပါစေကြောင်း မေတ္တာပြို့ ဆုတောင်းကြပါသည် အရှင်ဘုရား....

**ဒါယကာ၊ ဒါယိကာမများ**

**ဦးခင်မောင်ထွေး-ဒေါ်မြင့်မြင့်သွင်၊ ဦးခက်တင်၊ ဦးသိန်းဆွေ၊**
**ဦးမြသိန်း-ဒေါ်သိန်းနွဲ့မိသားစု ရေတာရှည်မြို့**

## ဓမ္မာစရိယစာသင်သား သီလရှင်များကို ဖိတ်ခေါ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဇော်ဘွားကြီးကုန်းရပ်ကွက်၊ မြကန်သာကျောင်းလမ်း လင်းမနောဟရ သီလရှင်စာသင်တိုက်တွင် (၁၃၇၉ခုနှစ် ကဆုန်လဆန်း ၉ရက်) ၄-၅-၂၀၁၇ ရက်မှစ၍ စာပေကျွမ်းကျင်ဆရာတော်များက ဓမ္မာစရိယ ကျမ်းရင်းသုံးကျမ်းကို ပို့ချပါမည်။ သို့ဖြစ်ပါ၍ စာသင်ကြားလိုသော သီလရှင် (ဆရာလေးသိက္ခာရှင်)များကို (၁၃၇၉ခုနှစ် ကဆုန်လဆန်း ၁ရက်) ၂၆-၄-၂၀၁၇ ရက်မှစ၍ လက်ခံပါမည်။

စာပေသင်ကြားစဉ် ဆွမ်းဆန်မရပ်ရဘဲ စားစရာ၊ နေစရာ ပြည့်စုံစွာ စီစဉ်ပေးပါမည်။

ဦးရေကန့်သတ်ချက်ကြောင့် ဆောလျင်စွာလျှောက်ထားနိုင်ပါပြီ။

**ဖုန်း-** ဆရာကြီး ဒေါ်အညေသီ ဖုန်း-၀၉-၅၁၉၃၈၈၆
ဆရာကြီး ဒေါ်ပညာစာရီ ဖုန်း-၀၉-၄၂၁၁၁၈၆၉၈

## ပုလဲရတုမင်္ဂလာနှစ်ပတ်လည်

ချစ်ပါပါ ဦးကျော်သောင်း [ဒုတိယညွှန်ကြားရေးမှူး၊ ကျောက်မဲခရိုင်၊(ထွေ/အုပ်)]၊ ချစ်မေမေ ဒေါ်ညို (အကြီးတန်းစာရေး-ငြိမ်း၊ ထွေ/အုပ်)တို့၏ ၁၂-၃-၂၀၁၇ ရက်တွင် ကျရောက်သော နှစ်(၃၀)ပြည့် ပုလဲရတု မင်္ဂလာနှစ်ပတ်လည်နေ့မှသည် နှစ်ပေါင်း (၁၂၀)တိုင် မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်၍ လောကီ၊ လောကုတ္တရာအကျိုးများ ဆတက်ထမ်းပိုး သယ်ပိုးနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သားသမီးများ**
**ဗိုလ်မှူးရဲနိုင်ဝင်း-မညိုမီကျော်**
**မောင်အောင်ဖြိုးပိုင် (ခေတ္တ USA)**
**မောင်အောင်ကိုနိုင် (MV.Paragon Pescadores))**
**မခင်မိုးသူ (Final Year)**

## လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ငပုတောမြို့နယ်၊ ပြင်ခရိုင်မြောက်ကျောင်းတိုက်၊ သာသနာ့ဇောတိကဓမ္မဗိမာန်တော်ကြီး အလှူ့ရှင်၊ ဒေါ်သန္တာဝင်း (MD-ထွဏ်းခေတ် ကုမ္ပဏီလီမိတက်)အား နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ဖြင့် **သုဓမ္မသီဂိ**ဘွဲ့ချီးမြှင့်ခံရသည့်အတွက် ပြင်ခရိုင် ကျွန်းသူ ကျွန်းသားများနှင့်အတူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်နောင်တွင်လည်း နိုင်ငံနှင့်သာသနာတော်အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်းဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

**ဦးအေးမြင့်၊ ဒေါ်ခင်သိန်းမြင့်၊ ညီမဆရာမကြီးဒေါ်သန်းညိုမိသားစု ပြင်ခရိုင်၊ ငပုတောမြို့နယ်**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၃၇၈၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (နေပြည်တော်)**

## မြောက်ဦးဆရာတော်၏ (၆၁)ကြိမ်မြောက် (ရန်ကုန်)
## (သင်္ကြန်)အထူးအလုပ်ပေးတရားစခန်း

**နေရာ** - ရတနာမာရ်အောင် တောရဓမ္မရိပ်သာ၊ နွယ်သာကီလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်။

**တရားစခန်းရက်** - ၁၃၇၈ခုနှစ် တန်ခူးလပြည့်နေ့မှ ၁၃၇၉ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ရက်အထိ ၁၁-၄-၂၀၁၇ရက်မှ ၂၁-၄-၂၀၁၇ရက်အထိ

**စာရင်းလက်ခံမည့်ရက်** - ၁၃၇၈ခုနှစ် တန်ခူးလဆန်း ၅ရက် ၁-၄-၂၀၁၇ (စနေနေ့) နံနက် ၉း၀၀နာရီမှ ညနေ ၃း၀၀နာရီအထိ (ဦးရေကန့်သတ်ထားပါသည်။ ဦးရာလူစနစ်လက်ခံပါသည်။)

**မှတ်ချက်** - တရားစခန်းဝင်မည့်သူကိုယ်တိုင်နိုင်ငံသားစိစစ်ရေးကတ်(မူရင်း)ဖြင့်စာရင်းပေးသွင်းပါရန်နှင့် ဆွမ်းစရိတ်ငွေ(၅၀၀၀ိ/)ကျပ်ကို တစ်ပါတည်းပေးသွင်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (ကျန်းမာရေးမကောင်းသူများကိုလက်မခံပါ။)

**လမ်းညွှန်**

မင်္ဂလာဒုံအဝေးပြေးဝင်းမှ အမှတ်(၃)လမ်းမအတိုင်းသွား၍ ရခိုင်ကျောင်းမှတ်တိုင်မှ မြောက်ဦးကျောင်းလမ်းညွှန်အတိုင်းကြွလာပါ။

**ဓမ္မဝန်ဆောင်အဖွဲ့(ရန်ကုန်)**
**ဖုန်း-၀၉-၄၂၁၁၄၃၂၀၊ ၀၉-၄၄၈၀၃၂၂၇၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (စစ-၈)၊ ဦးပိုင်အမှတ် (၁၃၁/က)၊ ၅၂× ၅၃ကြား၊ ဘုရင့်နောင်×အောင်ဇေယျလမ်းကြားရှိ ဦးခင်မောင်ကြည်အမည်ဖြင့် မန္တလေးအနောက်တောင်မြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှချထားပေးသော မြေကွက်အား (ဘ)ဦးခင်မောင်ကြည်၊ (မိ)ဒေါ်နန်းဝေတို့အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သောသားသမီးများဖြစ်သည့် ဒေါ်မိုးမိုးလွင် ၉/ခမစ(နိုင်)၀၀၀၂၆၀၊ ဒေါ်ခိုင်ခိုင်ကြည် ၉/ခမစ(နိုင်)၀၀၀၂၆၂၊ ဒေါ်သန်းသန်းအေး ၉/ခမစ(နိုင်)၀၀၀၂၆၁၊ဦးအေးမင်း ၉/ခမစ(နိုင်)၀၀၀၂၆၃ နှင့် ဒေါ်အိအိထွေး ၉/ခမစ(နိုင်)၀၂၃၈၀၇ တို့မှ မြေကွက်ချထားပေးမည့်အကြောင်းကြားစာ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့်ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၂-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၂၆တွင် ဦးလှမြင့်နိုင်၊ ဦးဝင်းစိန်တို့မှ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာပါ နှစ်၆၀ဂရန် (သက်ကုန်) မြေအစား နှစ်၉၀ဂရန်(သက်ကုန်)မြေဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ရှိ တိုက်ခန်းကို တိုက်ခန်းနေရာချထားခြင်းခံရသူတို့ထံမှ အဆင့်ဆင့်ဝယ်ယူထားသူက တိုက်ခန်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါ်တင်ရီ<br>CE-၀၀၀၄၀၄<br>ဦးဟင်နရီသွင်<br>၁၂/ဒဂမ(နိုင်)၀၁၀၃၇၄(မှ)<br>ဦးဟင်နရီသွင်<br>၁၂/ဒဂမ(နိုင်)၀၁၀၃၇၄(မှ)<br>ဒေါ်ထူးထူး<br>BHN-၀၁၄၂၇၆(မှ)<br>ဒေါ်ညိုညို<br>၁၂/တကန(နိုင်)၀၀၀၆၃၂(မှ)<br>ဒေါ်ဖြိုးကေသွယ်<br>၁၃/နဆန(ဧည့်)၀၀၀၃၆၆(မှ) | ဒေါ်နန်းဟွမ်မို<br>၁၃/နဆန(နိုင်)၀၂၃၇၉၉ | တိုက်အမှတ် ၇၊<br>အခန်းအမှတ် ၅၉၊<br>ရွှေဂုန်ရိပ်မွန်အိမ်ရာ၊<br>ဗဟန်းမြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## မြေကွက်ရောင်းမည်

ဘဏ်လုပ်ငန်းလုပ်ကိုင်ရန် နေရာကောင်း၊ ပဲခူးမြို့ ရွှေမော်ဓောဘုရား၊ သီရိပဟံသာခန်းမ၊ ရွှေဝါထွန်းဟိုတယ်၊ မြို့တော်ခန်းမတို့ အလယ်နားရှိ ထောင့်ကွက်ဂရန်ပိုင်ရှင်အမည်ပေါက် ရောင်းမည်။

**ဖုန်း-၀၉-၅၃၀၂၅၆၂၊ ၀၉-၇၆၅၃၀၂၅၆၂၊ ၀၉-၇၈၉၄၆၇၆၃၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး၊ ကုန်စိမ်း/ကုန်စုံဆိုင်ခန်း ရုံအမှတ် ၃၇၊ ဆိုင်ခန်းအမှတ် ၀၂၄ အား နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ချိုင်းကျေးရွာနေ ဒေါ်ငွေးငွေးမြင့် ၁၂/ဒဂတ(နိုင်)၀၃၃၀၁၈အမည်ပေါက်ပိုင်ဆိုင်ပြီး ဒေါ်ငွေးငွေးမြင့် ကွယ်လွန်သွားပါသဖြင့် သမီးဖြစ်သူ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ချိုင်းကျေးရွာနေ ဒေါ်မီမီမြတ် ၁၂/ဒဂတ(နိုင်) ၀၃၃၀၁၉ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း ဒါယကာကြီး**

## ပါမောက္ခ ဦးနော်မန်လှ

**အသက်(၇၄)နှစ်**

ပင်လုံဆေးရုံများအုပ်စု၏ လေးစားအားထားရပါသော ဆရာကြီး ပါမောက္ခ ဦးနော်မန်လှ [ပါမောက္ခ၊ ဌာနမှူး ခွဲစိတ်ကုပညာဌာန(ငြိမ်း) ဆေးတက္ကသိုလ်-၁ ရန်ကုန်၊ အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့]သည် ၁၀-၃-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

**BOD အဖွဲ့နှင့်ဝန်ထမ်းများ**
**ရွှေဂုံတိုင်ဆေးရုံမိသားစု**
**Women's Centre မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းစိန် (မြိတ်မြို့)

**အသက်(၉၁)နှစ်**

မြိတ်မြို့၊ အလယ်ကျွန်းရပ်၊ ဓမ္မာရုံလမ်း၊ အိမ်အမှတ် ၅၆၉နေ မြိတ်အများပိုင် ကော်ပိုရေးရှင်းလီမိတက်၏ ရှယ်ယာရှင်ဖြစ်သူ ဦးယဉ်ထွေး-ဒေါ်မြို့ရီတို့၏မိခင် ဒေါ်သန်းစိန်သည် ၉-၃-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်**

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တသူရိယမဟာထေရ်

**ရွှေကျောင်းကြီးဆရာတော်**

**သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၁)ဝါ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ မုံရွေးကျေးရွာ၊ ရွှေကျောင်းကြီး ဆရာတော် ဘဒ္ဒန္တသူရိယသည် (၁၃၇၈ခုနှစ် တပေါင်းလဆန်း ၁၁ရက်) ၈-၃-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက်) ၁၆-၃-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် စံကျောင်းမဏ္ဍိုင်သို့ ပင့်ဆောင်၍ (၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၅ရက်) ၁၇-၃-၂၀၁၇ရက် (သောကြာနေ့)တွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း ဒါယကာကြီး**

## ပါမောက္ခ ဦးနော်မန်လှ

**ပါမောက္ခ/ဌာနမှူး (ခွဲစိတ်ကုပညာဌာန၊ ငြိမ်း)**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**
**M.B.,B.S, F.R.C.S.(London), F.R.C.S (Edin), F.I.C.S**
**အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**
**အသက်(၇၄)နှစ်**

ပါမောက္ခ ဦးနော်မန်လှ ပါမောက္ခ/ဌာနမှူး (ခွဲစိတ်ကုပညာဌာန၊ ငြိမ်း)၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)သည် ၁၀-၃-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းမြင့်-ဒေါ်မြင့်မြင့်**
**(သိန်းရတနာမိသားစု)**
**မန္တလေးမြို့**

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဘွားဘွားကြီး ဒေါ်သန်းမှီ

**အသက်(၈၆)နှစ်**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ သိုက်ဝါးကုန်းကျေးရွာနေ (ဦးစောမောင်)၏ဇနီး၊ (ဦးဘငြိမ်း)-ဒေါ်တင်ရီ၊ (ဦးအောင်သိန်း-ဒေါ်မိမိတင်)၊ ဗိုလ်မှူးကြီး စံပြည့်(ငြိမ်း)-ဒေါ်အေးအေးသန်း၊ (ဦးကျော်ဝင်း-ဒေါ်သန်းမေ)၊ (ဦးဝင်းဖေ)၊ ဦးစံရွှေ-ဒေါ်အဲထင်၊ (ဒေါ်ညွန့်မေ)၊ ဦးဝင်းမောင်-ဒေါ်မြင့်မြင့်မော်၊ ဒေါ်ညွန့်ရီ၊ ဦးဘိုလွင်-ဒေါ်မြင့်မြင့်စိန်၊ ဦးမြင့်လွင်-ဒေါ်ခင်စန်းဝင်း၊ ဒေါ်မြင့်မြင့်ထွေး၊ ဦးအောင်စန်းထွေးတို့၏မိခင်၊ မြေး ၂၈ယောက်၊ မြစ် ၂၂ယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၃-၂၀၁၇ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၇ရက်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

## သဲအင်းဂူဆရာတော် ဦးဥတ္တရ (လားရှိုး)

**သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ**

လားရှိုးမြို့၊ (၉)ရပ်ကွက်၊ သဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊ ရန်ကုန်တမြို့လုံးဆိုင်ရာ သဲအင်းဂူ သာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ မူလ သဲအင်းဂူဆရာတော်ကြီး၏ အန္တေဝါသိကတပည့်ရင်း ဘဒ္ဒန္တဥတ္တရ(လားရှိုးဆရာတော်)သည် (၁၃၇၈ခုနှစ် တပေါင်းလဆန်း ၁၁ရက်) ၈-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ၁၁း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၆ရက်) ၁၈-၃-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ လားရှိုးမြို့၊ (၉)ရပ်ကွက်၊ သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက်သို့ ကြွရောက်ကြပါရန် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်တမြို့လုံးဆိုင်ရာ သဲအင်းဂူ သာသနာပြုအဖွဲ့
မိုးကောင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

---

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၃-၂၀၁၇ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၁)ပါ ဘွားဘွားကြီး ဒေါ်သန်းမှီ အသက်(၈၆)နှစ် နာရေးကြော်ငြာတွင် ၁၂-၃-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်၌ သင်္ဂြိုဟ်မည်စာသားများအစား ၁၂-၃-၂၀၁၇ရက်တွင် သင်္ဂြိုဟ်မည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

## ဒေါ်သောင်းပိုင် (ငါန်းဇွန်)

**အသက်(၈၀)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွှေယင်းမာလမ်း၊ ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍလာနန္ဒ၏ ကျေးဇူးရှင်မိခင်ကြီးသည် ၁၁-၃-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၇ ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခ ဒေါက်တာဦးနော်မန်လှ

**ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ (ခွဲစိတ်ကုပညာဌာန)**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**
**အသက်(၇၄)နှစ်**

၁၀-၃-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါက်တာ ဒေါ်မိုးမိုးလွင် အသက်(၇၁)နှစ်

**M.M.B.S, DCH (ကလေးအထူးကု)**

ဆုထူးပန်သာသာသနာနုဂ္ဂဟအသင်းကြီး၏ တွဲဘက်အတွင်းရေးမှူးဖြစ်သူ ဒေါက်တာ ဒေါ်မိုးမိုးလွင်သည် (၆.၃.၂၀၁၇) ရက်နေ့တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆုထူးပန်သာသာသနာနုဂ္ဂဟအသင်းကြီး**
**ဆုထူးပန်ပရိယတ္တိရွှေကျင်ကျောင်းတိုက်**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

---

## ဒေါ်ဝါဝါအောင်

**(အထက-သုဝဏ္ဏ**
**သင်္ဃန်းကျွန်းမြို့နယ်)**
**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လက်ပန်လမ်း၊ အမှတ် ၁၉(သုံးလွှာ)နေ (ဦးမြင့်သိန်း - ဒေါ်ကြည်ကြည်)တို့၏ သမီးချွေးမ၊ (ဦးအောင်သိန်း-ဒေါ်သန်းစိန်)တို့၏သမီး၊ဒေါ်နုနု၏တူမ၊ဦးမောင်မောင်ဦး-ဒေါ်မိငယ်၊ ဦးအေးလွင်-ဒေါ်နီနီအောင်(ခ)ဒေါ်ရွှေစင်၊ (ဒေါ်ဖြူဖြူအောင်)၊ ဦးဝင်းငွေ -ဒေါ်ညိုညိုအောင်တို့၏ညီမ၊ ဦးမောင်မောင်ဇော်-ဒေါ်နှင်းယုကြည်၊ ဦးမောင်မောင်တာ-ဒေါ်နီနီဝင်းတို့၏အစ်မ၊ ဦးစိုးအောင်(အုပ်ချုပ်ရေးမှူး၊ ဗိုလ်တထောင်မြို့နယ်)၏ ချစ်လှစွာသောဇနီး၊ ကိုဥက္ကာအောင်-မနှင်းဝတ်ရည်ကျော်၊ မောင်ထူးချွန်အောင်၊ မောင်ထင်လင်းတို့၏မိခင်၊ မောင်ညီလင်းခန့်(ခ)ကြက်ပေါက်လေး၊ မမှူးသခင်တို့၏အဘွားသည် ၁၁-၃-၂၀၁၇ရက်(စနေနေ့)နံနက် ၁၀း၃၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၃-၂၀၁၇ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစိုင်းလှကျော် (ကြည့်မြင်တိုင်)

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**
**ပြည်ထောင်စုရှေ့နေချုပ်ရုံး**
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရှမ်းရွာ ၂လမ်း၊ အမှတ် ၃နေ (ဦးမြမောင်-ဒေါ်မြကြွယ်)တို့၏ သား၊ (ဦးကျင်ရှောင် - ဒေါ်သန်း)တို့၏သားသမက်၊ ဦးဝင်းတင်(အရာခံဗိုလ်၊ ငြိမ်း၊ တပ်မတော်-ရေ) - ဒေါ်တင်တင်ဝင်းတို့၏မောင်၊ ဦးမြင့်လွင်(ရိုးရာလက်ဖွေ့ GTG)-ဒေါ်လွင်လွင်ငြိမ်း၊(ဦးဝင်းမော်)၊ (ဦးနေဝင်း)တို့၏အစ်ကို၊မထက်ထက်စံ (မြို့နယ်ဥပဒေအရာရှိ၊ ဟိုပုံးမြို့နယ်ဥပဒေရုံး)၊ မထားထားစံ (ဦးစီးအရာရှိ၊ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး)၊ မသက်သက်စံတို့၏ဖခင်၊ဒေါ်ဝင်းကြည် (ဦးစီးမှူး၊ ငြိမ်း၊ သ/မဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ တူ၊တူမခြောက်ယောက်၊ မြေးငါးယောက်တို့၏ ဘိုးဘိုးကြီးသည်၁၀-၃-၂၀၁၇ရက်(သောကြာနေ့) ည ၉း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်အုန်းမြ (ပြင်ရွာ)

**အသက်(၇၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ပြင်ရွာကျေးရွာနေ (ဦးဖိုးကြာ-ဒေါ်သေးမျှင်)တို့၏သမီးချွေးမ၊ (ဦးကြာ-ဒေါ်စိန်ရင်)တို့၏သမီး၊ (ဦးလှစိန်)၏ဇနီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မဓာဝီလမ်းနေ (ဦးမောင်မောင်စိုး)-ဒေါ်သန်းသန်းဦး (ဒို့ခေတ် ကုန်စုံဆိုင်)၊ ဦးဇော်ဝင်း - ဒေါ်တင်တင်မူ၊ မမြင့်မြင့်ထား (ထက်အာကာ ကဖီး)၊ ဦးကျော်နိုင်ထွန်း-မခင်မာဦး၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားအိမ်ရာနေ ကိုသက်နိုင်ထွန်း-မချိုဇင်ဝင်း(ထွက်ပေါက်ကဖီး)တို့၏မိခင်၊မြေး ၁၇ယောက်တို့၏အဘွားသည် ၁၁-၃-၂၀၁၇ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၃-၂၀၁၇ရက် (တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၃-၂၀၁၇ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မေသက်ခိုင်(ခ)မျိုးမျိုး

**အသက်(၄၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နေ ဦးသိန်းရီ (အငြိမ်းစား၊ မြန်မာ့ဆားလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီး)-ဒေါ်လှတင်တို့၏သမီး၊ ဦးဝင်းကိုမင်း(ခေတ္တ-မလေးရှား)၏ဇနီး၊ ဦးစိုးမိုး(ဗိုလ်ကြီး၊ ငြိမ်း) - ဒေါ်ကျော့ကေခိုင်တို့၏အစ်မ၊ ဦးအောင်လင်းဦး-ဒေါ်အေးစုခိုင်တို့၏အစ်မ၊ မမြတ်ဆုသွယ်၊ မဆုလဲ့ဖြူ၊ မောင်မင်းသန့်ဇင်တို့၏ အဒေါ်သည် ၁၀-၃-၂၀၁၇ရက် ညနေ ၆း၃၀နာရီတွင် (ခုတင်-၅၀၀) အသည်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၇ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူး မျိုးမောင်မောင်ထွန်း

**ကြည်း/၃၄၅၂၇**

**ဒုတိယတပ်ရင်းမှူး၊ (DSA - 44 Intake)**

၇-၃-၂၀၁၇ရက်တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့သည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်(၄၄)မှ သူငယ်ချင်းများ**

---

### ခရစ်တော်၌အိပ်ပျော်ခြင်း

## Rev. Dr. Robert Thawng Hlei

**Senior Pastor, Chin Baptist Church,Yangon**

**အသက်(၇၁)နှစ်**

ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊Lumbang ကျေးရွာနေ (U Lian Nawn-Daw Duh Sia)တို့၏သား၊ (Rev.Bawka-Daw Bual Thangi)၊ ကလေးမြို့နယ်၊ တပ်ဦးသီတာ-ကားကြီးဝိုင်းအရှေ့နေ U Mang Vum-Daw Ngam Sia တို့၏သားသမက်၊ (Daw Kawl Vel-U Hlei Kap), (Daw Ngun Vel- U Khua Dim),(U Lan Vum-Daw Tlun Vel), (Daw Nuam Vum-U Hlur Sum),Daw Tial Ci- (U Tawk Tin), Daw Khua Cer- (U Lal Mang)တို့၏ ညီ/မောင်၊ Daw Nuam Khim-Saya Biak Cin တို့၏အစ်ကို၊ Daw Lar Mawi (ခ)လာမောရီ (Director,Myanmar Juyoung Engineering Co., Ltd)-U Zo Than Sang (Director,Myanmar Juyoung Engineering Co.,Ltd), Daw Dina Lal Lian Mawi- U Mang Khan Cin Khai(ခေတ္တ-USA)၊ Daw Nun Par Mawi(USA)-Pastor Chan Maung(USA), Daw Charity Thian Rem Mawi(USA)-Major Darryl Lamberth (Asst Chief of Staff Logistics,2d Marine Logistics Group,Camp Lejeune--USA),Ma Lucy Thian Daih Khim တို့၏ ချစ်လှစွာသောဖခင်၊ Rhema Huai San Khai,Eden Khai Thawng Lian,Ethan Thawng Lian Sang, Esli Van Bawi Bik Chan, Sarah Thian Nunmawi Chan,Jonathan Van Tin Thawng, Charis Nissi Thian Mawi, Evan Lal Pek Lian, Peyton Lal Pek Sang တို့၏အဘိုး၊ (Daw Sap Than Hnun), Daw Ngun Ve တို့၏ ချစ်လှစွာသောခင်ပွန်းသည် ၉-၃-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၉း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၄-၃-၂၀၁၇ရက် (အင်္ဂါနေ့)နံနက် ၁၀နာရီတွင် အမှတ် ၁၂၅၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်၌စျာပနဝတ်ပြု ဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမင်းမင်းထွန်း(ခ)သားကြီး

**တိုနီထွန်းထွန်း (Beauty Center)**

**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၂၄၊ ဗဟိုလမ်းနေ(ဦးဝင်းတင်-ဒေါ်ခင်စန်းဝင်း)တို့၏သား၊ သာယာဝတီမြို့နေ ဦးကိုဝင်း-ဒေါ်ချိုချိုလှိုင်တို့၏သားသမက်၊ ဒေါ်ဝါဝါကျော်၏ခင်ပွန်း၊ မထက်ထက်အောင်၏ဖခင်သည် ၁၁-၃-၂၀၁၇ရက် (စနေနေ့) နံနက် ၇း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၇ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၇ ရက်(သောကြာနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစိန်ဘန်း

**အသက်(၇၈)နှစ်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သိပ္ပံလမ်းနေ ကိုလှမျိုး-မငြိမ်းငြိမ်းအိတို့၏ဖခင်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် ၇၊ အခန်း ၂၁နေ ဒေါ်ထွေးရီ၏ခင်ပွန်းသည် ၁၁-၃-၂၀၁၇ရက် (စနေနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဇော်လင်းဦး

**M.D, SET HLAN Co., Ltd.**

**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အမှတ် ၃၇၊ ပွဲစားလမ်းနေ (ဦးသာထွန်း-ဒေါ်သန်းသန်း)၊ (ဦးစု-ဒေါ်ကြည်)တို့၏မြေးဦး၊ ဦးသန်းထွန်း(IBC)-ဒေါ်သန်းသန်းနွယ်တို့၏သားကြီး၊ ဦးမောင်မောင်သန်း-ဒေါ်ကြူကြူမာတို့၏တူ၊ ဒေါ်မိုးခင်အိ(တရားလွှတ်တော်ရှေ့နေ)၊ ဦးထိန်လင်းအောင်၊ ဦးညဏ်လင်းအောင်(ခေတ္တ-USA)၊ မခင်စုစုအောင်တို့၏အစ်ကို၊ ဒေါ်နီနီမောင် (Myanmar DHL Co., Ltd.)တို့၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မြတ်ကိုကို (အမက-၁၊ ဗဟန်း)တို့၏ဖခင်၊ ကိုကိုခန့်စည်ပိုင်(IISY )တို့၏ ဘကြီးသည် ၁၁-၃-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃-၃-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၃-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဇော်လင်းဦး

**M.D, SET Co., Ltd.**

**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၃၇၊ ပွဲစားလမ်းနေ ဦးသန်းထွန်း-ဒေါ်သန်းနွယ်တို့၏သား၊ ဦးထိန်လင်းအောင်၊ မမိုးခင်အိတို့၏အစ်ကို၊ အမှတ် ၁၉၈၇၊ နိဗ္ဗာန် ၃လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးမင်းမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ငြိမ်း)-ဒေါ်ခင်မိမိတို့၏ သားသမက်၊ ဒေါ်နီနီမောင်(Myanmar DHL Co., Ltd.)ခင်ပွန်း၊ မောင်မြတ်ကိုကို(အမက-၁၊ ဗဟန်း၊ စတုတ္ထတန်း-ခ)၏ဖခင်၊ မနှင်းအိဝေ(Unitean Marine YGN )တို့၏ အစ်ကိုသည် ၁၁-၃-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (ကြည့်မြင်တိုင်မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဝန်ဆောင်မှုကိုအခြေခံသော ဘတ်စ်ကားစနစ်အဖြစ် ပြောင်းလဲမည်

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် မတ် ၁၁**
ရန်ကုန်မြို့၏ ဘတ်စ်ကားသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုကို အခြေခံသည့် ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးစနစ်သို့ ပြောင်းလဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောကြားသည်။

"ကျွန်တော်တို့ ရန်ကုန်ဘတ်စ်ကားအများနဲ့သက်ဆိုင်သော ကုမ္ပဏီလီမိတက်အနေနဲ့ ယနေ့ ရန်ကုန်မြို့သယ်ယူပို့ဆောင်ရေး YBS စနစ်ရဲ့ ရှေ့ပြေးလို့ဆိုရမှာဖြစ်ပါတယ်။ တစ်နှစ်တာအတွင်း အကောင်းဆုံးဝန်ဆောင်မှုတွေနဲ့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ရှေ့ဆက်လက်ပြီးတော့လည်း ဝန်ဆောင်မှုကိုအခြေခံတဲ့ ဘတ်စ်ကားစနစ်အဖြစ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဒေါက်တာမောင်အောင်က ယနေ့နံနက်ပိုင်းတွင် ဒေါ်လ်ဖင်စားသောက်ဆိုင်၌ ကျင်းပသော ရန်ကုန်ဘတ်စ်ကားအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ပထမအကြိမ် နှစ်ပတ်လည် အစည်းအဝေးတွင် ပြောကြားသည်။

ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သော ကုမ္ပဏီ YBS ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ မတည်ငွေကျပ် ၁၀ ဘီလီယံနှင့် ပြည်သူလူထုရှယ်ယာငွေ ၃ ဒသမ ၆ ဘီလီယံနှင့် စတင်လည်ပတ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှစ၍ BRT Lite ယာဉ်များဖြင့် ပြေးဆွဲခဲ့ကြောင်း၊

*စာမျက်နှာ ၇ ကော်လံ ၁ ❍*



ရန်ကုန်မြို့၌ ခရီးသည်များကို ပို့ဆောင်ပေးနေသည့် YBS ယာဉ်လိုင်းများ

## အမျိုးသားလွှတ်တော်နှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၁၃ ရက် သတင်းစာတွင် ပါရှိမည်

**အမျိုးသားလွှတ်တော်နှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၁၃ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။**

(မြန်မာ့အလင်း)

# နိုင်ပွဲပျောက်ဆုံးနေသော ရခိုင်အသင်း နောက်ကျဂိုးဖြင့် နိုင်ပွဲပြန်ရ

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**


**ရန်ကုန် မတ် ၁၁**
၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ ရခိုင်အသင်းက GFA အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အမှတ်ပေးဇယား အောက်ဆုံးမှ GFA အသင်းအတွက် အထိနာသည့်ပွဲဖြစ်ခဲ့ပြီး နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများ သွင်းယူခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်သောကြောင့် ရှုံးပွဲဆက်ခဲ့ရသည်။ နိုင်ပွဲရခဲ့သည့် ရခိုင်အသင်းသည် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ပြီး နောက်မှလိုက်ကာ ချေပဂိုးများ သွင်းခဲ့ရသလို ပွဲပြီးခါနီး သွင်းဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၇ ကော်လံ ၅ ❂*



GFA နှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်နေစဉ်



## ဆန်းဒေးကာတွန်း

*စာမျက်နှာ - ၁၆၊ ၁၇*

## ယုံကြည်မှုနဲ့အတူ အမျိုးသမီးတွေကို ယာဉ်မောင်းသင်တန်းပေးနိုင်တဲ့အထိ ကြိုးစားနေတဲ့ YBS ရဲ့ပထမဆုံး အမျိုးသမီးယာဉ်မောင်း

*စာမျက်နှာ - ၇*




# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း
တနင်္ဂနွေ၊ မတ် ၁၂၊ ၂၀၁၇

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တစ်နှစ်တာကာလအတွင်း ပြည်သူ့အတွက် ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**မေး။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်း တစ်နှစ်တာကာလအတွင်းမှာ ဘယ်လိုဥပဒေမျိုးတွေ ဆွေးနွေးဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာ ပြောပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ။ ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးနဲ့ ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော် တည်ဆောက်ရေး၊ ပြည်သူတွေ လိုလားတောင့်တနေကြတဲ့ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော် ခိုင်မာစွာတည်ဆောက်နိုင်ရေးတို့အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေ၊ နိုင်ငံသားတွေရဲ့ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနဲ့ ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုရရှိခံစားနိုင်ရေးနဲ့ နစ်နာဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံသားတွေရဲ့ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို အကာအကွယ်ပေးရေးဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးများ ရရှိသုံးစွဲနိုင်ရေးအတွက် ငြိမ်းချမ်းစွာစုဝေးခြင်းနဲ့ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ၊ သက်ကြီးရွယ်အိုများအား ကျန်းမာရေးနှင့်လူမှုရေး စောင့်ရှောက်နိုင်ဖို့နဲ့ ဘေးကင်းလုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ရရှိနိုင်စေဖို့ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ၊ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိရေး၊ ခေတ်မီနည်းပညာတွေ အသုံးပြုနိုင်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေတို့ကို ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါ့အပြင် ကာလရှည်ကြာစွာ ပြည်သူလူထုအပေါ် ဖိစီးခဲ့တဲ့ လောကပါလတရားတွေနဲ့ ညီညွတ်မှုမရှိတဲ့ ၁၉၅၀ ပြည့် အရေးပေါ်စီမံမှုအက်ဥပဒေ၊ ဒီမိုကရေစီစံချိန်စံညွှန်း၊ လူ့အခွင့်အရေးစံနှုန်းစံထားတွေနဲ့ ကိုက်ညီမှုမရှိတဲ့ နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလိုသူများရဲ့ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်တဲ့ ဥပဒေတို့ကိုလည်း ပယ်ဖျက်နိုင်ခဲ့ပါတယ်။

**ဘတ်ဂျက်ခွဲဝေရေး**

**မေး။ ဘတ်ဂျက်ခွဲဝေရေးအပိုင်းမှာလည်း ပြည်သူလူထု တိုက်ရိုက်အကျိုးရစေဖို့အတွက် ဘယ်ကဏ္ဍတွေမှာ တိုးမြှင့်ခွင့်ပြုခဲ့တယ်ဆိုတာနဲ့ ဘာတွေစိစစ်ခဲ့တယ်ဆိုတာ သိလိုပါတယ်ခင်ဗျာ။**

ဖြေ။ ပြည်သူလူထုကိုထိရောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့နဲ့ ကျန်းမာရေးအတွက် ပြည်သူလူထုရဲ့ ဆေးကုသမှုစရိတ်တွေ လျှော့ချနိုင်ဖို့ ကျန်းမာရေးဘတ်ဂျက်ကို တိုးမြှင့်သုံးစွဲခွင့်ပြုခဲ့ပါတယ်။ အလားတူ ပညာရေးအဆင့်အတန်းမြှင့်တင်နိုင်ဖို့နဲ့ ကျောင်းသားနဲ့ မိဘအပေါ် ပညာရေးကုန်ကျစရိတ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဖို့အတွက်လည်း ပညာရေးဘတ်ဂျက်ကိုလည်း တိုးမြှင့်သုံးစွဲခွင့်ပြုခဲ့ပါတယ်။ စိစစ်တဲ့အပိုင်းမှာဆိုရင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ပြည်သူ့ဘဏ္ဍာငွေတွေ လေလွင့်ပြုန်းတီးမှုမရှိစေဖို့နဲ့ တိကျခိုင်မာတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဖြစ်စေဖို့၊ နိုင်ငံတော်နဲ့ နိုင်ငံသားများ အကျိုးစီးပွား ဖြစ်ထွန်းစေဖို့အတွက် လုပ်ငန်းစီမံကိန်းများကို စနစ်တကျ စိစစ်လေ့လာ သုံးသပ်လျက်ရှိပါတယ်။

# နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားအတွက် ပြည်သူ့လွှတ်တော်က ဖော်ဆောင်ရွက်



ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် ယခုနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လျှို့ဝှက်ဆန္ဒမဲပေးစဉ်

**မေး။ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး လွှတ်တော်အနေနဲ့ ဘယ်လိုပူးပေါင်းပါဝင်ဆောင်ရွက်နေပါသလဲခင်ဗျာ။**

ဖြေ။ အမျိုးသားရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့စပ်လျဉ်းပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲပူးတွဲကော်မတီနဲ့ အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲတွေမှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေက တက်ကြွစွာပူးပေါင်းပါဝင်လျက်ရှိပါတယ်။

**အတည်ပြုအဆိုများ**

**မေး။ လွှတ်တော်သက်တမ်း တစ်နှစ်တာအတွင်းမှာ ပြည်သူ့အတွက် ဘယ်လိုအဆိုမျိုးတွေ အတည်ပြုနိုင်ခဲ့တယ်ဆိုတာ သိလိုပါတယ်။**

ဖြေ။ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်တစ်နှစ်တာ သက်တမ်းအတွင်းမှာ အတည်ပြုခဲ့တဲ့အဆိုတွေကတော့ နိုင်ငံပိုင်မြေ၊ **အချပ်ပို (ခ)သို့**



ဒုတိယသမ္မတ ရွေးကောက်တင်မြှောက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် လျှို့ဝှက်ဆန္ဒမဲပေးစဉ်

> **ကာလရှည်ကြာစွာ ပြည်သူလူထုအပေါ် ဖိစီးခဲ့တဲ့ လောကပါလတရားတွေနဲ့ ညီညွတ်မှုမရှိတဲ့ ၁၉၅၀ ပြည့် အရေးပေါ်စီမံမှုအက်ဥပဒေ၊ ဒီမိုကရေစီစံချိန်စံညွှန်း၊ လူ့အခွင့်အရေးစံနှုန်းစံထားတွေနဲ့ ကိုက်ညီမှုမရှိတဲ့ နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလိုသူများရဲ့ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်တဲ့ဥပဒေတို့ကိုလည်း ပယ်ဖျက်နိုင်ခဲ့ပါတယ်။**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့ ကတိသစ္စာပြုကြစဉ်

**အချပ်ပို (က)မှ**


နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အလျင်စလိုငှားရမ်းရောင်းချလွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများကို အဆောတလျင်ခွင့်ပြုနေမှုစတဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ အကျိုးအတွက် အဆောတလျင် ခွင့်ပြုနေခဲ့တာတွေကို အသေးစိတ်စိစစ်ဟန့်တားထိန်းကျောင်း တည့်မတ်ပေးဖို့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအရေးကြီး အဆို၊ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ဗိုလ်ချုပ်လမ်းနဲ့ ပြည်လမ်းထောင့်မှာရှိတဲ့ ကျန်းမာရေးဝန်ကြီးဌာနပိုင်မြေကို ပွင့်လင်းမြင်သာမှုမရှိ၊ အများပြည်သူတို့ရဲ့အကျိုးကို ဖော်ဆောင်


**အချပ်ပို(ဂ)သို့**



ဆန္ဒပြုမဲလက်မှတ်များ ရွေးချယ်စဉ်

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ






| | | | | | |
|---|---|---|---|---|---|
| NLD | - | ၂၅၄ | ဦး | = | ၅၇. ၇၃ % |
| USDP | - | ၂၉ | ဦး | = | ၆. ၅၉ % |
| SNLD | - | ၁၃ | ဦး | = | ၂. ၉၅ % |
| ANP | - | ၁၂ | ဦး | = | ၂. ၇၃ % |
| PNO | - | ၃ | ဦး | = | ၀. ၆၈ % |
| TNP | - | ၃ | ဦး | = | ၀. ၆၈ % |
| ZCD | - | ၂ | ဦး | = | ၀. ၄၅ % |
| KSDP | - | ၁ | ဦး | = | ၀. ၂၃ % |
| KDUP | - | ၁ | ဦး | = | ၀. ၂၃ % |
| IC | - | ၁ | ဦး | = | ၀. ၂၃ % |
| L.N.P.P | - | ၁ | ဦး | = | ၀. ၂၃ % |
| WDP | - | ၁ | ဦး | = | ၀. ၂၃ % |
| TNH | - | ၇ | ဦး | = | ၁. ၅၉ % |
| CUP | - | ၂ | ဦး | = | ၀. ၄၅ % |
| DSPC | - | ၁၁၀ | ဦး | = | ၂၅ % |

**ရှင်းလင်းချက်။** ။ ရွေးချယ်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် - ၃၃၀ ဦး
တပ်မတော်သားကိုယ်စားလှယ် - ၁၁၀ ဦး
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း - ၄၄၀ ဦး



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမအစည်းအဝေး

**အချပ်ပို (ခ)မှ**

ခြင်းမရှိဘဲ ပုဂ္ဂလိကဆေးရုံ တည်ဆောက်ဖို့ ငှားရမ်းခြင်းကို ရပ်ဆိုင်းပေးရန်အဆို၊ ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းနဲ့ ဗိုလ်အောင်ကျော်တံတားအကြား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကပိုင်ဆိုင်တဲ့ မြေဧရိယာ ဧက၂၀ ကို အသုံးပြုပြီး ကုမ္ပဏီတစ်ခုမှ MIC ခွင့်ပြုချက်နဲ့ စာချုပ်ချုပ်ဆိုခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းကို ရပ်ဆိုင်းပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို၊ ပဲခူးမြို့ ကန်တော်ကြီးရေဝေရေလဲဒေသကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ဖို့နဲ့ မြို့လူထုအန္တရာယ်ကင်းတဲ့ သောက်သုံးရေရရှိဖို့အတွက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်တွေကို ပြန်လည်ရုပ်သိမ်းပြီး သဘာဝသစ်တော ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆို၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးတွေကို ပိုမိုမြှင့်တင် ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးတဲ့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့ကို ထိရောက်စွာအရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆို၊ တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းနေမှုကို ပြန်လည်တည့်မတ်နိုင်ဖို့အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းတဲ့အဆိုစတာတွေကို နိုင်ငံတော်နဲ့ နိုင်ငံသူနိုင်ငံသားတွေ အကျိုးစီးပွားအတွက် အတည်ပြုနိုင်ခဲ့ပါတယ်။

**နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်**

**မေး။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းအတွက်နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေတွေကို ပြောပြပေးစေလိုပါတယ်ခင်ဗျာ။**

**အချပ်ပို (ဃ)သို့**



လွှတ်တော်ကိုယ်စားလှယ်များရှေ့မှောက်၌ မဲလက်မှတ်များ စစ်ဆေးရေတွက်စဉ်

**အမျိုးသားရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲ ပူးတွဲကော်မတီနဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေက တက်ကြွစွာ ပူးပေါင်းပါဝင်လျက်ရှိပါတယ်**

အချပ်ပို (၈)မှ

ဖြေ။ လွှတ်တော်ဥက္ကဋ္ဌနဲ့ တာဝန်ရှိသူတွေက ကုလသမဂ္ဂက တာဝန်ရှိသူတွေ၊ နိုင်ငံတကာက ခေါင်းဆောင်တွေ၊ နိုင်ငံတကာလွှတ်တော်ဥက္ကဋ္ဌတွေကိုလည်း လက်ခံတွေ့ဆုံပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းစဉ်တွေ၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်တွေကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြပါတယ်။

**မေး။ ဥက္ကဋ္ဌကြီးအနေနဲ့ ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ လွှတ်တော်ရဲ့အဓိကတာဝန်ဟာ ဥပဒေပြုရေးဖြစ်တဲ့အတွက် လွှတ်တော်အနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ အကျိုးစီးပွားဖြစ်ထွန်းစေဖို့ ဥပဒေတွေပြဋ္ဌာန်းခြင်း၊ ခေတ်စနစ်နဲ့ ကိုက်ညီမှုမရှိတဲ့ ဥပဒေတွေ၊ ဒီမိုကရေစီစံချိန်စံညွှန်းနဲ့ ညီညွတ်မှုမရှိတဲ့ဥပဒေတွေ၊ လူ့အခွင့်အရေးစံနှုန်းစံထားတွေနဲ့ ဆီလျော်မှုမရှိတဲ့ ဥပဒေတွေကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးတွေကိုလည်း အားပေးထောက်ခံလျက်ရှိပါတယ်လို့ ဖြည့်စွက်ပြောကြားလိုပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်





ပြည်သူ့လွှတ်တော်အတွင်း ကိုယ်စားလှယ်များ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြစဉ်

**လွှတ်တော်ရဲ့အဓိကတာဝန်ဟာ ဥပဒေပြုရေးဖြစ်တဲ့အတွက် လွှတ်တော်အနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ အကျိုးစီးပွားဖြစ်ထွန်းစေဖို့ ဥပဒေတွေ ပြဋ္ဌာန်းခြင်း၊ ခေတ်စနစ်နဲ့ကိုက်ညီမှုမရှိတဲ့ ဥပဒေတွေ၊ ဒီမိုကရေစီ စံချိန်စံညွှန်းနဲ့ ညီညွတ်မှုမရှိတဲ့ဥပဒေတွေ၊ လူ့အခွင့်အရေးစံနှုန်းစံထားတွေနဲ့ ဆီလျော်မှုမရှိတဲ့ ဥပဒေတွေကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်**


ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ရန်အတွက် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြစဉ်



ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်




ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော်၊ စည်ပင်သာယာရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကော်မတီအဖွဲ့ကို တွေ့ရစဉ်

“

သဘာဝတရားကြီးက
ပေးအပ်ထားသည့်အလှတရားများနှင့်
ပြည့်နှက်နေသော်လည်း
လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်
မြန်မာနိုင်ငံမြောက်ပိုင်း
ကချင်ပြည်နယ်သည်
ကချင်ပြည်နယ်
အစိုးရအဖွဲ့သစ်တာဝန်ယူခဲ့သည့်
တစ်နှစ်တာ ကာလအတွင်း
ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး
အတွက် တိုးမြှင့်
လုပ်ဆောင်လျက်ရှိသော
တိုးတက်မှုပုံရိပ်များကိုလည်း
တွေ့မြင်ရသည်။

# ဘက်စုံ၊ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာသည့် ကချင်ပြည်နယ်

**●နန္ဒာဝင်း၊ ခြူးခြူး**

“ဆွမ်ပရာဘွမ်...သွေးချင်းတို့ ပျော်ရာမြေ၊ မြေပြန့်က ညီအစ်ကိုများ၊ တို့ဆီကို တစ်ခေါက်၊ အရောက်လာရင်လေ၊ ခေါင်ရေသောက်မိတ်ဆုံစား ၊ ပျော်စရာကွဲ့ တို့အများ၊ မနောအကနဲ့ ဆော့ဝတ်အတော်ကျေ၊ ရေဝတီမြစ်ဖျားအစ မေခ၊ မလိခပေါင်းဆုံ ရာဒေသ ၊ သုံးမြောင့်ပုံသဏ္ဌာန်၊ တြိဂံနယ်မြေ၊ မြောက်ပိုင်းရဲ့ ကုန်းမြင့်မှာတည်ရှိနေ၊ စိမ်းလန်းတဲ့ မြက်ခင်းများနဲ့ စိုစိုပြည်’ စသည့် မနောမြေမှ တေးသံသာ သီချင်းလေးထဲကအတိုင်း မှိုင်းညို့ညို့တောင်တန်းများနှင့် သာယာလှပသည့် ကချင်ပြည်နယ်ကို အလည်တစ်ခေါက်တော့ ရောက်ဖူးချင်ကြလိမ့်မည်။

ထိုသီချင်းထဲကအတိုင်း မေခ၊ မလိခတို့ ပေါင်းဆုံရာ ကချင်ပြည်နယ်သည် မြန်မာနိုင်ငံမြောက်ပိုင်း၌ တည်ရှိပြီး အကျယ်အဝန်းမှာ စတုရန်းမိုင် ၃၄၃၇၉ ဒသမ ၂၂ ရှိသည်။

အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး တောင်ကုန်းတောင်တန်း ပေါများရာ ဒေသလည်း ဖြစ်သည်။ နာမည်ကျော် ခါကာဘိုရာဇီတောင် တည်ရှိရာ ၊ ထူးဆန်းအံ့သြမှုများနှင့် ပြည့်နှက်နေသည့် ဟူးကောင်းလွင်ပြင်လည်းရှိသည်။ မြစ်ချောင်းများ ပေါကြွယ်ဝပြီး အဖိုးတန်သစ်မျိုးစုံ၊ သယံဇာတများထွက်ရှိရာ၊ ရှားပါးတိရစ္ဆာန်များ ကျက်စားရာဒေသလည်း ဖြစ်သည်။

ထိုကဲ့သို့ အဖိုးမဖြတ်နိုင်သည့် သဘာဝအလှတရားများ၊ သဘာဝအရင်းအမြစ်များ ပိုင်ဆိုင်ထားသော ကချင်ပြည်နယ်၌ ခရိုင် လေးခရိုင်ရှိပြီး မြို့နယ်ပေါင်း ၁၈ ခု၊ မြို့ ၃၀ ၊ ရပ်ကွက်ပေါင်း ၁၆၀ နှင့် ကျေးရွာပေါင်း ၂၅၄၇ ရွာတို့ဖြင့် ဖွဲ့စည်းထားသည်။

သဘာဝတရားကြီးက ပေးအပ်ထားသည့် အလှတရားများနှင့် ပြည့်နှက်နေသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်သည် ကချင်ပြည်နယ်အစိုးရအဖွဲ့သစ်တာဝန်ယူခဲ့သည့် တစ်နှစ်တာ ကာလအတွင်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်လုပ်ဆောင်လျက်ရှိသော တိုးတက်မှုပုံရိပ်များကိုလည်း တွေ့မြင်ရသည်။

### လူဦးရေ ၁၃ သိန်းကျော်

ကချင်ပြည်နယ်တွင် လူဦးရေ ၁၃သိန်းကျော်ရှိပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ နာဂစသည့် တိုင်းရင်းသားလူမျိုးများနေထိုင်ကြသည်။ ဗုဒ္ဓဘာသာကိုးကွယ်သူများလည်း ပါဝင်သည်။ ကချင်ပြည်နယ်တွင် ဌာနဆိုင်ရာအဖွဲ့အစည်းပေါင်း ၈၁ ခုရှိပြီး ပြည်သူ့ဝန်ထမ်း ငါးသောင်းကျော်တာဝန်ထမ်းဆောင်လျက်ရှိသည်။

အချပ်ပို (စ) သို့




မြစ်ကြီးနား- ဗန်းမော်လမ်းပေါ်ရှိ ဗလမင်းထင်တံတား (၂၆၈၈ ပေ) အား ခုံညားထည်ဝါစွာ တွေ့ရစဉ်



ကချင်ပြည်နယ်လွှတ်တော်အစည်းအဝေးကျင်းပစဉ်

**အချပ်ပို(င)မှ**

ကချင်ပြည်နယ်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ရှစ်သိန်းခုနစ်သောင်း ရှိသည်။ နိုင်ငံရေးပါတီ ၂၀ ရှိပြီး ရွေးချယ်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၈ ဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၃၆ ဦးရှိသည်။

**မှုခင်းကြိုတင်ကာကွယ်ရေး**

ကချင်ပြည်နယ်တွင် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း တရားစီရင်ရေးအနေဖြင့် အမှုကြီး ၁၀ မျိုးဖြစ်ပွားမှု ၂၀၊ စွဲဆိုမှု နှစ်မှု၊ လက်ကျန် ၁၈ မှု၊ အခြားအမှု ခုနစ်မျိုးဖြစ်ပွားမှု ၁၄၈ မှု၊ စွဲဆိုမှု ၁၉ မှု၊ ပိတ်သိမ်းမှု တစ်မှု၊ အမှုလက်ကျန် ၁၂၈ မှု၊ ကြိုတင်ကာကွယ်မှု ၁၀ မျိုး၊ ဖြစ်ပွားမှု ၂၃၂ မှု၊ စွဲဆိုမှု ၁၀၅ မှု၊ အမှုလက်ကျန် ၁၂၇ မှု ရှိသည်။

ပြည်နယ်လုံခြုံရေးကို တပ်မတော်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့များအနေဖြင့် ကာကွယ်ရေး၊ လုံခြုံရေးကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူ့စစ်များကလည်း ကူညီကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။

**စပါးစိုက်ဧက လေးသိန်းလေးသောင်းကျော်**

ကချင်ပြည်နယ်သည် အဓိကသီးနှံ ၁၀ မျိုးကို စိုက်ပျိုးလေ့ရှိသည်။ စပါးစိုက်ဧက စုစုပေါင်း လေးသိန်းလေးသောင်းကျော်ရှိပြီး တစ်ဧကအထွက်နှုန်း ၆၈ ဒသမ ၇၂ တင်း ထွက်ရှိနေရာ စုစုပေါင်း ၂၅၁၀၄၈၀၆ တင်းထွက်ရှိပြီး ဖူလုံမှုရာခိုင်နှုန်းမှာ ၁၂၂ ဒသမ ၄၃ ရာခိုင်နှုန်းဖြစ်သည်။ တစ်ပြည်နယ်လုံးအနေဖြင့် ဆန်ဖူလုံမှုရှိသည်။ စားသုံးဆီလိုအပ်မှုမှာ ၁၆၀၉၆ မက်ထရစ်တန်လိုအပ်ပြီး ထုတ်လုပ်မှုမှာ ၁၇၆၂၂ ဒသမ ၆၅ မက်ထရစ်တန်ဖြစ်သဖြင့် ဆီဖူလုံမှုမှာလည်း ၁၀၉ ရာခိုင်နှုန်းရှိသည်။

ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ဘဲများကို မွေးမြူထားရှိပြီး အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ ထုတ်လုပ်လျက်ရှိရာ ဒေသတွင်းစားသုံးရန် ဖူလုံမှုရှိသည်။

ကချင်ပြည်နယ်အတွင်း ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများရှိပြီး ဒေသအတွင်း ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ဖန်တီးဆောင်ရွက်ပေးလျက်ရှိသည်။

**တွင်းထွက်ပစ္စည်းထုတ်လုပ်မှု**

ကချင်ပြည်နယ်အတွင်း တွင်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင် ခဲမဖြူ ၉ ဒသမ ၀၇၉ တန် ထုတ်လုပ်ခဲ့သည်။ ကျောက်မျက်ထုတ်လုပ်မှုအနေဖြင့် ရွှေ ၇၃၀ ဒသမ ၈၀ ပိဿာ၊ ကျောက်စိမ်းထုတ်လုပ်မှုအနေဖြင့် နိုင်ငံတော်နှင့် အကျိုးတူကျောက်မျက်ကုမ္ပဏီများမှ တူးဖော်ထွက်ရှိမှု ၁၀၆၄၀ ဒသမ ၁၆၅ တန်၊ တန်ဖိုးကျပ်သန်း ၃၁၃၁၆ ဒသမ ၂၃၈၊ ရတနာ အခွန် ကျပ်သန်း ၆၂၆၃ ဒသမ ၂၄၇ နှင့် ပုဂ္ဂလိက ကျောက်မျက်ကုမ္ပဏီများမှ တူးဖော်ထွက်ရှိမှု ၁၃၄၄၃ ဒသမ ၉၈၈ တန်၊ တန်ဖိုးကျပ်သန်း ၃၃၇၂၈ ဒသမ ၂၀၇၊ ရတနာအခွန် တန်ဖိုး ကျပ်သန်း ၆၇၁၃ ဒသမ ၄၉၈နှင့် ရတနာအခွန်ကောက်ခံရရှိသည်။

ကချင်ပြည်နယ်၏ ဆွဲဆောင်မှုတစ်ခုဖြစ်သည့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ကို ၁၉၉၆ ခုနှစ်တွင် ခါကာဘိုရာဇီသဘာဝနယ်မြေအဖြစ် ကြေညာခဲ့ပြီး ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ကြေညာခဲ့သည်။ အမြင့်ပေ တစ်သောင်းကျော်မြင့်သည့် ဆီးနှင်းဖုံးတောင်ထွတ်၊ ရေတံခွန်များ၊ ဟိမဝန္တာ အရှေ့ဖျားဒေသ ဇီဝမျိုးစုံတည်ရှိခြင်း၊ ထူးခြားသည့် နို့တိုက်သတ္တဝါများဖြစ်သော ပန်ဒါနီ၊ သားမင်း၊ တောင်ဆိတ်နီ၊ ကတိုးဂျီဖက်ဂျီ၊ စကလေတာ မိုနာရစ်၊ ရေခဲတောင်ဆိတ်၊ ဇာမဏီငှက်၊ ရေခဲတောင်စာ၊ တွားသွားသတ္တဝါများ၊ လိပ်ပြာများနှင့် သစ်ခွများလေ့လာတွေ့ရှိနိုင်၍ နိုင်ငံခြားခရီးသွားလုပ်ငန်းအတွက် များစွာ အထောက်အကူပြုသည်။

၂၀၁၄ ခုနှစ်တွင် တည်ထောင်ခဲ့သည့် ဟူးကောင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မြစ်ကြီးနားခရိုင် တနိုင်း

**အချပ်ပို (ဆ)သို့**

မေခဝန်ထမ်းအိမ်ရာတွင် (၄)ခန်းတွဲ လေးထပ်တိုက်များ ဆောက်လုပ်နေမှုကိုတွေ့ရစဉ်





၂၀၁၆-၂၀၁၇ ကချင်ပြည်နယ်၏ စံပြကွက်၊ စမ်းသပ်ကွက်များ ဆောင်ရွက်မှုဓာတ်ပုံမှတ်တမ်း

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ





ကချင်ပြည်နယ်အစိုးရအဖွဲ့က ပထမလေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်

အချပ်ပို (စ)မှ

မြို့နယ်တွင် တည်ရှိပြီး ၆၇၀၈ စတုရန်း မိုင်ကျယ်ဝန်းသည်။ ကျား၊ ဆင်၊ ပြောင်၊ ရေဖေလု၊ တောဘဲ၊ မန်ဒါလီဒင်ကျီး၊ အောင်လောင်ပိန်ညှင်းနှင့် ငှက်ကြီးဝံပို စသည့် ရှားပါး ရေပျော်ငှက်အမျိုးမျိုးနှင့် ကုန်းတွင်းငှက်မျိုးစိတ်များ၊ နို့တိုက်သတ္တဝါများ၊ ရေနေငါးမျိုးစိတ်များ တွေ့ရှိရသည်။ ကြိမ်၊ သစ်ခွနှင့် ဆေးဖက်ဝင် အပင်မျိုးစိတ်များ ပေါက်ရောက်လျက်ရှိသည်။ ကျားအပါအဝင် ဇီဝမျိုးစုံ မျိုးကွဲတို့ကို ထိန်းသိမ်းကာကွယ်ရန်၊ ချင်းတွင်းမြစ်၏ မြစ်ဖျားခံရာဒေသကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း တိုးတက်စေရန်ရည်ရွယ်တည်ထောင်ခြင်းဖြစ်ကြောင်း သိရသည်။

## ရေလှောင်ဆည်များနှင့် မြစ်ရေစီမံကိန်း

ကချင်ပြည်နယ်အတွင်း ဆည်ငါးခု၊ ကိုယ့်အားကိုယ်ကိုး ဆည်ငယ်များ၊ ရေလှောင်စုစုပေါင်း ၄၆၂ ခုနှင့် မြစ်ရေစီမံကိန်း ငါးခုရှိပြီး စိုက်ပျိုးမြေဧကများစွာကို ရေပေးဝေလျက်ရှိသည်။

ထို့အပြင် ကချင်ပြည်နယ်အစိုးရအဖွဲ့သည် အခွန်ရငွေကျပ် ၇၇၀ ဒသမ ၈၉၇ သန်းဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အနက်မှ လုပ်ငန်းနှစ်ခုကို ဌာနအစီအစဉ်ဖြင့် ဆောင်ရွက်ရန် လျာထားသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)အနေဖြင့် ပြည်နယ်အစိုးရမူလခွင့်ပြုရန်ပုံငွေ၊ သာမန်အသုံးစရိတ်ဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းကိုးခုကို ဌာနအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

## လမ်း/တံတားများ တည်ဆောက်

ကချင်ပြည်နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ပြည်နယ်လမ်းဦးစီးဌာန လမ်း/ တံတားဆောင်ရွက်ခဲ့မှုအခြေအနေမှာ မူလရှိပြီးသား ကတ္တရာလမ်း ၆၇၄/၆ မိုင်ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်(ယခုနှစ်) ကတ္တရာလမ်း ထပ်မံဆောင်ရွက်မှုမှာ ၇၄/၃ မိုင်ဖြစ်သည်။ တံတားများ ဆောက်လုပ်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် Box Culvert အပါ ပေ ၁၈၀ အောက်တံတားအစင်း ၆၅၀ နှင့် ပေ ၁၈၀ အထက် တံတားရှစ်စင်း တည်ဆောက်နိုင်ခဲ့သည်။

မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းကို မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်လုပ်ငန်းစီမံချက်အရ မိုင် (၃၂/၇ မှ ၅၂/၇)ထိ မိုင် ၂၀ ကတ္တရာခင်းခြင်းလုပ်ငန်းမှာ အမာခံသဲကျောက်ခင်းခြင်းလုပ်ငန်း မိုင် ၂၀ ပြီးစီးပြီဖြစ်ပြီး ကွန်ကရစ်အခြေခံလွှာခင်းခြင်းလုပ်ငန်းမှာ လဝါးဘက်မှ စတင်၍ မီတာ ၃၀၀ ခင်းပြီးဖြစ်သည်။ Box Culvert ၄၅ ခု၊ ကွန်ကရစ်ရေပွန် ရှစ်ခု၊ ဝဲ/ယာကွန်ကရစ် ရေမြောင်းဝဲဘက် ၁၁၅၆၃ ပေ၊ ယာဘက် ၁၃၃၅၈ ပေဆောင်ရွက်ပြီးဖြစ်သည်။ တံတားကြီးသုံးစင်းလည်း တည်ဆောက်လျက်ရှိသည်။

မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်းသည် ပြည်ထောင်စုလမ်းမကြီးဖြစ်၍ ၁၂ လရာသီသွားလာနိုင်ရေးအတွက် စီမံကိန်းရေးဆွဲပြီး ပွက်တန်းနေရာများအား တောင်ချဲ့၍ ကွန်ကရစ်လမ်းခင်းခြင်း၊ မြစ်ကြီးနားမှ တီယန်စွတ်ကြား ၃၄ ပေ အကျယ် တောင်ချဲ့ခြင်း၊ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်တွင် မြစ်ကြီးနားမှ တီယန်စွတ်ရွာအထိ တောင်ချဲ့ခြင်းလုပ်ငန်းများပြီးစီးမည်ဖြစ်သည်။

## အပန်းဖြေနေရာများ

ကချင်ပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအနေဖြင့် ဟိုတယ်ပေါင်း ၂၆ ခုဖြင့် ပြည်တွင်း ပြည်ပ ခရီးသည်များကို ဝန်ဆောင်မှုပေးလျက်ရှိသည်။ မိုတယ်၊ တည်းခိုခန်း ၂၆၈ ခန်းရှိသည်။ မြစ်ကြီးနားမြို့၏ မြစ်ဆုံနှင့် ကရိန်နေ့ာ်နေရာများမှာ အပန်းဖြေနေရာများဖြစ်သည်။

ကချင်ပြည်နယ်တွင် ပြည်သူ့ပိုင်ဈေး ၃၂ ခုရှိပြီး အစိုးရဘဏ် ၁၆ ခု၊ ပုဂ္ဂလိကဘဏ် ၁၉ ခုတို့ဖြင့် ပြည်သူများကို ဘဏ်ဝန်ဆောင်မှုပေးလျက်ရှိသည်။

ပြည်သူများသောက်သုံးရေ ဖူလုံစေရေးအတွက်လည်း သောက်သုံးရေ စက်ရုံပေါင်း ၆၇ ခုမှ တစ်ရက်ထုတ်လုပ်မှုဂါလန်မှာ သုံးသိန်းကျော်ဖြင့် အိမ်ခြေစုစုပေါင်း တစ်သောင်းသုံးထောင်ကျော်ကို ဖြန့်ဖြူးပေးနေသည်။

၂၀၁၆-၂၀၁၇ ခုနှစ်တွင် ကချင်ပြည်နယ်အတွင်း အခွန်အကောက်ခံရရှိမှု ငွေကျပ် ၁၉၀၆၀၆၅၉၁၄၉ ရှိခဲ့သည်။ ထုတ်လုပ်မှုတန်ဖိုး ၂၀၁၃၂၀ ဒသမ ၈ သန်း၊ ကုန်သွယ်မှုတန်ဖိုးငွေကျပ် ၂၃၀၉၈၄ ဒသမ ၆ သန်း၊ အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးငွေကျပ် ၁၁၂၁၇၆၈ ဒသမ ၀၁ သန်းဖြစ်ပြီး တစ်ဦးချင်းဝင်ငွေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၈၅၂၅၄၂ ကျပ် ဖြစ်သည်။

## အလုပ်လုပ်သူ နှစ်သိန်းကျော်

ကချင်ပြည်နယ်အတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းအလိုက် အလုပ်လုပ်ကိုင်သူ ဦးရေ နှစ်သိန်းကျော်ရှိသည်။ အလုပ်လက်မဲ့ဦးရေမှာ ငါးသိန်းကိုးသောင်းကျော်ဖြစ်ပြီး အလုပ်လက်မဲ့နှုန်း ၂၅ ဒသမ ၇၁ ရာခိုင်နှုန်းဖြစ်သည်။ ကချင်ပြည်နယ်အတွင်း ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအနေဖြင့် ကချင်ပြည်နယ်အတွင်း တည်ဆောက်ကာ ဓာတ်အားခွဲရုံများမှာ ၆၆ / ၁၁ ကေဗွီဓာတ်အားခွဲရုံ ၁၂ ရုံ၊ ၁၃၂/၆၆/၁၁ ပင်မဓာတ်အားခွဲရုံ နှစ်ရုံရှိပြီး ဖားကန့်မြို့တွင် ၆၆/၁၁ ကေဗွီနှင့် မိုးညှင်းမြို့နယ်တွင် ညောင်ပင်ဓာတ်အားခွဲရုံ ၃၃/၁၁ ကေဗွီတို့မှာ တည်ဆောက်လျက်ရှိသည်။

မြို့ပေါင်း ၃၀၊ ကျေးရွာပေါင်း ၇၉၈ ရွာမှာ လျှပ်စစ်မီးရရှိနေပြီး မီးလင်းရန် ၁၇၅၅ ရွာကျန်ရှိနေသည်။ ပူတာအိုနှင့် မချမ်းဘောမြို့နယ်များ လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် ပူတာအိုမြို့၏ အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာ နမ့်ထွမ်ချောင်းပေါ်တွင် ၃ ဒသမ ၂မဂ္ဂါဝပ်ထွက်ရှိမည့် အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်လျက်ရှိပြီး ၆၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

အချပ်ပို (ဇ)သို့



ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင် ဆော့လော်မြို့နယ် ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်စဉ်



မိုးညှင်းမြို့ကြာကြီးကွင်းရေလှောင်ဆည် တည်ဆောက်ခြင်းလုပ်ငန်း

**ကျောက်စိမ်းထုတ်လုပ်မှု အနေဖြင့် နိုင်ငံတော်နှင့် အကျိုးတူကျောက်မျက်ကုမ္ပဏီများမှ တူးဖော်ထွက်ရှိမှု ၁၀၆၄၀ ဒသမ ၁၆၅ တန်၊ တန်ဖိုးကျပ်သန်း ၃၁၃၁၆ ဒသမ ၂၃၈၊ ရတနာ အခွန် ကျပ်သန်း ၆၂၆၃ ဒသမ ၂၄၇ နှင့် ပုဂ္ဂလိက ကျောက်မျက်ကုမ္ပဏီများမှ တူးဖော်ထွက်ရှိမှု ၁၃၄၄၃ ဒသမ ၉၈၈ တန်၊ တန်ဖိုးကျပ်သန်း ၃၃၇၂၈ ဒသမ ၂၀၇၊ ရတနာ အခွန် တန်ဖိုး ကျပ်သန်း ၆၇၁၃ ဒသမ ၄၉၈ နှင့် ရတနာအခွန် ကောက်ခံရရှိ**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း
တနင်္ဂနွေ၊ မတ် ၁၂၊ ၂၀၁၇



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင် စေတနာသွေးသန့် သွေးလှူရှင်အား လက်ဆောင်ပစ္စည်းပေးအပ်စဉ်

**အချပ်ပို( ဆ )မှ**

ယင်းရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပြီးစီးပါက ပူတာအိုနှင့် မချမ်းဘောမြို့ပေါ်ရပ်ကွက်များနှင့် ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာ ၁၇ ရွာတိုးချဲ့ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာတိုးချဲ့ တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပူတာအိုမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာ လေးရွာ၊ နောင်မွန်းမြို့ပေါ်ရပ်ကွက်များ၊ ဆွမ်ပရာဘွမ် မြို့ပေါ်ရပ်ကွက်များတွင် ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာတိုးချဲ့တည်ဆောက်ခြင်း၊ ပန်နန်းဒင်မြို့နှင့် ခေါင်လံဖူးမြို့တို့ ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေး ဒီဇယ်ဓာတ်အားပေးစက်များ ဝယ်ယူနိုင်ရန်လည်း လျာထားဆောင်ရွက်လျက်ရှိသည်။

**မြို့ပြဖွံ့ဖြိုးတိုးတက်ရေး**

မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးရန်ပုံငွေအပြင် ပြည်သူများ၏ ထည့်ဝင်ရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်း ၁၆ လမ်း ၁/၂ ဒသမ ၂၇ မိုင်၊ ကတ္တရာလမ်း ၁၁၂ လမ်း ၁၉/၃ ဒသမ ၇၀ မိုင်၊ ကျောက်လမ်း ၁၈ လမ်း ၂/၁ ဒသမ ၀၀ မိုင်၊ သဲကျောက်လမ်း ၃၁ လမ်း ၄/၃ ဒသမ ၁၃ မိုင်တို့အား ၂၁၆၇ ဒသမ ၉၀ သန်းတို့ဖြင့် လည်းကောင်း၊ ရေပေးဝေရေးလုပ်ငန်းအနေဖြင့် စက် ရေတွင်း နှစ်တွင်း၊ လက်တူးတွင်းတစ်တွင်း၊ အခြား ၂၄ ခုတို့ကို ၁၀၆ ဒသမ ၃၆ သန်းတို့ဖြင့် လည်းကောင်း၊ တံတားလုပ်ငန်းများအနေဖြင့် ကွန်ကရစ်တံတား ၉၁ စင်း၊ အုတ်ခုံသစ်သားတံတား ရှစ်စင်း၊ ရေပြွန် ၂၈ ခု၊ အခြားလုပ်ငန်း ၁၁ ခု စုစုပေါင်း ၆၁၂ ဒသမ ၆၇ သန်းတို့ ဆောင်ရွက်နိုင်ခဲ့သည်။



ရဝမ်ယဉ်ကျေးမှုရိုးရာပွဲတော် (ဒဘူအဇီးခေါင်) ၂၀၁၆ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်

နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးအနေဖြင့် နှစ်ဖက်ဌာနဆိုင်ရာများ ကုန်သွယ်မှုနှင့် ပတ်သက်၍ သုံးလတစ်ကြိမ် ခြောက်လတစ်ကြိမ် အပြန်အလှန် ဆွေးနွေးမှုများရှိသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကန်ပိုက်တီ/ လွယ်ဂျယ်စခန်းများမှ ပို့ကုန်တန်ဖိုး ဒေါ်လာ ၂၀၉ ဒသမ ၁၅၃ သန်းတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ဒေါ်လာ ၄၈ ဒသမ ၉၀၀ သန်းခန့်ရှိခဲ့ရာ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၂၅၈ ဒသမ ၀၅၃ သန်းဆောင်ရွက်နိုင်ခဲ့သည်။

**ဆရာနှင့် ကျောင်းသားအချိုး ၁း၂၅**

ပညာရေးကဏ္ဍအနေဖြင့် တက္ကသိုလ်၊ ကောလိပ် သိပ္ပံကျောင်း ၁၁ ကျောင်းရှိသည်။ ဆရာ ဆရာမဦးရေ ၉၄၆ ဦးရှိပြီး ကျောင်းသား ကျောင်းသူဦးရေ နှစ်သောင်း သုံးထောင်ကျော်ရှိရာ ဆရာနှင့် ကျောင်းသားအချိုးမှာ ၁ း ၂၅ ဖြစ်သည်။ အခြေခံပညာအထက်တန်းကျောင်း ၈၄ ကျောင်းရှိပြီး ဆရာ ဆရာမဦးရေ သုံးထောင့်ရှစ်ရာကျော်၊ ကျောင်းသား ကျောင်းသူဦးရေ တစ်သိန်းနှစ်သောင်းကျော်ရှိရာ ဆရာနှင့် ကျောင်းသားအချိုး ၁း၃၂ ဖြစ်သည်။

အလယ်တန်းကျောင်း ၁၁၉ ကျောင်းရှိပြီး ဆရာ ဆရာမဦးရေ နှစ်ထောင့်လေးရာကျော်၊ ကျောင်းသား ကျောင်းသူဦးရေ ခုနစ်သောင်း သုံးထောင်ကျော်ရှိရာ ဆရာနှင့် ကျောင်းသားအချိုး ၁း၃၀ ဖြစ်သည်။ မူလတန်းကျောင်း တစ်ထောင့်နှစ်ရာကျော်ရှိပြီး ဆရာ ဆရာမဦးရေ ခုနစ်ထောင့်နှစ်ရာကျော် ၊ ကျောင်းသား ကျောင်းသူဦးရေ တစ်သိန်းလေးသောင်းကျော်ရှိရာ ဆရာနှင့်ကျောင်းသားအချိုး ၁း၁၉ ဖြစ်သည်။ ကျောင်းနေအရွယ်ကလေးငယ် ကျောင်းအပ်နှံနိုင်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ငါးနှစ်ပြည့်ကလေး ကျား -၁၅၃၅၃ ဦး၊ မ- ၁၄၉၀၈ ဦးရှိသည်။ ကျောင်းအပ်နှံမှု ၉၈ ဒသမ ၉၉ ရာခိုင်နှုန်းဖြစ်သည်။

အစိုးရနည်းပညာအထက်တန်းကျောင်း(မြစ်ကြီးနား)တွင် ကျောင်းသားများ လက်တွေ့သင်ယူနေစဉ်



တက္ကသိုလ်ဝင်တန်းအောင်မြင်မှုအနေဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၂၉ ဒသမ ၇၄ ရာခိုင်နှုန်းရှိသည်။ စာတတ်မြောက်မှုရာခိုင်နှုန်းအနေဖြင့် ၉၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြစ်သည်။ ကချင်ပြည်နယ်အတွင်း စာကြည့်တိုက်ပေါင်း ၁၀၁၆ ခုရှိပြီး ပြည်သူများ အသိပညာ၊ အတတ်ပညာ ပွင့်လင်းလာစေရေးအတွက် တစ်ပြည်နယ်လုံးအတွင်း စာကြည့်တိုက်များ ထပ်မံတိုးချဲ့ဖွင့်လှစ်လျက်ရှိသည်။

**ကျန်းမာရေးဝန်ဆောင်မှု**

ကျန်းမာရေးအနေဖြင့် အစိုးရဆေးရုံ ၅၈ ခု၊ ပုဂ္ဂလိက ၁၃ ခုဖြင့် ပြည်သူများကို ကျန်းမာရေး ဝန်ဆောင်မှုပေးလျက်ရှိသည်။ အစိုးရဆေးပေးခန်း ၁၅ ခုနှင့် ပုဂ္ဂလိက ၆၅ ခု စုစုပေါင်း ၈၀ ရှိသည်။ ကျေးလက်ကျန်းမာရေးဌာန ၇၁ ခုရှိပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၈၇ ခု ဖွင့်လှစ်ကာ မြို့ပေါ်သာမက ကချင်ပြည်နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေးဝန်ဆောင်မှုများ ပေးလျက်ရှိသည်။ ပြည်သူများကို ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုတိုးမြှင့်ပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်တွင် ဘောလုံးကွင်း ၁၀ ကွင်း၊ တင်းနစ်ကွင်းခြောက်ကွင်း၊ ဂေါက်ကွင်း ငါးကွင်း၊ အလေးမရုံနှစ်ရုံရှိပြီး အားကစားရုံများ ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ သင်တန်းများ ပေးခြင်း၊ လူထုအားကစားလှုပ်ရှားမှုများ ပြုလုပ်ခြင်းဖြင့် အားကစားအဆင့်အတန်းမြင့်မားရေးအတွက် ကချင်ပြည်နယ်အစိုးရကကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။


**စွန့်လွှတ်မြေများအား မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်**

ကချင်ပြည်နယ်အတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ စွန့်လွှတ်မြေများအား မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနမှ နိုင်ငံတော်ပိုင်မြေ (State Land) အဖြစ် အမိန့်ကြော်ငြာစာများ ထုတ်ပြန်သတ်မှတ်ဆောင်ရွက်ခဲ့သည်။

ကချင်ပြည်နယ်သည် တည်ငြိမ်အေးချမ်းမှုသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုထက်ပို၍ ဆောင်ရွက်နိုင်မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်သည်။

ကချင်ပြည်နယ်တစ်ခုလုံး ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်အောင် ၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာအောင်၊ ပညာရေးကို ပိုမိုအလေးထားပြီး ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေခွင့်ရ၍ ပြည်နယ်အတွက် ထူးချွန်သည့်ပုဂ္ဂိုလ်များ ပေါ်ထွက်လာအောင်၊ ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်၊ ပြည်နယ်အတွင်း အခြေခံကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရပြီး ပြည်သူအားလုံး စိတ်ချမ်းသာစွာနေထိုင်ခွင့်ရအောင် ကချင်ပြည်နယ်အစိုးရကလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သဘာဝတရားထံမှ လက်ဆောင်ရထားသည့် ကချင်ပြည်နယ်၏ အလှတရားများကို ပြည်သူအားလုံးက ချစ်တတ်၊ ခံစားတတ်လာပြီး ကချင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အတူလက်တွဲ ပူးပေါင်းပါဝင်နိုင်ကြစေကြောင်း ဆုမွန်တောင်းရင်းဖြင့်။ ။



ဖားကန့်မြို့ပေါ်ရှိ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ၁၁ ကေဗွီဓာတ်အားလိုင်း ၄၀၀ ဗို့ တပ်ဆင်ထားမှုကို တွေ့ရစဉ်